

ထိုက်စာပေ
လုံးချင်းဝတ္ထုသစ်
၁ မေမြတ်နိုး
အာကိုးခဲ့
2008

### ဒို့အကြောင်းအရာသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❋ ၅၀၀၄၀၁၀၃၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❋ ၅၀၀၄၀၈၀၃၀၈ |
| ထုတ်ဝေခြင်း | ❋ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | ❋ ၅၀၀ |
| တန်ဖိုး | ❋ ၁၀၀ |
| ထုတ်ဝေသူ | ❋ ဒေါ်ခိုင်းသင်ငွေးလှိုင် (အောင်ပိုင်မင်းစာပေ) အမှတ် (၂၂)၊ စက်ရုံလမ်း၊ ဒေါပုံမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | ❋ ဦးကျော်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်) အမှတ် (၂၂၅)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ❋ ဦးတိုးခင်း (နေလရောင်ပုံနှိပ်တိုက်) အမှတ် (၉၆/၁)၊ ၁၁-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |




# အရိုးခံ

## မေမြကင်း

"ဟောဟဲ ... ဟောဟဲ"

လမ်းတောက်လျှောက် သူပြေးလွှားလာခဲ့ရသဖြင့် တအားပင်ပန်းနွမ်းဟိုက်နေသည်။ ဘေးပတ်ဝန်းကျင်တစ်ခုလုံးကလည်း မှောင်မှောင်နှင့်မည်းမည်း။ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။

ဒါပေမဲ့ သူကတော့ မောပန်းနေသည့်ကြားမှ ပြေးနေဆဲ ...။ သူ တစ်စုံတရာဆီသို့ ဦးတည်ပြီးပြေးနေဆဲ ...။

"သား ... လူလေး ... မောနေပြီလားကွဲ့"

မှောင်မှောင်နှင့်မည်းမည်းတွင် ပြေးနေရင်း ရုတ်တရက် အေးမြသော အသံတစ်သံကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။ သူ ဦးတည်ရာကိုတွေ့ပြီ ... မောရကျိုးနပ်ပြီ။

သိမ့်ထိုက် စာပေ

မှောင်မည်းနေသော သူ့ပတ်ဝန်းကျင်သည် တစ်မုဟုတ်ချင်း လင်းလက်လာပြီး သူ့ရှေ့တွင် ပြုံးပြုံးပြက်ပြက်နှင့် လင်းလက်နေသော အရာတစ်ခုကို မြင်တွေ့လိုက်ရသည်။

"အမေ"

သူ့ရင်ထဲမှ ဝမ်းသာအားရနှင့် လှိုက်လှိုက်လှဲလှဲ ကြည်ကြည်နူးနူးခေါ်လိုက်သည်။

"သား ... လူလေး ... တော်တော်မောနေပြီလားကွဲ့ ... သားကို အမောပြေအောင် အမေ ရေစင်တိုက်မယ်နော်"

အမေက သူ့ကို ညင်ညင်သာသာ အေးအေးဆေးဆေးပြောပြီး ကြင်နာစွာဖြင့် လက်ထဲမှာ အသင့်ယူဆောင်လာသော ရေတကောင်းထဲမှရေကို သူ့အား တိုက်လိုက်သည်။

အမေရဲ့ မေတ္တာစေတနာတွေ, အကြင်နာတွေ, နွေးထွေးမှုတွေ ပါဝင်ပေါင်းစပ်ထားသော အမေ့ရေအေးအေး သောက်လိုက်ရတဲ့အချိန်မှာ သူ့တစ်ကိုယ်လုံး စိမ့်ဝင်အေးမြသွားပြီး အားအင်တွေပြည့်ဝကာ လန်းဆန်းသွားသည်။

အမေ့ကို ချစ်ခင်လေးစားအားကိုးသည့်အကြည့်ဖြင့် သူမော့ကြည့်လိုက်သည်။

အမေကလည်း သူ့ကို ကြည်လင်အေးမြသောအပြုံး၊ ချစ်ခြင်းမေတ္တာအပြည့်ပါဝင်သော အပြုံးတို့ဖြင့် ပြန်လည်ပြုံးကြည့်





နေစဉ် ရုတ်တရက် သူ့မြင်ကွင်းရှေ့မှ အမေ ဖျတ်ခနဲ ကွယ်ပျောက်သွားသည်။

"ဟင် ... အမေ ... အမေရော ... အမေ ဘယ်ရောက်သွားပြီလဲ ... အမေ"

သူ ထိတ်လန့်တကြားဖြင့် အရပ်လေးမျက်နှာ ရှာဖွေကြည့်ပါသော်လည်း အမေ့အရိပ်အယောင်မျှပင် မတွေ့။

သူ ဝမ်းနည်းကြေကွဲစွာဖြင့် အမေ့ကို တမ်းတမ်းတတအော်ခေါ်လိုက်သည်။

"အမေ ..."

“အူး ...ဝူး ...ဝူး ...အစ်”

အမေပျောက်သွားသဖြင့် အထိတ်တလန့်ဖြင့် အော်ခေါ်လိုက်သော သူ့အသံသည် အပြင်သို့ လိုချင်သည့်သံစဉ်ဖြင့် ထွက်မလာခဲ့။

“လူလေး ... ရွှေအ ... အိပ်မက်,မက်ပြန်ပြီလားကွဲ့”

အသံနှင့်အတူ မီးဖိုဘက်မှနေ၍ ရွှေအ,အိပ်နေသော ဘုရားစင်အောက်သို့ ကူးလာသော ကြီးမှတ်က ရွှေအ,ကို ရေတစ်ခွက်ခပ်ပြီး တိုက်လိုက်သည်။

ကြီးမှတ်တိုက်သောရေကိုသောက်ရင်းမှ . အိပ်မက်ထဲမှ အမေတိုက်သောရေအေးအေးကို သတိရမိသဖြင့် ရွှေအ,တဒင်္ဂမျှ

ငိုင်တွေတွေဖြစ်သွားရသည်။

"လူလေး ... မင်းအမေကို အိပ်မက်,မက်ပြန်ပြီလား"

"အူး ... အစ်"

ရွှေအ ဗလုံးဗထွေးဖြင့် ခေါင်းကို အဆက်မပြတ်ညိတ်ပြလိုက်ပြီး ကြီးမှတ်ကို ဖြေလိုက်သည်။ ကြီးမှတ်က ရွှေအ,ရဲ့ ခေါင်းကို ကြင်နာစွာ ပွတ်သပ်ပေးရင်း ...

"ဩော် ... လူလေးရယ် မင်းက အစွဲအလမ်းသိပ်ကြီးတာကိုး၊ ဒါပေမဲ့ မင်းအမေကို အိပ်မက်,မက်ရင် ထူးထူးဆန်းဆန်း ကံကောင်းတတ်တော့ ဒီတစ်ခါလည်း လူလေးအတွက် ကံကောင်းမှာပါကွယ်"

"အဲ ... အဲ"

ရွှေအက ဝမ်းသာအားရ ထောက်ခံပြီး လက်မတစ်ချောင်း ထောင်ပြလိုက်သည်။ ပြီးတော့ သူ့ခေါင်းရင်းတွင် ထောင်ထားသော ဓာတ်ပုံမှန်ဘောင်လေးကို လှမ်းယူ၍ တယုတယဖြင့် ရင်ခွင်ထဲတွင် ပိုက်ထားလိုက်လေသည်။

"ကဲ လူလေး ... ကြီးမှတ် ထမင်းသွားချက်လိုက်ဦးမယ်နော် အစောကြီးရှိသေးတာပဲ၊ လူလေး အိပ်ချင် ပြန်အိပ်လိုက်ဦး"

ကြီးမှတ်က သူ့ကိုပြောပြီး မီးဖိုချောင်ဘက်သို့ တလှုပ်





လှုပ်ဖြင့် ဝင်သွားသည်။

ရွှေအ,က ရင်ခွင်ထဲတွင် ပိုက်ထားသော ဓာတ်ပုံလေးကို ရူးရူးနှစ်နှစ်ကြည့်ရင်း ရင်ထဲမှ အခေါက်ပေါင်းများစွာ ခေါ်ဆိုရေရွတ်နေလိုက်သည်။

"အမေ ... အမေ ... အမေ"

မှန်ပေါင်ထဲမှ ဟောင်းနွမ်းနေသည့် ဓာတ်ပုံလေးထဲမှာ အမေသည် လှပစွာဖြင့် သူ့ကို ပြုံးပြနေသည်။ ရွှေအဘဝမှာ အမေဆိုသည်ကို တစ်ခါမှ မတွေ့ဖူးလိုက်ရသလို တစ်ခါမှလည်း အမေဆိုတာကို မခေါ်ခဲ့ရဖူး။

အမေ့ကို မတွေ့ဖူးလိုက်ရခြင်းမှာလည်း အမေက သူ့ကို မွေးဖွားပြီး မီးတွင်းထဲမှာပဲ ဆုံးသွားသည်ဟု ကြီးမှတ်က ပြောသည်။ အမေဆုံးသွားတော့ အိမ်နီးချင်းဖြစ်သည့် ကြီးမှတ်က သူ့ကိုမွေးစားထားခြင်းဖြစ်သည်။

အမေ့ရဲ့တစ်ခုတည်းသော အမွေအဖြစ် အမေရဲ့ဓာတ်ပုံလေးတစ်ခုသာ ကျန်ခဲ့သည်။ ဒီဓာတ်ပုံလေးကိုလည်း နေ့စဉ်အခေါက်ပေါင်းမရေတွက်နိုင်အောင် ရွှေအ ခဏခဏ ကြည့်မိသည်။ ကြီးမှတ်ကတော့ မကြာခဏ ပြောဖူး သည်။

"လူလေးရဲ့အမေက ဆွေကြီးမျိုးကြီးထဲက ဖြစ်လိမ့်မယ်ကွဲ့၊ နာမည်လေးကလည်း နန်းဆန်ဆန်လေးပဲ ... ခင်လေးငယ်

တဲ့၊ အိမ်က သဘောမတူတဲ့သူနဲ့ ယူလိုက်လို့ ကြီးမှုပ်တို့ဘက်ကို ရောက်လာတာ၊ လူကသာ ဆင်းရဲပေမယ့် စိတ်လေးကလည်း လှ, လူကလည်း လှတယ်ကွဲ့၊ အသားအရေလေးများဆို ဝင်းအိနေတာပဲ''

ကြီးမှုတ်ပြောစကားများက မှန်ပေလိမ့်မည် ... အမေ့ရဲ့ ဓာတ်ပုံထဲတွင် အမေဝတ်ဆင်ထားသော လက်ဝတ်ရတနာများက မနည်းပေ။ အမေက သူဋ္ဌေးသမီးဖြစ်မှာပါလေ။ အမေရဲ့ရုပ်ကလေးကလည်း ကျက်သရေရှိစွာလှပနေတော့ အဆင့်အတန်းမြင့်တဲ့ထဲကပဲ ဖြစ်မှာပေါ့။

ပြီးတော့ ရွှေအ,ဘဝမှာ အမေဆိုတာကို တစ်ခါမှမခေါ်ခဲ့ရဖူး။ မခေါ်ခဲ့ရဖူးဆိုတာကလည်း သူ့ကို မွေး,မွေးချင်း အမေသေဆုံးခဲ့သလို သူကလည်း မွေးကတည်းက စကားမပြောတတ်ခဲ့။ ငယ်စဉ်ကတည်းက ဆေးကုခဲ့လျှင် ကံကောင်းထောက်မစွာ ပြောဆိုနိုင်ကောင်းလာနိုင်ပေမယ့် အမေ့ထံမှ သူ့ကိုလက်ပြောင်းမွေးစားလိုက်သော ကြီးမှုတ်မှာလည်း ပဲပြုတ်ရောင်းကာ တစ်ဝမ်းတစ်ခါးကို ရှာဖွေဖန်တီးစားသောက်နေရသောကြောင့် မည်သည့်ဆေးခန်းနားမှ မကပ်နိုင်။

ကျောင်းစာကိုတောင် စကားမပြောတတ်သဖြင့် သူများလို မူလတန်းကျောင်းကိုမပို့တော့ဘဲ ရွာဦးဘုန်းကြီးကျောင်းမှာသာ





သေစာရှင်စာရေးတတ်အောင် သင်ယူခဲ့ရသည်။ ဘဘုန်းက သူ့ဘဝအကြောင်းကို သိသူဖြစ်ပြီး သနားကရုဏာသက်စွာဖြင့် စိတ်ရှည်လက်ရှည် ပညာသင်ကြားပေးခဲ့သည်။

''ရွှေအ,ရေ လူ့ဘဝဆိုတာ ဒီလိုပဲကွ ... ရတာမလိုလိုတာမရ ဖြစ်တတ်ကြတယ်၊ ကံ, ကံ၏အကျိုးကို ရှောင်လွှဲမရဘူးကွဲ့၊ ရှေးရှေးဘဝရဲ့ အကုသိုလ်ကံအကျိုးဆက်ကြောင့် မင်းမှာ ဒီလိုဘဝမျိုးရောက်ခဲ့ရပေမယ့် စိတ်ဓာတ်ကျစရာမလိုဘူး၊ စိတ်ကောင်းစေတနာလေးထားပြီး ရတနာသုံးပါးကို အသက်ထက်ဆုံးတိုင်အောင် ရိုသေဆည်းကပ်ရမယ် ... ကြားလား၊ ကုသိုလ်ကောင်းမှုကိုလည်း တတ်နိုင်သလောက်ပြုရမယ်၊ ကိုယ်က ဆင်းရဲလို့ အလှူကြီးအဘန်းကြီးမပေးနိုင်တာတောင်မှ ငှက်လေးတွေ, ခွေးလေးတွေ, တိရစ္ဆာန်လေးတွေကို တတ်နိုင်သလောက် စွန့်ကြဲကျွေးမွေးတာလည်း အလှူပဲ၊ ဒီအလှူမျိုးကိုလည်း အမျှဝေလို့ရတယ်၊ ဘဝဆက်တိုင်းမှာ ဒီလိုဘဝမျိုးနဲ့ မကြုံရအောင် ဆုတောင်း''

ငယ်စဉ်ကတည်းက ဘဘုန်းရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းလာခဲ့ရတာမို့ ရွှေအ,က လိမ်မာယဉ်ကျေးသည်။ ဆင်းရဲပေမယ့် ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့်နှင့် နှစ်လိုဖွယ်ကောင်းသဖြင့် လူချစ်လူခင်လည်း ပေါများပါသည်။ ဒါပေမဲ့

ရွှေအ,ကတော့ တစ်ယောက်တည်းနေတာ များသည်။ သူ့အဖော်များကတော့ သူ အမြဲတမ်းအစာကျွေးနေကျ ငှက်ကလေးများ၊ ခွေးလေးများ ဖြစ်သည်။

သူက နဂိုကတည်းက စကားမပြောတတ်သဖြင့် ထွက်သမျှစကားလုံးသည် တအူးအူး တအဲအဲဖြင့်သာ ထွက်တတ်သည်။ ဒါကို သက်တူရွယ်တူကစားဖော်များက ရယ်စရာအဖြစ် သတ်မှတ်ပြီး သူ့ကို မကြာခဏနောက်ပြောင်ကြသည်။ ကြာတော့ သူတို့တွေနှင့်နေရခြင်းကို ရွှေအ,မနှစ်သက်တော့။

ဒါကြောင့် တစ်ယောက်တည်းနေတာများပြီး ခွေးကလေးတွေ၊ တိရစ္ဆာန်လေးတွေကိုတော့ သူ သဘောကျသည်။ ရွှေအပါးစပ်က ထွက်သမျှ အူး ... အူး ... အဲ ... အဲ ... စကားသံများနှင့် ရွှေအ,ရဲ့အမူအရာကိုကြည့်ပြီး ခွေးလေးတွေ၊ တိရစ္ဆာန်လေးတွေက နားလည်ကြသည်။ ပြီးတော့ သူ့ကို နောက်ပြောင်ခြင်းမရှိဘဲ ပကတိခင်တွယ်ကြခြင်းဖြစ်သည်။

ဒါကြောင့်လည်း ရွှေအက အားလျှင် သူတို့နှင့်နေသည်။ ပြီးကော့ ဘဘုန်းရဲ့တူတော်သူ ကပ္ပိယကြီး ဦးမိုးနှင့် အနေများသည်။ ဦးမိုးက သူ့ကို တရားစာပေများ၊ ပုံဝတ္ထုများ ပြောပြသည်။ ဂဏန်းသင်္ချာအတွက်အချက်ကိုလည်း သင်ပေးသည်။

ပြီးတော့ ကပ္ပိယကြီးထံမှ သူစိတ်ဝင်စားသော ပညာရပ်တစ်ခုကိုလည်း လေ့လာသင်ယူသည်။ ဒါကတော့ ပန်းရံအတတ်ပညာပင်။ ကပ္ပိယကြီးက ဘုန်းကြီးကျောင်းအတွက် လိုအပ်သော ပြင်ဆင်မှု၊ ပန်းရံလုပ်ငန်းများကို သူကိုယ်တိုင်လုပ်ပေးသည်။ ကျောင်းမှာ အလှုဆင်သည့် အင်္ဂတေ၊ ကနုတ်များ၊ အရုပ်များသည် ကပ္ပိယကြီး၏လက်ရာများပင်ဖြစ်သည်။

ဘယ်သူနဲ့မှ စကားမပြောရဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ်ပုံဖော်လုပ်ကိုင်နေရသော ဒီပန်းရံပညာကို ရွှေအ သဘောကျသည်။ ကပ္ပိယကြီးထံမှ နည်းနာများယူပြီး ကိုယ်တိုင်လည်း ဝင်ရောက်လုပ်ကိုင်ကူညီပေးသည်။

ကပ္ပိယကြီးကလည်း သူ့ကို အုတ်စီ၊ ပလာစတာ၊ ကြွေပြား၊ ကနုတ်၊ အချောကိုင် စသည့် ပန်းရံအတတ်ပညာများကို ဆရာစားမချန်သင်ပေးခဲ့သဖြင့် ရွှေအ,က ပန်းရံပညာတွင် တော်တော်ထူးချွန်လက်ရာကောင်းလှသည်။

ရွှေအ,ဘဝမှာ ထူးထူးခြားခြား အမေနှင့်ပတ်သက်သော အဖြစ်များကို မကြာခဏ ကြုံတွေ့ရဖူးသည်။ သိတတ်သည့်အရွယ်ကစ၍ အမေ့ဓာတ်ပုံကို တမ်းတမ်းတတဖြင့် နေ့စဉ်နေ့တိုင်းကြည့်ရှုနေခဲ့၍ စိတ်ထဲမှာ စွဲလမ်းခြင်းကြောင့်လားတော့မသိ။

အမေနှင့်ပတ်သက်၍ အိပ်မက်မကြာခဏမက်တတ်သည်။ အိပ်မက်ထဲတွင် အမေသည် အမြဲတမ်း လင်းလက်

တောက်ပနေသည်။ ပြီးတော့ သူ့ကို ရေတစ်ခွက်အမြဲတိုက်သည်။ အမေတိုက်လိုက်သော ရေအေးအေးကိုသောက်လိုက်တိုင်း ရွှေအ, တစ်ကိုယ်လုံး အားအင်တွေပြည့်ဖြိုးသွားသလို ခံစားရသည်။

ပြီးတော့ အိပ်မက်ထဲမှာ အမေ့ကို "အမေ" ဟု ဝမ်းသာအားရခေါ်ခွင့်ရှိသည်။ ခေါ်လို့ရသည်။ အဲဒီလိုခေါ်လိုက်သည့်အခါတိုင်း ရွှေအ,ရင်ထဲမှာ အတိုင်းမသိ ပျော်ရွှင်ကြည်နူးစွာ ခံစားရသည်။ ဒါပေမဲ့ သူ့ရဲ့ပျော်ရွှင်ကြည်နူးမှုလေးတွေ မဆုံးခင်မှာပဲ အမေက ရုတ်တရက်ပျောက်သွားသည်။

အမေ့ကို တမ်းတမ်းတတအော်ခေါ်ရင်း နေရာအနှံ့ ရှာဖွေနေဆဲမှာပင် အိပ်မက်က အမြဲတမ်းလန့်နိုးလာတတ်သည်။ အမေ့ကို အိပ်မက်,မက်ပြီးတိုင်း ရွှေအတစ်ယောက် အမြဲတမ်း ကံကောင်းတတ်သည်။ တိုက်ဆိုင်မှုပဲလားတော့ မသိ။ ငယ်စဉ်က အိပ်မက်,မက်ပြီးသည့်နောက်ရက်များတွင် ရွှေအ,ထံသို့ ကစားစရာများ၊ စားစရာများအကြောင်းကြောင်းဖြင့် လက်ဆောင်ရရှိလာတတ်သည်။

သူ နည်းနည်းလေး ကြီးလာတုန်းကလည်း ဒီလိုပဲ အိပ်မက်မက်ပြီး နောက်ရက်မှာ သူ ခွေးတွေ,ငှက်လေးတွေကို အစာကျွေးနေရင်းနဲ့ သူ့ခြေထောက်အောက်က လက်စွပ်လေး တစ်ကွင်း ကောက်ရခဲ့သည်။





ပိုင်ရှင်ရှိလျှင်လာယူနိုင်စေရန် လူကြီးတွေကို အကြောင်းကြားပြီး ဘအုန်းဆီမှာ အပ်နှံထားလိုက်သည်။ သုံးလခန့်ကြာသည့်တိုင်အောင် ပိုင်ရှင်ပေါ်မလာ၍ အများ၏သဘောတူဆုံးဖြတ်ချက်ဖြင့် ထိုရွှေလက်စွပ်လေးကိုရောင်းပြီး ရွှေအ,ကို ရှင်ပြုကာ ကိုရင်ဝတ်ပေးလိုက်သည်။ ကြီးမှတ်က ဒေါ့အ ကိုရင်ဝတ်ပွဲမှာ မျက်ရည်တွဲလဲ ...

"ခင်လေးငယ်ရေ ...ညည်းကတော့ ညည်းသား အပေါ် တာဝန်ကျေပါတယ်ကွယ်၊ အခုလည်း သားရှင်ပြုတဲ့ ကုသိုလ်ကောင်းမှုတွေကို ညည်းကို အမျှပေးပါတယ်၊ ရောက်ရာဘုံဘဝက သာဓုခေါ်ပါအေ ... အဟင့် ...ဟင့် ...အမျှ ...အမျှ ...အမျှ ...ယူပါ"

အဲဒီတုန်းက ကြီးမှတ် ဘာဇတွပြောနေမှန်း နားမလည်ပေမယ့် အမေ့ကို သတိရပြီး သူလည်း မျက်ရည်ကျခဲ့ရသည်။ နောက်ပိုင်း ကြီးမှတ်က အသက်လေးကလည်း ရလာ၊ အရင်က ပင်ပန်းခဲ့သောဒဏ်များကလည်း ပိလာသဖြင့် ပဲပြုတ်မှန်မှန် မရောင်းနိုင်တော့။ ဒီတော့ စားဝတ်နေရေးအတွက် အနီးအနားပတ်ဝန်းကျင်မှာ ရွှေအ ပန်းချီအလုပ် ဝင်လုပ်ရသည်။ ရွှေအလက်ရာက သေသပ်ပြီး ကောင်းမွန်သဖြင့် အလုပ်အပ်သူများက သဘောကျကြသည်။ တတ်သိနားလည်သူတွေကလည်း သူ့ကို

အကြံဉာဏ်ပေးကြသည်။

"ရွှေအ,ရာ ... မင်းရဲ့ပန်းရံလက်ရာက တော်တော်ကောင်းတယ်ကွ၊ ဒီလိုလက်ရာကောင်းကောင်းနဲ့ဆို ရန်ကုန်မှာလက်ခကောင်းကောင်းရနိုင်တယ်ကွ၊ ကြီးမှတ်အတွက်လည်း ရန်ကုန်မှာဆို ဆရာဝန်ကောင်းကောင်းနဲ့ ပြနိုင်တယ်၊ ဒီတော့ ရွှေအ မင်း ရန်ကုန်သွားနိုင်အောင် ကြိုးစားကွာ"

"ရန်ကုန်"

'ရန်ကုန်' ဆိုသော အသံကြားလိုက်ရသည်နှင့် ရွှေအ, တစ်ကိုယ်လုံး သွေးတွေဆူဝေလာသလို ခံစားလိုက်ရသည်။ တစ်ကြိမ်တစ်ခါမှ မရောက်ဖူး၊ မပြောဖူးပါပဲနှင့် စိတ်ထဲမှာ အဲဒီမြို့ကို ရင်းနှီးကျွမ်းဝင်နေသလို ခံစားရသည်။ ဒီ 'ရန်ကုန်' ဆိုတာကို ရွှေအ အရမ်းစိတ်ဝင်စားသွားရသည်။ ဟုတ်ပြီ ... အဲဒီရန်ကုန်ဆိုတာကို ရောက်အောင်သွားဖို့ ကြိုးစားရမည်။

ဘဘုန်းဆီကို ဆွမ်းချိုင့် မကြာခဏလာပို့ပေးတတ်သော ဦးခင်ဦးက ရန်ကုန်ကို လေးငါးခေါက်ရောက်ဖူးသည်။ ဒါကြောင့် ဦးခင်ဦးကို ရွှေအ မေးမြန်းစုံစမ်းကြည့်တော့ ...

"ဟ ... ရန်ကုန်ဆိုတာ ကောင်းသလားတော့ မမေးနဲ့ ရွှေအရေ ... ကောင်းမှကောင်းကွ၊ မရတာလည်း ဘာမှမရှိဘူး၊ တိုက်ကြီးတာကြီးတွေကလည်း ဟီးလို့၊ ကားတွေဆိုလည်း ဝီခေါ်





နေတာပဲ မောင်၊ ညဖက်ဆို လင်းထိန်နေတာပဲ၊ အဆောက်အအုံတွေကလည်း ပေါမှပေါကွာ၊ ဆောက်လက်စတန်းလန်းတွေဆိုလည်း မနည်းဘူးကွ၊ မင်းကလည်း ပန်းရံလုပ်တတ်တော့ အလုပ်က ရှားမယ်မထင်ဘူးကွ၊ အဲ ... တစ်ခုတော့ရှိတယ်၊ ရန်ကုန်မှာက စားဝတ်နေရေး ဈေးကြီးတယ်ကွ၊ စားတာက ဖြစ်သလိုစားလို့ရပေမယ့် နေဖို့ကတော့ မလွယ်ဘူး၊ အိမ်စပေါ်တင်ပြီးနေရင်တောင် လေးငါးသောင်းလောက်ပေးရတယ်တဲ့"

ဦးခင်ဦးပြောတဲ့ လေးငါးသောင်းမပြောနဲ့ လေးငါးထောင်ပြည့်အောင်ပင် ရွှေအ, ယခုအချိန်အထိ မကိုင်ဖူးခဲ့။ ဒီလိုငွေကြေးပမာဏဟာ ရွှေအ,တို့အတွက်ကတော့ သုံးလေးနှစ်လောက်ခြိုးခြိုးခြံခြံစားသောက်ပြီး စုရင်တောင်မှ ရနိုင်မည်မထင်။

ဒါပေမဲ့ ရွှေအ, ဖွဲမလျှော့။ ဒီ 'ရန်ကုန်' ဆိုတဲ့နေရာကို သွားချင်နေသည်။ ဖြစ်အောင်ကို သွ[illegible]ည်။ သုံးလေးနှစ်မကလို့ ဆယ်နှစ်ပဲ စုရပါစေ၊ ရွှေအ,သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ဒါကြောင့် ရွှေအတင်းသယာက် ရှိသမျှအလုပ်တွေကို သိမ်းကျုံးလုပ်သည်။ ပန်းရံအလုပ်အပြင် ခြံစည်းရိုးခတ်၊ အိမ်သာတွင်းတူး၊ မြေဖို့ မြေသယ် အားလုံးလုပ်ပြီး ပိုက်ဆံစုသည်။ အခုအသက်အရွယ်အထိ ထီတစ်ခါမှ မထိုးဖူးပေမယ့် ဒီတစ်ခါတော့ ပိုက်ဆံလိုချင်လွန်း၍ စုထားသောငွေထဲမှ ထီထိုးရန် ဘဘုန်းလက်ထဲ

ပေးလိုက်သည်။ ဘဘုန်းမြို့ပေါ်သွားရင် အပြန်မှာ သူ့အတွက် ထီတစ်စောင်ထိုးလာပေးသည်။

သူ့အတွက် ကံကောင်းစွာဖြင့် နောက်ထပ်တိုက်ဆိုင်မှု တစ်ခုကတော့ အမေ့ကို နောက်ထပ်အိပ်မက်,မက်ပြီး ရက်ပိုင်း အတွင်းမှာပင် ဘဘုန်း သူ့အတွက် ထိုးလာပေးသော ထီလက်မှတ်က ထီဆုသေးပေါက်သည်။ ဒီတော့ ဒီငွေလေးကို အရင်းပြုပြီး ဦးခင်ဦး၏မိတ်ဆွေအဆက်အသွယ်ဖြင့် ရန်ကုန်ကို တက်လာပြီး ရွှေပြည်သာ၌ ကြီးမှတ်နှင့်အတူ အိမ်သေးသေးလေးတစ်လုံးကို ငှားနေလိုက်သည်။

သူတတ်ကျွမ်းသောပန်းရံအလုပ်ကိုလည်း ဦးခင်ဦး၏ မိတ်ဆွေကပင် ဆက်ပေးသဖြင့် ကုမ္ပဏီတစ်ခုမှာ အမြဲတမ်း နေ့စားပန်းရံအလုပ်ကို လုပ်ကိုင်ခွင့်ရ၍လည်း ကြီးမှတ်နှင့်သူ၏ စားဝတ်နေရေး အ ်ငြေသွားသည်။ ကြီးမှတ်ကိုလည်း ကြို ကြား ကြိုကြား ဆေးခန်းပြပြီး ကုသနိုင်သည်။

ဘာပဲဖြစ်ဖြစ် ရွှေအ,ရောက်ချင်လွန်းသော ရန်ကုန်မှာ အခြေချနေထိုင်ခွင့်ရခဲ့သဖြင့် ရွှေအ,ပျော်ပါသည်။

ရွှေအ,အလုပ်လုပ်နေသော ကုမ္ပဏီက "တိုးတက်ထွန်း" ကုမ္ပဏီ။ ဆောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ကောင်း ကောင်း စံချိန်စံညွှန်းကောင်းကောင်းများဖြင့် နာမည်ကောင်းရနေသော ကုမ္ပဏီတစ်ခု။

ပိုင်ရှင်ဖြစ်သော ဦးတိုးတက်ကလည်း အလုပ်,လုပ်ရာတွင် တိကျပြတ်သားသလောက် လက်အောက်ငယ်သားများ အပေါ်တွင်လည်း မျှမျှတတဖြင့် ပြောဆိုဆက်ဆံတတ်သူဖြစ်သည်။

ဦးတိုးတက်၏သားဖြစ်သူ လရောင်ကလည်း အင်ဂျင်နီယာတစ်ဦးဖြစ်သည့်အပြင် လုပ်ငန်းခွင်တွင် တာဝန်ယူလုပ်ကိုင်

နေသူတစ်ယောက်ဖြစ်သည်။ ဆရာကိုလရောင်နှင့်က သူ ဒီကုမ္ပဏီကိုရောက်ကတည်းက လက်တွဲခဲ့တာဆိုတော့ နှစ်က အတော်ကြာပြီဖြစ်သဖြင့် တစ်ယောက်အကြောင်းတစ်ယောက် သိကြသည်။

ရွှေအ,၏လက်ရာကောင်းမွန်မှုကြောင့်တစ်ကြောင်း၊ ရွှေအ,၏ရိုးသားမှုကြောင့်တစ်ကြောင်း၊ ပြီးတော့ စကားမပြော တတ်ပေမယ့် သစ္စာရှိသော တာဝန်ကျေသော တပည့်ကောင်း တစ်ယောက်ဖြစ်သဖြင့် လရောင်က ရွှေအ,အပေါ် အလေးထား ဆက်ဆံသည်။ ရွှေအ,ကလည်း လရောင်အပေါ်တွင် ဆရာရင်း တစ်ယောက်လိုသဘောထားပြီး တာဝန်ကျေပွန်စွာ လုပ်ဆောင် ပေးသည်။

"လူလေးရေ ...ဒီမှာ ထမင်းချိုင့်ရပြီ"

"အဲ ...အဲ"

ကြီးမှတ်လှမ်းပေးသော စတီးချိုင့်လေးကို လှမ်းယူပြီး နံရံမှာ ချိတ်ထားသော လွယ်အိတ်ကို စလွယ်သိုင်းလိုက်သည်။ ပြီးတော့ ထုံးစံပြုနေကျအတိုင်း ကြီးမှတ်ကို ထိုင်ကန်တော့လိုက် သည်။

"အေး ...လူလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကွယ်"





ရွှေအ,က ခေါင်းပေါ်သို့ ဦးထုပ်ဆောင်းလိုက်ပြီး ကြီးမှတ် ကို လက်ပြကာ အိမ်ပြင်သို့ ထွက်သွားသည်။ နေ့စဉ် အလုပ်သွား ခါနီးတိုင်း သူ့ကိုကန်တော့ပြီးမှ သွားတတ်သော ရွှေအရဲ့နောက် ကျောကိုကြည့်ပြီး ကြီးမှတ်ကျေနပ်နေမိသည်။

ဒီကလေးက စကားသာမပြောတတ်ရှာတာ အသိဉာဏ် အလိမ္မာတော့ ရှိသည်။ စိတ်စေတနာလေးလည်း ကောင်းသည်၊ ရိုးသားသည်။ ဖြူစင်သည်။ တစ်ကိုယ်တည်းနေခဲ့သော ကြီးမှတ် အတွက်ကတော့ သူ့ဘဝထဲကို ဒီကလေးရောက်ရှိလာကတည်း က ပြည့်စုံပျော်ရွှင်သွားသည်ဟု ထင်မိသည်။

ဒါပေမဲ့ သူက နဂိုကတည်းက လက်လုပ်လက်စား ပဲပြုတ်ရောင်းကာ အသက်မွေးခဲ့ရသူမို့ ရွှေအ,အတွက်တော့ ပြည့်စုံချမ်းသာအောင် မထားနိုင်ခဲ့၊ ဒီအတွက်လည်း ကြီးမှတ် အခုထက်ထိ ရင်ထဲမှာမကောင်းနိုင်။ ဒါပေမဲ့ ရွှေအ,အမေ ခင်လေးငယ်ကတော့ ရွှေအ,ကို စောင့်ရှောက်သည်ဟု ကြီးမှတ် ထင်သည်။ ခင်လေးငယ်ကို ရွှေအ အိပ်မက်,မက်ပြီးရင် ရွှေအ အတွက် ထူးထူးဆန်းဆန်းတွေချည်းပဲ ဖြစ်တတ်သည်။

ဒီနေ့လည်း ရွှေအ သူ့အမေကို အိပ်မက်,မက်ပြန်ပြီတဲ့။ ဘယ်လိုအဖြစ်လေးတွေများ ကြုံဦးမလဲမသိ။ ဒါပေမဲ့ လူလေးက ကံကောင်းမှာပါလေ။

ရွှေအလုပ်ငန်းခွင်ထဲရောက်တော့ ကုမ္ပဏီရုံးခန်းဝမှာ လူတော်တော်များများကို တွေ့ရသည်။ ရုတ်တရက် ထိတ်ခနဲ ဖြစ်သွားမိပြီးတော့မှ ဒီနေ့ ကုမ္ပဏီမှာ နောက်ထပ် လူသစ်တွေ ခန့်ထားဖို့ အင်တာဗျူးရှိတာကို သတိရမိလိုက်သည်။

ဆရာကိုလရောင်အတွက် အတွင်းရေးမှူးလိုမျိုး လက်ထောက်အင်ဂျင်နီယာကိုလည်း ခန့်မည်တဲ့။ ပြီးတော့ စာရင်းကိုင်တွေ ဒရိုင်ဘာတွေကိုလည်း ခန့်ဦးမှာဆိုတော့ လူတွေက ဒီလောက်များနေခြင်းဖြစ်သည်။ ကုမ္ပဏီက တဖြည်းဖြည်းနဲ့ နာမည်နှင့်လိုက်အောင် တိုးတက်အောင်မြင်လာသည်ဆိုတော့ လူအင်အားထပ်မံဖြည့်ဆည်းရသည်။ ကောင်းပါသည်။ ဒီကုမ္ပဏီကြီး တိုးတက်အောင်မြင်စေရန်အတွက် ရွှေအကလည်း ဘုရားရှိခိုးတိုင်း ဆုတောင်းမေတ္တာပို့ပေးသည်။ ကုမ္ပဏီကြီး အဓွန့်ရှည်စွာတည်ရှိနေပါမှလည်း ဒီကုမ္ပဏီကို အမှီပြုနေကြသော ရွှေအတို့လည်း အဆင်ပြေမည်လေ။

ပြီးတော့ ကုမ္ပဏီမှာ လုပ်ကိုင်ခဲ့တာလည်း ကြာပြီဖြစ်လို့ ဘယ်နေရာမှလည်း ပြောင်းပြီးမလုပ်ချင်တော့။ ရွှေအ,လက်ရာကို သိထားကြသော တချို့ကန်ထရိုက်များက ဆရာကိုလရောင်တို့ထက် ပိုများသောငွေကြေးပမာဏကိုပေးကာ ရွှေအ,ကိုခေါ်ကြသည်။





သို့ပေမယ့် ရွှေအ,မပြောင်း။ ဘာကြောင့်မသိ ဆရာကိုလရောင်ကိုရော . . . ဒီကုမ္ပဏီကိုပါ ရွှေအ,ချစ်သည်။ ခင်တွယ်သည်။ အထူးသဖြင့် ဆရာကိုလရောင်အပေါ်မှာ ဆရာတပည့်ထက်ပိုသော ရင်းနှီးမှုမျိုးကို ခံစားရသည်။ ဆရာ့ထံမှလည်း ထိုအတူပင် သူ့အပေါ် တုံ့ပြန်သည်။

ယခုအင်တာဗျူးမည့်ကိစ္စတွင် ဆရာကိုလရောင်မရှိ၍ ဆရာကြီးဦးတိုးတက်ကိုယ်တိုင် ရွေးလိမ့်မည်ဟုကြားသည်။ ဆရာကိုလရောင်က နိုင်ငံခြားသို့ အလုပ်ကိစ္စဖြင့် သွားရောက်နေသည်မှာ သုံးလခန့်ရှိနေပြီဖြစ်သောကြောင့် ဆရာကြီးဦးတိုးတက်ကိုယ်တိုင် ရွေးခြင်းဖြစ်သည်။ ဆရာကြီးတို့ရွေးတဲ့သူဆိုတော့ လူတော်တွေ့ ဖြစ်မှာပါလေ။ ကုမ္ပဏီက,လူများက အားလုံးတော်ကြသည်။

ဒီတော့ ကုမ္ပဏီ ပိုပြီးတိုးတက်တာပေါ့။ ရွှေအ, တစ်ယောက် ကုမ္ပဏီအကြောင်းကိုတွေးနေရင်း လုပ်လက်စနံရံကို ပလာစတာအချောသတ်နေသည်။

"ဒီမှာ . . . ဒီမှာ . . . ကုမ္ပဏီရုံးခန်းကို ဘယ်ကသွားရမှာလဲ မသိဘူး"

ချိုလွင်အေးစိမ့်နေသောအသံလေးတစ်ခုက အလုပ်ကို အာရုံစိုက်ကာလုပ်နေသော ရွှေအ,နားထဲသို့ တိုးဝင်လာသည်။

ဒီအသံ ဒီလေသံကို ရင်ထဲမှာ ရင်းနှီးစွာကြားဖူးသည်ဟု ခံစားမိရင်း မေးတဲ့သူကို ရွှေအ,လှည့်ကြည့်လိုက်သည်။

"ဟို ... ရုံးခန်းကို တစ်ချက်လောက်ညွှန်ပေးပါရှင်"

"ဟင်"

သူ့ကိုမေးလာသည့် မိန်းကလေးကို တွေ့လိုက်ရသည့်ခဏာဝယ် ရွှေအ,တစ်ကိုယ်လုံး ကြက်သီးများထသွားပြီး ရုတ်တရက်မင်သက်မိကာ မျက်တောင်မခတ်ကြည့်နေမိသည်။

"ဟင် ... ဒီလူကလည်း မေးနေတဲ့ဟာကို နားများလေးနေလားမသိဘူး၊ ဒုက္ခပါပဲ၊ ဒီမှာနောက်ကျနေရတဲ့ကြားထဲ"

သူ့ကိုကြည့်ပြီး ညည်းညည်းညူညူနှင့် ပြောနေသော မိန်းကလေးကြောင့် သူ သတိပြန်ဝင်လာပြီး အမူအရာဖြင့်ပြောကာ ရုံးခန်းဆီသို့ လိုက်ပြလိုက်သည်။

"အု ... အဲ ... အဲ ..."

ရွှေအ,ထံမှ ထွက်လာသော တအူးအူး ... တအဲအဲ အသံကြောင့် မိန်းကလေးက ရုတ်တရက်ကြောင်သွားပြီး သူမမျက်နှာမှာလည်း အားတုံ့အားနာဖြစ်သွားပုံရသည်။ ရွှေအ, နောက်သို့ တိတ်ဆိတ်စွာလိုက်သွားလိုက်ပြီး ရုံးခန်းရှေ့ရောက်ခါနီးကျတော့ ရွှေအ,က ရုံးခန်းနေရာကို လက်ညှိုးတိုးကာ ညွှန်ပြလိုက်သည်။





"ဟို ... ဟိုဒင်းလေ ... မှ ... မှုက စကားမပြောတတ်မှန်း မသိလို့ပါနော် ... စိတ်မရှိပါနဲ့ ပြီးတော့ အခုလိုလိုက်ပြပေးတာ ကျေးဇူး ်ပါတယ်နော်"

"အဲ ... အဲ"

ရွှေအ,က သူ့ကို အားနာနေဟန်ဖြင့် တောင်းပန်စကားဆိုနေသော မိန်းကလေးကို ကိစ္စမရှိကြောင်း လက်တခါခါနှင့် ပြန်ဖြေရင်း သူ့အကျင့်အတိုင်း လက်မ,ထောင်ပြကာ အလုပ်လုပ်နေသေး နေရာသို့ ပြန်လျှောက်လာခဲ့သည်။ အလုပ်,လုပ်နေသောနေရာသို့ရောက်လျှင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း ဘေးမှာ အဆင်သင့်ရှိနေသော အုတ်ခဲတစ်လုံးကိုကောက်ကာ ရင်ခွင်ထဲ ထည့်ပြီး ပွေ့ပိုက်ထားလိုက်သည်။

ပြီးတော့ ရင်ထဲမှ တမ်းတမ်းတတနှင့်ခေါ်လိုက်သည်။

"အမေ"

ဟုတ်သည်။ စောစောက သူ့ကို ရုံးခန်းနေရာ လာမေးသော မိန်းကလေးသည် သူ့ရင်ထဲမှာ မျက်လုံးထဲမှာ အမြဲတမ်းစွဲလမ်းနေသော ဓာတ်ပုံထဲမှ အမေ၊ အိပ်မက်ထဲမှအမေနှင့် ချွတ်စွတ်တူနေသောကြောင့် ရွှေအ,ရင်ထဲမှာ တဒုန်းဒုန်းတဒိုင်းဒိုင်းမြည်အောင် ရင်ခုန်သံတွေ ဆူညံနေအောင် ခံစားရသည်။

မိန်းကလေးက သူ့ထက် တစ်နှစ်,နှစ်နှစ်ခန့်လောက်

တော့ ငယ်လိမ့်မည်ထင်သည်။ နုဖတ်အေးချမ်းသော မျက်နှာလေးက အမေမှအမေပင်။ ရွှေအ,ရင်ထဲ တလှပ်လှပ်ဖြင့် အေးမြသွားသလိုလို နွေးထွေးသွားသလိုလို ခံစားနေရသည်။ အမေ့ကိုအပြင်မှာ အရှင်လတ်လတ်ကြီး မြင်တွေ့နေရသလိုပင် ရွှေအ, ထပ်ပြီး တွေ့ချင်သေးသည်။ ဘယ်လိုလုပ်ရပါ့မလဲ။ ရုံးခန်းနားကိုသွားချောင်းဖို့ဆိုတာကလည်း ကိစ္စမရှိရင် အဲဒီရုံးခန်းဘက်သို့ ရွှေအ က မသွားသောကြောင့် ဘာကိစ္စမှမရှိဘဲနှင့်သွားလို့မဖြစ်။

ဆရာကိုလရောင်ရှိနေရင်လည်း တစ်မျိုးပေါ့။ ဘာလုပ်ရမှန်းမသိအောင် ရွှေအ ဖြစ်နေမိသည်။ ဒီမိန်းကလေးကိုတော့နောက်တစ်ခေါက်ထပ်တွေ့ချင်နေတာကတော့ အမှန်ပင်။ ရွှေအစိတ်ညစ်သွားပြီး ဘာလုပ်ရင်ကောင်းမလဲဟု စဉ်းစားနေမိသည်။

"ကိုရွှေအ . . . ကိုရွှေအ . . . အမလေး ဘယ်လိုများဖြစ်နေရတာလဲတော် . . . အုတ်ခဲကြီးပိုက်ပြီး အိပ်ပျော်နေရသလား။ နေမကောင်းဘူးလား . . . မှန်းစမ်း"

ရုတ်တရက် ဆူညံဆူညံနှင့် ထွက်ပေါ်လာသော အသံကြောင့် ရွှေအ, အတွေးများပျက်သွားရသည်။ အသံနှင့်အတူနဖူးပေါ်သို့ လက်တစ်ဖက်ရောက်လာပြီး လက်ဝါးနှင့်စမ်းလိုက်၊ လက်ခုံဖြင့် စမ်းလိုက်လုပ်နေသူကို မျက်စိဖွင့်ကြည့်စရာမလိုဘဲ ထွေးလှဆိုတာကို တန်းသိလိုက်သည်။





ထွေးလှက ကုမ္ပဏီရုံးခန်းများအတွက် လခစားသန့်ရှင်းရေးအလုပ်သမလေးဖြစ်သည်။ ထွေးလှက လေဖြတ်ထားသောဖခင်ကို ကျွေးမွေးစောင့်ရှောက်နေသူဖြစ်သည်။ သူ့လိုပင် ရွှေပြည်သာမှာနေထိုင်ပြီး ကုမ္ပဏီမှာလုပ်ကိုင်နေသည်မှာ နှစ်နှင့်ပင်ချီနေပြီဖြစ်သဖြင့် ထွေးလှသည်လည်း လူရင်းတစ်ယောက်လိုဖြစ်နေသည်။

ကုမ္ပဏီရဲ့သတင်းများ၊ ကိစ္စများကိုလည်း သူ့ထံသို့သတင်းလာပေးတတ်သည်။ ဘဝတူတွေအားလုံးထဲတွင် ရွှေအအပေါ်ခင်မင်မှုကတော့ အားလုံးထက်ပိုသည်။ ရွှေအ,က စကားမပြောတတ်တာကလွဲ၍ နေပုံထိုင်ပုံအလုပ်လုပ်ပုံ စိတ်ဓာတ်အားလုံး အဆင့်အတန်းရှိသည်။

ရုပ်ရည်ကလည်း ပန်းရံလုပ်နေပေမယ့် သန့်သန့်ပြန့်ပြန့်နှင့် ယောကျ်ားပီသသည်ဟု ထွေးလှထင်သည်။ လုပ်ငန်းပြီး၍အိမ်ပြန်ရန်ရေမိုးချိုးပြီး အဝတ်သန့်လေးများဝတ်ကာ လွယ်အိတ်စလွယ်သိုင်းလေးနှင့် ဦးထုပ်လေးဆောင်းကာ နေတတ်သောရွှေအကို ထွေးလှစိတ်ထဲမှာတော့ ရွှေမင်းသားလေးဟုပင် ထင်မြင်မိသည်။

ရွှေအနှင့်ပတ်သက်ပြီးတော့လည်း အမြဲတမ်းစိတ်ကူးယဉ်အိပ်မက်တွေ မက်ခဲ့ရပေမယ့် အဲဒါတွေက ထွေးလှဘက်ကချည်း

ပါပဲလေ။ ရွှေအ,ကတော့ အဲဒါတွေ သိလည်းမသိ၊ စိတ်လည်း မဝင်စား။ သူသိတာက သူလုပ်ရမယ့်သူ့အလုပ်တွေရယ်၊ ကြီးမှတ်ရယ် ...ဒါပဲသိသည်။

"ကဲ ...ပြောစမ်းပါဦး ကိုရွှေအရယ်၊ အုတ်ခဲကြီး ပိုက်ပြီး ဘာတွေစိတ်ကူးယဉ်နေတာလဲ၊ ထမင်းစားချိန်ကျနေလို့ ကိုရွှေအကို ကျွန်မ လာခေါ်တာ၊ လာလေ ...ထမင်းသွားစား ကြမယ်"

ထွေးလှက ထမင်းစားဖို့ခေါ်နေလို့ အလုပ်တွေလက်စ သတ်ပြီး ပစ္စည်းတွေကို နေရာတကျထားလိုက်သည်။

"ဒီမှာ ...ဒီမှာ"

ဟော ...ကြားရပြန်ပြီ ဒီအသံလေး။

ပစ္စည်းများကို နေရာတကျ ငုံ့၍သိမ်းနေသော ရွှေအ တစ်ယောက် သူကြားချင်လွန်းလှသော အသံလေးကို ကြားလိုက်ရသဖြင့် ဝမ်းသာအားရနှင့် မော့ကြည့်လိုက်သည်၊ စောစောက သူလမ်းညွှန်လိုက်သော မိန်းကလေးက သူ့ရှေ့တွင် ပြုံးရွှင်သောမျက်နှာလေးနှင့် ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဒီမှာ ...မူ့ကို ရှင်ကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ မူက ဒီကုမ္ပဏီမှာ အလုပ်လာလျှောက်တာလေ၊ အဆင်ပြေ ပါတယ်၊ မနက်ဖြန်ကစပြီး အလုပ်ဝင်ရမယ်၊ အခု ရှင့်ကို တွေ့လို့





လာနှုတ်ဆက်တာပါ၊ ကျေးဇူးတင်ပါတယ်နော် ...သွားလိုက် ပါဦးမယ်"

ဒါဆို ဒီမိန်းကလေးက ဒီကုမ္ပဏီမှာ အလုပ်ရသွားပြီ ပေါ့။ ဝမ်းသာလိုက်တာ။ ဒါဆို သူနဲ့ နေ့တိုင်းလို တွေ့ရတော့မှာ ပေါ့။ ရွှေအ အရမ်းဝမ်းသာသွားသည်။ အလုပ်ရသွားသော ကာယကံရှင်ထက်ပင် အဆပေါင်းများစွာ ရွှေအဝမ်းသာမိသည်။ သူ့ကို ကျေးဇူးတင်စွာဖြင့် နှုတ်ဆက်စကားပြောလာသော မိန်း ကလေးကို သူဝမ်းသာအားရနှင့် ပြန်ဖြေပြန်နှုတ်ဆက်လိုက် သည်။

"အဲ ...အဲ ...အု ...အစ်"

ရွှေအရဲ့ အူးအူးအဲအဲအသံနှင့် အမူအရာကို မိန်းကလေး က နားလည်သဘောပေါက်စွာဖြင့် သူ့ကို ပြုံးပြနှုတ်ဆက်ကာ ပြန်သွားသည်။ သူ့ကို နှုတ်ဆက်သွားသော မိန်းကလေးကိုကြည့် ကာ ရွှေအဟာစ်ယောက် ဝမ်းသာကြည်နူးစွာ ကျန်နေခဲ့သည်။

"ကိုရွှေအ ...ကိုရွှေအ"

ဘယ်လောက်ကြာကြာငေးနေမိသည်မသိ ဘေးက ထွေးလှ၏အသံကို ကြားရတော့မှပဲ ရွှေအ သတိဝင်လာမိသည်။ ထွေးလှက မကျေမနပ်ဖြင့် မျက်စောင်းထိုးကာပြောသည်။

"အမလေး ကိုရွှေအရယ် ...ကျွန်မ ခေါ်နေတာ ကြာပြီ

အသက်မှရှိသေးရဲ့လား မသိဘူး၊ တကတဲမှပဲ ကိုရွှေအ တစ်ခါမှ ဒီလိုမျိုးမဖြစ်ဖူးပါဘူး၊ အခုမှ ဘာဖြစ်သွားတာလဲ၊ ဟွန်း . . . အင်းလေ . . . ဟိုကလည်း တော်တော်ချောတာကို၊ ကိုရွှေအတို့ ငေးမယ်ဆိုလည်း ငေးလောက်ပါတယ်လေ"

ထွေးလှ၏မကျေမနပ်သံကို မကြားချင်ယောင်ဆောင်ကာ လက်ဆေးရန် ထွက်လာခဲ့သည်။ သူ့ရင်တွင်းမှ ခံစားချက်ကို သူ ဘယ်လိုလုပ်ပြောပြရမလဲ။ ပြောပြရင်လည်း ထွေးလှလို လူမျိုးက နားလည်မည်မထင်။ ဒီတော့ သူ ဘာမှပြန်မပြောတော့ပဲ ရှေ့ကနေ ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ အပျော်တွေ စီးဝင်လှည့်ပတ်နေသည်။

သူ့နောက်မှာတော့ ထမင်းချိုင့်တွေကိုကိုင်ကာ ပွစိပွစိနှင့်ပြောဆိုရေရွတ်ကာ ထွေးလှက အပြေးလေးလိုက်လာရှိသည်။

ဒီနေ့ ရွှေအ အလုပ်ရသည်မှာ ခါတိုင်းနှင့်မတူဘဲ ပျော်ရွှင်တက်ကြွနေသည်။ အလုပ်,လုပ်ရသည်ကိုလည်း ပင်ပန်းသည်ဟု မထင်ဘဲ အားအင်တွေပြည့်ဝနေသလို ခံစားရသည်။ အလုပ်ခွင်မြန်မြန်သိမ်းပြီး အိမ်ကို အမြန်ပြန်ရောက်ချင်နေပြီ။ ကြီးမှတ်ကို အမေနှင့်တူသော မိန်းကလေးအကြောင်းကိုပြောပြချင်နေပြီ ကြီးမှတ်ကတော့ အံ့သြဝမ်းသာသွားမှာသေချာသည်။

အလုပ်ပြီးသည်နှင့် ရွှေအ,ရေမိုးချိုးကာ အိမ်သို့ အမြန်





ပြန်ပြေးခဲ့သည်။ ခါတိုင်း အတူပြန်နေကျ ထွေးလှတို့, ကျော်သိန်းတို့ကိုတောင် မစောင့်တော့ဘဲ တစ်ယောက်တည်း မြန်မြန်ပြန်လာခဲ့သည်။ အဖွဲ့နဲ့ဆို ဟိုလူစောင့်၊ ဒီလူစောင့်နဲ့ဆိုတော့ အနည်းဆုံး နာရီဝက်လောက်တော့ အချိန်ပိုကြာတတ်သည်။

အရင်ရက်တွေကတော့ ရွှေအ အားလုံးကိုစောင့်ပြီးမှ အတူတူပြန်သည်။ ဒီနေ့တော့ မရတော့။ ကြီးမှတ်ဆီကို အမြန် ရောက်ချင်လှပြီ။

ကားပေါ်မှဆင်းပြီး အိမ်ဘက်ကို လမ်းလျှောက်တာတောင်မှ အပြေးအလွှားလျှောက်လာသည်။ သူသာ စကားပြောတတ်ပါက လမ်းတစ်လျှောက်ပြေးလွှားခုန်ပေါက်ရင်း အော်ဟစ်လာမည်သာဖြစ်သည်။

"ကြီးမှတ်ရေ . . . ကျွန်တော် အမေနဲ့တွေ့ခဲ့တယ်ဗျို့"

ဒါပေမဲ့ သူ့ဘဝက အော်း ;တိုင်းအော် . . . ပြောချင်တိုင်း ပြောလို့မရသောဘဝမျိုးလေ။ ဒါကြောင့် ရင်ထဲကပဲ ဟစ်အော်ကြွေးကြော်ခွင့်ရှိသည်။ အမေနဲ့ပတ်သက်လို့ကတော့ ရွှေအရဲ့ရင်တွေ ပွင့်ထွက်သွားပါစေ . . . ပဲ့တင်ထပ်အောင် ဟစ်ကြွေးပစ်လိုက်မည်။

'ဒုန်း . . . ဒုန်း'

"ဟဲ့ . . . ဘယ်သူတုံး"

အိမ်ပေါ်သို့ အပြေးအလွှား တဒုန်းဒုန်းနှင့် တက်လာ
သော ခြေသံကြောင့် အိမ်ရှေ့တွင် အကျီများခေါက်နေသော
ကြီးမုတ်တစ်ယောက် လန့်သွားသည်။

"ဟဲ့ ... လူလေးပါလား ... ဘာဖြစ်လာတာလဲကွယ်
... အလန့်တကြား"

ကြီးမုတ်၏အမေးကို ရွှေအ,က ဘာမှပြန်မပြောဘဲ
ကြီးမုတ်ရဲ့ကိုယ်လုံးဝဝကြီးကို ပြေးဖက်ထားလိုက်သည်။

"အို ... ဟဲ့ ... လူလေး ... ဘာဖြစ်လာတာလဲ
... ကြီးမုတ်ကိုပြောစမ်း ... ဘယ်သူတွေနဲ့ ဘာဖြစ်လာတာလဲ၊
ကြီးမုတ် ရင်တုန်လိုက်တာ ... ပြောစမ်းပါဦး"

ဒီတော့မှ ရွှေအ,က ဝမ်းသာအားရအမူအရာဖြင့် သူ့
ရင်ထဲမှ အမေ့သင်္ကေတအဖြစ် မျက်စိစုံမှိတ်ကာ လက်အုပ်ချီပြီး
ရင်ဘတ်တွင် လက်နှစ်ဖက်ကို ကပ်ကာပြလိုက်သည်။ ဒီ
သင်္ကေတကိုမြင်လျှင် ကြီးမုတ်သဘောပေါက်သည်။

"ဟင် ... အမေ ... လူလေးအမေ ... ဟုတ်လား၊
လူလေး တွေ့ခဲ့လို့လား ... ဘယ်မှာတွေ့တာလဲ ... ပြောစမ်း
... ပြောစမ်းပါဦးကွယ် ... ကြီးမုတ်သိချင်လို့"

ကြီးမုတ်ကလည်း သိချင်ဇောနှင့် ကတုန်ကယင်ဖြစ်ကာ
မေးလိုက်သည်။ ရွှေအ,က လွယ်အိတ်ထဲမှ ဘောပင်နှင့်စာအုပ်ကို





ထုတ်ကာ ကြီးမုတ်ကို စာရေးပြီး ပြောပြလိုက်သည်။

"ဒီနေ့ အလုပ်ထဲကို အမေလာတယ်တဲ့ ... အမေနဲ့
စကားပြောခဲ့ရတယ်တဲ့ ... ဟင် လူလေးရယ်၊ မင်းဟာကလည်း
ဖြစ်နိုင်ပါ့မလားကွဲ့ ... မင်းအလုပ်ထဲမှာ အိပ်ပျော်ပြီး အိပ်မက်
မက်နေတာများလား"

ကြီးမုတ်က သူ့စာကိုဖတ်ပြီး မယုံကြည်စွာနှင့်မေးတော့
ရွှေအ စိတ်ညစ်သွားသည်။ ကြီးမုတ် နားလည်အောင် ထပ်ရေးပြ
ရသည်။

"အလုပ်ထဲကိုရောက်လာတဲ့ မိန်းကလေးတစ်ယောက်
က အမေနဲ့တူတယ်တဲ့၊ အသံရော ရုပ်ရော အရမ်းတူတယ်တဲ့၊
ဟယ် ... ဟုတ်လားလူလေး၊ အမလေး ... ဒါဆို ခင်လေးငယ်
များ ဝင်စားတာလားလားမသိဘူး ... ကြီးမုတ်လည်း တွေ့ချင်
မြင်ချင်လိုက်တာကွယ်"

ကြီးမုတ်ကလည်း ဝမ်းသာအားရဖြစ်သွားပုံရသည်။

"လူလေး ... ဒါကြောင့် ဝမ်းသာနေတာပေါ့သေ ...
ဟုတ်လား"

"အဲ ... အဲ"

ကြီးမုတ်၏အမေးကို ရွှေအက ဝမ်းသာအားရ နှင့် ခေါင်း
တညိတ်ညိတ်ပြန်ဖြေလိုက်သည်။

"ဒါကြောင့် လူလေးအမေကို အိပ်မက်,မက်ပြီးတော့ ဘာများထူးခြားမလဲလို့ ကြီးမှတ် စဉ်းစားနေတာ၊ အခုတော့ ခင်လေးငယ်က သူ့ကိုယ်ပွားလေးကို လူလေးဆီကို ပို့လိုက်တာပေါ့"

"အင်း ... အဲ ... အဲ ..."

ကြီးမှတ်စကားကို ရွှေအ အပြည့်အဝထောက်ခံသည်။ အမေနှင့်တူသော မိန်းကလေးက ရွှေအတို့ကုမ္ပဏီမှာ အလုပ်ဝင်မည်ဆိုတော့ သူနှင့်နေ့တိုင်းတော့ တွေ့ရမည်ဖြစ်သည်။ ဒါဆို အမေက အမေ့ကိုယ်ပွားကို သူ့နားရောက်အောင် ပို့ပေးတာဖြစ်နိုင်သည်။

"အမေရယ့်"

ရွှေအ မျက်စိထဲမှာ မနက်က ပြုံးရွှင်ကြည်သာစွာဖြင့် သူ့ကို စကားတွေဂ ပြောနေသော အမေ့ကိုယ်ပွား မိန်းကလေးကို မျက်စိထဲမှာ မြင်ယောင်နေမိရင်း ရင်ထဲမှ တမ်းတမ်းတတခေါ်မိလိုက်သည်။

ဒီနေ့မနက်မိုးမခင်ကတည်းက ရွှေအ အိပ်ရာက နိုးနေပြီ ... မိုးမြန်မြန်လင်းချင်ပြီ။ အလုပ်ကို မြန်မြန်သွားချင်ပြီ။ အမေနှင့် တွေ့ချင်လှပြီ။ အမေ့မျက်နှာလေးကို မြင်ချင်လှပြီ။

သူ့ကို ရှုံးတယ်လို့ပဲဆိုဆို သူ့ထက်ငယ်မည်ဖြစ်သည့်





အမေနှင့်တူလွန်းလှသောမိန်းကလေးကို အမေကဲ့သို့ပင် သဘောထားသည်။ အမေကဲ့သို့ပင် လေးစားဖြူစင်စွာဖြင့် ချစ်သည်။ မနက်စောစောထပြီး ဘုရားရှိခိုး၊ အမေ့ကိုရှိခိုးမေတ္တာပို့ကာ ကြီးမှတ်ကို ကန်တော့ပြီး ကားဂိတ်ဘက်သို့ ထွက်လာခဲ့သည်။

ကားဂိတ်ရောက်တော့ သူ့ထက်ဦးစွာရောက်နေသော ထွေးလှတို့၊ ကျော်သိန်းတို့အုပ်စုကို တွေ့ရသည်။ ထွေးလှက သူ့ကိုတွေ့တော့ မျက်စောင်းထိုးပြီး ဟိုဘက်လှည့်သွားသည်။ ဘာကိုစိတ်ကောက်နေလဲ မသိ။ သူ သိလည်းမသိချင်။ သူ့ကို စိတ်ကောက်ပြီး ထွေးလှစကားမပြောတော့ သူ နားငြီးသက်သာသည်။ ထွေးလှက ကျော်သိန်းဘက်ကိုလှည့်ပြီး စကားတွေပြောနေသည်။

သူ့ကို အရေးတယူစကားတွေပြောနေသော ထွေးလှကို ကြည့်ပြီး ကျော်သိန်းတစ်ယောက် ရင်ထဲမှာ ဘုရားပွဲလှည့်နေလောက်ပြီ။ ကျော်သိန်းက ထွေးလှကို စိတ်ဝင်စားနေသူ။ ရွှေအ,ကို မကြာခဏ ရင်လာဖွင့်သည်။ ရွှေအ,က စကားမပြောတတ်သူမို့ အာချောင်မှာ စိတ်မပူရ။

ဒါကြောင့် ကျော်သိန်းက ရင်ထဲရှိသမျှ စကားများကို အိတ်သွန်ဖာမှောက် လာပြောတတ်သည်။ ထွေးလှကတော့ ကျော်သိန်းကို သိပ်ပြီးတော့ စိတ်ဝင်စားပုံမရ။ ထွေးလှက ရွှေအ,

ကို ပိုခင်သည်။ တည်တည်ကြည်ကြည် အေးအေးချမ်းချမ်းနှင့် ရွှေအ,ကိုမှ ထွေးလှက စိတ်ဝင်စားသည်။ ဒါပေမဲ့ ရွှေအကတော့ ထွေးလှကို ကိုယ့်ညီမတစ်ယောက်လို လုပ်ငန်းတူတစ်ယောက်လိုပဲ ဆက်ဆံသည်။ ဒီထက်မပို။

အလုပ်ထဲရောက်တော့ ရွှေအ ရောက်,ရောက်ချင်း မယောင်မလည်နှင့် ရုံးခန်းပေါ်တက်သွားပြီး ရုံးခန်းရှေ့မှာ ရစ်သီရစ်သီလုပ်ကာ မနေ့က မိန်းကလေးကိုသွားရှာကြည့်မိသည်။

ရုံးခန်းထဲမှာ လူတွေကလည်းများ၊ ရုံးအောက်မှာ ဆရာကြီး၏ကားကို တွေ့လိုက်ရသဖြင့် ဆရာကြီးဦးတိုးတက်ရောက်နေပြီဖြစ်ကြောင်း ရွှေအ သိလိုက်သည်။

ဒါကြောင့် ဆရာကြီးဆီကို အစီရင်ခံစရာကိစ္စများ၊ လုပ်ငန်းကိစ္စများ ပြောရန်အတွက် တာဝန်ရှိတဲ့သူတွေကလည်း ရုံးခန်းမှာ လာစောင့်နေကြသောကြောင့် လူတွေက များနေသည်။ မနေ့က မိန်းကလေးကို မတွေ့သောကြောင့် ရင်ထဲမှာလည်း ဟာတာတာကြီးဖြစ်သွားရသည်။

ရုံးခန်းရှေ့မှာ သိပ်အကြာကြီးရပ်လျှင် မကောင်းသောကြောင့် ရွှေအ အလုပ်ထဲ ပြန်ဆင်းခဲ့သည်။ နေ့ခင်းကျမှ တစ်ခေါက်ထပ်ပြီး တက်ရှာကြည့်ဦးမည်ဟု စဉ်းစားထားလိုက်သည်။ အလုပ်ထဲမှာ လက်စသတ်စရာ ကြွေပြားဖြတ်စများကို ဂရု





တစိုက် ဖြတ်ရင်း လိုအပ်သည့်နေရာများကို ဖြည့်ကပ်နေသော ရွှေအထံသို့ ထွေးလှ ရောက်လာသည်။

"ကိုရွှေအ . . . ဆရာကြီးက ခေါ်ခိုင်းလိုက်တယ်၊ အခု လာခဲ့ပါတဲ့"

ရွှေအကို လှမ်းပြောသော ထွေးလှအသံက မကျေမနပ်နှင့်မို့လို့ ရွှေအ, ပြုံးလိုက်မိသည်။ ထွေးလှ သူ့ကို စိတ်ကောက်မပြေသေးမှန်း ရွှေအ,သိသည်။ သူက စကားမပြောတတ်သူမို့ ထွေးလှကို မချော့နိုင်။ စကားပြောတတ်ပါကလည်း ထွေးလှကို ချော့စရာမလိုဟု ထင်သည်။

ဒီကောင်မလေး အလကားနေ စိတ်ပဲကောက်နေတာ သူ့ကို လိုက်ချော့နေတာနှင့် အချိန်ကုန်လိမ့်မည် . . . နေပါစေ။ အခု ကျော်သိန်းအတွက် အကွက်ဆိုက်နေတုန်း ကျော်သိန်း ချော့လိမ့်မည်။ ဒီလောက် အချော့ကြိုက်သည့် ထွေးလှကတော့ ကျော်သိန်းနှင့်ပဲ လိုက်ဖက်သည်ဟု ရွှေအ ထင်သည်။

ရွှေအက သူ့အတွေးနှင့်သူ ပြုံးစိစိဖြစ်ကာ ထွေးလှကို လှမ်းကြည့်လိုက်ပြီး ဆရာကြီး၏ ရုံးခန်းဘက်သို့ ထွက်သွားသည်။

သူ့ကို ပြုံးစိစိနှင့် ကြည့်ကာ ထွက်သွားသော ရွှေအ,ကို ထွေးလှတအံ့တဩငေးကာ ကျန်နေခဲ့သည်။ အမြဲတမ်း တည်တည်ကြည်ကြည်နှင့်နေတတ်သော ရွှေအကို ဒီလိုအပြုံးမျိုးနှင့်

အင်မတန်မြင်ရခဲသည်။ ဒီလိုပြုံးလိုက်တော့လည်း ရွှေအမျက်နှာကို ပိုမိုချောမောသွားသည်ဟု ထွေးလှထင်မိသည်။

အဲဒီအပြုံးတစ်ချက်နှင့်တင် ထွေးလှ ရင်တွေခုန်ပြီး စိတ်ဆိုးတာတွေ ပျောက်ချင်သလိုလို ဖြစ်သွားသည်။ အို . . . ပျောက်လို့မဖြစ်သေးပါဘူး။ မနေ့က ကိုရွှေအ မျက်တောင်မခတ် ငေးမောနေတဲ့ အင်ဂျင်နီယာကောင်မလေးကို အခု ဆရာကြီးရုံးခန်းမှာ တွေ့ခဲ့သည်။ ပြီးတော့ ဆရာကြီးက ရွှေအကို သွားခေါ်ခိုင်းထားတော့ ဆရာကြီးရုံးခန်းထဲမှာ သူတို့နှစ်ယောက် တွေ့ကြဦးမှာပေါ့။ အဲဒီအခါကျတော့ ကိုရွှေအကလည်း အဲဒီအစ်မချောချောလေးကို ငေးဦး၊ ငမ်းဦးမှာပေါ့။

ဒီတော့ ထွေးလှ စိတ်ကောက်ပြေလို့ မဖြစ်သေး။ ကိုရွှေအက တစ်ခါမှ မိန်းကလေးတွေကို ဒီလိုစိတ်ဝင်တစား မရှိခဲ့ဖူးပဲ အခုကျမှ စိတ်ဝင်စားသလိုမျိုးဖြစ်နေတာကြောင့် ထွေးလှ ရင်ပူမိသည်။ မဖြစ်ဘူး မဖြစ်ဘူး ရုံးခန်းထဲမှာ တံမြက်စည်းလှည်းရင်းနဲ့ တစေ့တစောင်းသွားကြည့်ဦးမှ ဖြစ်မယ်လို့ စဉ်းစားမိပြီး ထွေးလှတစ်ယောက် တံမြက်စည်းလေးပိုက်ကာ ရုံးခန်းဘက်ဆီသို့ အပြေးကလေး လျှောက်လာမိတော့သည်။

'ဒေါက် . . . ဒေါက်'

အခန်းတံခါးကို ခေါက်ကာ ရို့ရို့လေးဝင်လာသော ရွှေအ,ကို ဦးတိုးတက်က လှမ်းကြည့်ရင်း . . .

''လာ မောင်ရွှေအ . . . မင်းကိုတာဝန်ပေးစရာ ရှိလို့ကွ''

ဆရာကြီးပြောသောစကားကို ခေါင်းငုံ့ကာ နားထောင်နေရင်းမှ ပတ်ဝင်းကျင်ကို မျက်လုံးဝေ့ကာ အကဲခတ်လိုက်တော့ ဆရာကြီးရဲ့ စားပွဲဘေးမှာ မနေ့က မိန်းကလေးကို တွေ့လိုက်ရသည်။ ရွှေအ ဝမ်းသာသွားပြီး မိန်းကလေးကို ငေးကြည့်နေမိလိုက်သည်။

"မောင်ရွှေအကို မိတ်ဆက်ပေးရဦးမယ်၊ သူက တို့ကုမ္ပဏီက နောက်ဆုံးထပ်ခန့်ထားတဲ့ အင်ဂျင်နီယာတစ်ဦးပဲ ... ခင်လေးမူတဲ့၊ အဓိက,ကတော့ သားလရောင်ရဲ့လုပ်ငန်းတွေကို ကူညီလုပ်ကိုင်ပေးဖို့ပဲ၊ အခုလောလောဆယ် သားက ပြန်မလာသေးတော့ သားရဲ့လုပ်ငန်းခွင်တွေ လုပ်လက်စတွေကို မောင်ရွှေအက လိုက်ပြပေးလိုက်ပါကွာ၊ မင်းတို့ရဲ့ ဆရာမလေးကို မင်းတို့ရဲ့ဆရာလိုပဲ လေးလေးစားစား ဆက်ဆံရမယ်၊ သူပြောတဲ့ စကား၊ သူလုပ်ခိုင်းတာတွေကိုလည်း မင်းတို့ သေသေချာချာ လုပ်ကိုင်ပေးရမယ်"

"အဲ ... အဲ "

ဆရာကြီးပြောသမျှကို ဝမ်းသာအားရနှင့် အဆက်မပြတ် ခေါင်းညိတ်ပြနေသော ရွှေအကိုကြည့်၍ ဦးတိုးတက်က ခင်လေးမူဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ကဲ သမီး ... ခင်လေးမူ ... လောလောဆယ် သားကတော့ ပြန်မရောက်သေးဘူးကွ ... ရှေ့တစ်ပတ်လောက်မှပဲ ပြန်လာသိမ့်မယ်၊ သူပြန်လာတဲ့အခါကျတော့ နှစ်ယောက် ညှိနှိုင်းပြီး လုပ်ငန်းအတွက် လိုအပ်တာတွေ လုပ်ကြပေါ့ကွယ် ... အခုတော့ အလုပ်နေရာတွေကို ရွှေအ လိုက်ပြလိမ့်မယ်၊ အဲ ... မောင်ရွှေအက စကားမပြောတတ်တော့ အစပိုင်းမှာ





ခင်လေးမူအတွက် အခက်အခဲ ဖြစ်နိုင်တယ် ... ဒါပေမဲ့ မောင်ရွှေအက အင်မတန်တော်ပြီး အားကိုးရတဲ့ ပန်းရံဆရာ တစ်ယောက်ပဲကွယ့် . . သားလရောင်ရဲ့ လက်ရုံးလေ၊ ဒါကြောင့် ခင်လေးမူကိုလည်း ရွှေအနဲ့တွဲပေးလိုက်တာ ... နောက်တော့ အဆင်ပြေသွားပါလိမ့်မယ် .."

"ဟုတ်ကဲ့ အန်ကယ် ... ကိစ္စမရှိပါဘူး အဆင်ပြေအောင် ကြိုးစားပြီးလုပ်လိုက်ပါ့မယ် "

"အေး .. အေး ... ဒါဆိုလည်း မောင်ရွှေအရေ ... မင်းဆရာမလေးကို လိုက်ပြလိုက်ပါဦး"

ရုံးခန်းထဲမှ ခင်လေးမူနှင့် အတူထွက်လာသော ရွှေအမှာ ဝမ်းသာလုံးဆို့၍ မြေကြီးနှင့်ခြေထောက်ပင် မထိတော့ဟု ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။

ကြည့်လေ ... သူဘယ်လိုမှ တွေးထင်မထားသော ကိစ္စတစ်ခုကို သူ လက်တွေ့ အခုလုပ်ဆောင်နေရပြီ။ သူ အရှုံးအမူး တမ်းတခဲ့ရသော အမေနှင့်တူသော မိန်းကလေးသည် သူ့တို့ကို အုပ်ချုပ်မည့် ဆရာမလေး ဖြစ်လာသည်။

ပြီးတော့ ထူးခြားတိုက်ဆိုင်စွာပင် အဲဒီဆရာမလေး နာမည်ကလည်း ခင်လေးမူတဲ့။ အမေ့နာမည်က ခင်လေးနွယ် ဆိုတော့ နောက်စာလုံးလေးပဲ ကွဲပြားမှုရှိပြီး ကျန်တာအားလုံး

တူညီနေတာကလည်း တော်တော်ထူးခြားသည် ... တကယ့်ကို အမွှေ့ကိုယ်ပွားဟူ၍ပင် ရွှေအတစ်ထစ်ချ ယုံကြည်လိုက်သည်။

ဆရာမလေး ဘာခိုင်းခိုင်း သူ တာဝန်ကျေပွန်စွာဖြင့် စိတ်ရောကိုယ်ပါ လုပ်ဆောင်ပေးမည်ဟူ၍လည်း နိုင်နိုင်မာမာ သံမဏိဌာန်ချထားလိုက်သည်။

လုပ်ငန်းခွင်ထဲတွင် သူ လိုက်လံပြသ,သမျှနေရာများကို စာအုပ်တစ်အုပ်နှင့် လိုက်လံရေးမှတ်ခြင်း၊ drawing စာရွက်များပါ၌ မှတ်သားခြင်း၊ လက်ရှိလုပ်နေသော လုပ်ကွက်များကို ကြည့်ရှုခြင်း စသည်ဖြင့် ဆရာမလေး အလုပ်တွေ ရှုပ်သွားသည်။

တစ်ခုထူးဆန်းတာက ဒီနေ့မှတွေ့သော ရွှေအနှင့် လွယ်လွယ်ကူကူ အဆင်ပြေစွာဖြင့် အလုပ်လုပ်ကိုင်နိုင်ခြင်းပင်။ တအူးအူး တအဲအဲ အသံထွက်ပြီး အမူအယာနှင့် ပြသနေသော ရွှေအ၏ ဘာသာစကားများကို ခင်လေးမူက ကျွမ်းကျင်စွာ ဘာသာပြန်နိုင်သည်။ သိပ်နားမလည်နိုင်လောက်သည့် ကိစ္စများ လောက်မျှသာ ရွှေအက စာဖြင့်ရေးသားပြရသည် ... တော်တော်များများကတော့ အဆင်ချောမောလှသည်။

ရွှေအကတော့ တစ်နေကုန်တစ်နေခန်း မမောနိုင် မပန်းနိုင်အောင် ပျော်ရွှင်၍နေသည်။ သူတို့နှင့်ဆန့်ကျင်စွာ မပျော်ရွှင်နိုင်သူကတော့ ထွေးလှပင်။





မနက်က ရုံးခန်းထဲက အတူထွက်လာသော ရွှေအနှင့် ခင်လေးမူတို့နှစ်ယောက်ကို တွေ့လိုက်ရသဖြင့် ထွေးလှ အရမ်း အံ့ဩသွားသည်။ လုပ်ငန်းခွင်ဘက်ကို လျှောက်သွားကြသည်ကို တွေ့လိုက်ရသည်။

ကိုရွှေအ၏မျက်နှာက ပြုံးပျော်နေပြီး မိုးမမြင်လေမမြင် ဖြစ်နေသည့် ပုံပင်။ သူ့ဘက်က ပျော်ရွှင်နေသလောက် ထွေးလှ မှာတော့ အံ့ပုန်းပူ ... လှုမသိ။ ရင်မှာ ဗလောင်ဆူစေနေအောင် ခံစားနေရသည်။ သန့်ရှင်းရေးလုပ်ရသည်ကိုလည်း စိတ်မဝင်စား တော့ ... ဘယ်နေရာကြည့်ကြည့် ကိုရွှေအတို့နှစ်ယောက်ကိုသာ မြင်ယောင်နေမိသည်။ နေ့ခင်းထမင်းစားချိန်ရောက်တော့လည်း ကိုရွှေအက ကော်တော်နှင့် ပေါ်မလာ ... ရွှေအကို စောင့်ရင်း စားနေကြတာတောင်မှ အားလုံးထမင်းစားပြီးချိန်အထိ ရွှေအက ရောက်မလာခဲ့ ... ထွေးလှ အောင့်အီးမထားနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချပစ်လိုက်သည်။

"အီး ... ဟီး ... ဟီး ... အင့်"

"ဟာ ... ထွေးလှ ... ထွေးလှ ... ဘာဖြစ်လို့လဲ ... ရုံးခန်းထဲက ဘယ်သူဆူလိုက်လို့လဲ"

ရှိုက်ကြီးတငင်ငိုနေသော ထွေးလှကိုကြည့်ပြီး ကျော်သိန်း မျက်လုံးပြူးသွားသည်။

ထမင်းစားဖို့ လာကတည်းက ထွေးလှ မျက်နှာသိပ် မကောင်းတာကို သတိထားမိလိုက်သည်။ ထမင်းစားပြီးမှ အကျိုးအကြောင်းမေးကြည့်ဦးမည်ဟု စဉ်းစားထားသော်လည်း သူတောင်မမေးရသေးဘူး ထွေးလှက ကောက်ကာငင်ကာဖြင့် ငိုနေသဖြင့် ကျော်သိန်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားရသည်။

"ဟင် ထွေးလှ ... ဘာဖြစ်တာလဲ ပြောစမ်းပါ ... နင့်ကို ဘယ်သူက အနိုင်ကျင့်လို့လဲ၊ ဘယ်သူက ဘာပြောလိုက်လို့လဲ ... ငါ့ကို ပြောစမ်းပါ၊ အရေးထဲ ရွှေအကလည်း အခုထက်ထိ ရောက်မလာနိုင်သေးဘူး"

"ဘယ်ရောက်လာနိုင်ပါဦးမလဲကွာ ... ဒီနေ့မှ အလုပ်စသင်တဲ့ အင်ဂျင်နီယာဆရာမလေးကို လုပ်ကွက်တွေအားလုံး လိုက်ပြနေတယ်လေ ... ပြီးတော့ ဆရာမလေးနဲ့ ထမင်းဆိုင်ဘက်ကို အတူသွားကြတာ တွေ့လိုက်တယ် ... ရွှေအ,ဗိုက် ဒီနေ့ ခွေးနမ်းပြီပေါ့ကွ"

ကျော်သိန်း၏ စိတ်ညစ်ညစ်နှင့် ညည်းညူလိုက်သံကို ပြန်ဖြေနေသော ကျော်သိန်း၏နောက်လိုက် မောင်ထွန်း၏ အဖြေကို ကြားလိုက်ရသော ထွေးလှမှာ ရင်ထဲမှာ ထပ်မံ၍ ဆို့တက်သွားပြီး စောစောကထက်ပင် ပို၍ ငိုကြွေးလေတော့သည်။





"အီး ... ဟီး ... ဟီး ... အစ် ... ရှုတ်"

"ဟာ ... ငိုပြန်ပြီ"

ပိုပိုပြီး ငိုကြွေးလာသော ထွေးလှကိုကြည့်ပြီး ကျော်သိန်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

"တိတ် ... တိတ်ပါ ထွေးလှရာ ..."

ဒီထက်ပိုပြီးတော့လည်း မချော့ရဲ။ ဒီရက်ပိုင်းလေးကမှ ထွေးလှက ဘာတွေစိတ်ကောင်းဝင်ပြီး သူ့ကိုအရေးတယူ ပြောနေမှန်းမသိ ... ဂရုတစိုက် အရေးတယူနှင့်ပြောဆိုနေသော အရိုန်လေးက သူ စကားပြောမတတ်ခဲ့လျှင် ၎င်းအခွင့်အရေးကို ဆုံးရှုံးသွားလျှင် ဒုက္ခ ...။

အခုလည်း ဘာဖြစ်လာမှန်းမသိ ... ထမင်းလည်း သိပ်မစား။ ပြီးတော့ ရှိုက်ကြီးတငင်လည်း ငိုနေသေးသည်။

"ဟော ... ဟိုမှာ ... ကိုရွှေအ လာပါပြီ"

မောင်ထွန်းရဲ့အသံကြောင့် အားလုံးလှမ်းကြည့်လိုက်တော့ ပြုံးရွှင်သောမျက်နှာဖြင့် သူတို့အုပ်စုဆီသို့ လျှောက်လာသော ရွှေအကို တွေ့လိုက်ရသည်။

"ဟွန်း ... မျက်နှာကိုက ပြုံးပျော်နေတာပဲ"

ထွေးလှက ပြုံးပြုံးရွှင်ရွှင်ဖြင့် သူတို့ဘက်ကို လာနေသော ရွှေအကို မျက်စောင်းထိုးကာ မသိချင်ယောင်ဆောင်

နေလိုက်သည်။

"ဟော့ ... ရွှေအ ... မင်းက ဒီနေ့တော်တော် ဟုတ်နေပါလားကွ၊ မင်းကို ဒီနေ့ ဆရာမလေးက ထမင်းကျွေးလိုက်တယ် မဟုတ်လား ... ငါတို့မြင်တယ်နော် "

မောင်ထွန်းတို့ တစ်ယောက်တစ်ပေါက်မေးနေသော အသံများကို ပြုံးပြုံး,ပြုံးပြုံးဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ရွှေအက သူ့ထမင်းချိုင့်ကို ဖွင့်ပြီးစားလိုက်သည်။

"ဟ ရွှေအ ... မင်းထမင်းမစားခဲ့ရသေးဘူးလား"

"အဲ ... အဲ"

ကျော်သိန်းရဲ့ တအံ့တသြနဲ့ မေးလိုက်သောအမေးကို ရွှေအက ခေါင်းယမ်းကာ အဖြေပေးလိုက်သည် ...

"တော်သေးတာပေါ့ကွာ ငါတို့က မင်းရဲ့ထမင်းချိုင့်ကို ယူစားတော့မလို့ ... မင်းကို ဆရာမလေးကျွေးတဲ့ ဟင်းကောင်းတွေနဲ့ အပြတ်နိုပ်နေပြီ ထင်တာ"

ရွှေအက ဘာမှမပြောတော့ဘဲ ထမင်းကိုသာ ငုံ့ပြီး အမြန်စားနေလိုက်သည်။

တကယ်တော့ ဆရာမလေးက သူ့ကို ထမင်းခေါ်ကျွေးပါသည် ... သူကိုယ်တိုင်က လိုက်မစားဘဲ ဆရာမလေးကို ထမင်းဆိုင်နေရာကိုသာလိုက်ပြီး ညွှန်ပြပေးခြင်းဖြစ်သည်။





ဆရာမလေးက ရုံးစတက်သည့်နေ့မို့ ထမင်းချိုင့်ယူမလာခဲ့။ ဒါကြောင့် ထမင်းဆိုင်နေရာကို လိုက်ပြရခြင်းဖြစ်သည်။

"ကျော်သိန်းရေ ထမင်းစားပြီးပြီမဟုတ်လား၊ လက်ဖက်ရည် သွားသောက်ရအောင်ဟာ ... ငါ နင့်ကို တိုက်ပါ့မယ်"

"ဟာ"

ကျော်သိန်း တကယ် ရင်တွေခုန်...သည်။ စောစောကပဲ တငိုငိုတရီရီဖြစ်နေတဲ့ ထွေးလှက ရုတ်တရက် ချိုသာသော အသံဖြင့် သူ့ကိုပြောလာသောကြောင့် ကျော်သိန်းအံ့သြသွားသည်။

"ဟော ... အင်း ... တကယ်လားဟင် ... ဟို ... ရွှေအတို့ကို မစောင့်တော့ဘူးလား"

"အို ... မစောင့်ချင်ပါဘူး ... ဘာလို့စောင့်ရမှာလဲ၊ ငါက နင့်ကိုပဲ တိုက်ချင်တာ ... လာ သွားမယ်"

ပြောပြောဆိုဆိုနှင့် ကျော်သိန်းရဲ့လက်မောင်းကို ဆွဲကာ သူ့ရှေ့မှထွက်သွားသော ထွေးလှကိုကြည့်ပြီး ရွှေအ ပြုံးမိသည်။

"ဩော် ... ထွေးလှ ... ထွေးလှ ... ငါ့ကောင်ကြီးကျော်သိန်းတော့ ရှုံးတော့မှာပဲ"

ခင်လေးမှုတစ်ယောက် ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်နေသည်မှာ တစ်လနီးပါးခန့်ရှိပြီမို့ အလုပ်လုပ်ရကိုင်ရတာ အဆင်ပြေ,ပြေ ဖြစ်နေလေပြီ။

သူ့လက်အောက်တွင် လုပ်ကိုင်ရသော အဖွဲ့များကလည်း စည်းစနစ်ကျပြီး တော်ကြသဖြင့် အဆင်ပြေပါသည်။ အထူးသဖြင့် ရွှေအနှင့် တွဲဖက်လုပ်ကိုင်ရသော အလုပ်များသည် တော်တော်စိတ်တိုင်းကျရသည်။

ရွှေအက စကားမပြောတတ်တာကလွဲပြီး ကျန်တဲ့ကိစ္စတွေအားလုံး အဆင်ပြေအောင် နိုင်းလို့,သုံးလို့ရသည်။ ပြီးတော့ ရွှေအကိုလည်း ဘယ်ရေစက်ကြောင့်ရယ် မသိ ... စိတ်ထဲမှာ

ထူးထူးဆန်းဆန်း ခင်မင်မိသည်။ ရွှေအကလည်း သူပြောသမျှ စကားဆို တစ်လုံးမကျန် နားထောင်သည်။ စကားမပြောတတ်သော်လည်း သူ့နာမည်ခင်လေးမူကို အဖျားဆွတ်ပြီး ခေါ်တတ်အောင် သင်ပေးကြည့်တော့ ကြိုးစားပြီး ပြောရှာသည်။

"ကိုရွှေအက စကားမပြောတတ်ပေမယ့် မူမူ့နာမည်ကို ကြိုးစားပြီး ခေါ်ကြည့်ပါလား ... မူမူ နားထောင်ကြည့်ရအောင်"

"အဲ ... အဲ"

ခင်လေးမူစကားကို ဝမ်းသာအားရ ထောက်ခံပြီး ရွှေအကလည်း ကြိုးစားပြီး ပြောကြည့်သည်။

"ကဲ ... ပြောကြည့်စမ်းပါဦး ... မူမူလို့"

"အူ ... အူ ... အဲ ... အဲ"

မူမူအသံထွက် ဒို ကြိုးစားခေါ်ရင်းမှ မူမူအစား "အူ ... အူ" ဟူသောအသံကို ထွက်၍ရသဖြင့် ရွှေအ,တော်တော်ပျော်သွားသည်။ တစ်နေ့လုံးလည်း စာဆိုနေသော ကလေးတစ်ယောက်လို မူမူအသံထွက်ကို လေ့ကျင့်နေသည့် ရွှေအကို ကြည့်ကာ ခင်လေးမူ သနားလည်းသနား ခင်လည်းခင်မင်မိသည်။

ဒီနေ့တော့ အိမ်က စောစောထွက်ပြီး လမ်းမှာ ပန်းဆင်းဝယ်လိုက်သည်။ သူ့စားပွဲပေါ်နှင့် သူ့ဆရာ ကိုလရောင်တို့





စားပွဲပေါ်တွင်တင်ထားသည့် ပန်းအိုးကလည်း ပန်းများနွမ်းနေပြီဖြစ်သဖြင့် ပန်းလဲရန်ဖြစ်သည်။

MD ၏သား ကိုလရောင်က နိုင်ငံခြားမှ ပြန်ရောက်လာပြီး ဒီနေ့ ရုံးစတက်မည်ဟု MD ကပြောသဖြင့် ပန်းအသစ်လဲရန် နှင်းဆီပန်းများ ဆင်းဝယ်ခြင်းဖြစ်သည်။

ကိုလရောင်ဆိုသူကိုတော့ တစ်ခါမှ မမြင်ဖူးပေမယ့် ကိုယ်နှင့်တွဲပြီး လုပ်ကိုင်ရမယ့်သူဆိုတော့ နည်းနည်းပါးပါး သူ့အကြောင်းကို စနည်းနာထားရသည်။

ကြားရသည်ကတော့ အလုပ်,လုပ်ရာမှ စေ့စပ်သေချာကြောင်း သဘောကောင်းကြောင်းတွေက များပါသည်။ ဒီတော့ ခင်လေးမူမှာ နည်းနည်းတော့ စိုးရိမ်စိတ်လေးတွေ လျော့ပါးသွားရသည်။ ဟုတ်သည်လေ ... ကိုယ်နဲ့ တွဲရမယ့် ကိုယ့်ရဲ့ အထက်အရာရှိက သဘောမကောင်းဘဲ အပေါက်ဆိုးတယ်ဆိုရင် အလုပ်,လုပ်ရတာ ဘယ်လိုလုပ်ပြီး လွတ်လပ်ပျော်ရွှင်မှု ရတော့မှာလဲ။

ရုံးနောက်ကျနေမှာစိုး၍ ခြင်းတောင်းတစ်ဖက်၊ ပန်းစည်းတစ်ဖက်ဖြင့် ကုမ္ပဏီနားရောက်ခါနီး လမ်းချိုးအရောက် အလျင်စလို ဖြတ်ကူးမိလိုက်သည်။

'ကျွီ"

"အမလေး"

ရုတ်တရက် တစ်ဖက်လမ်းမှထွက်လာသော ကားတစ်စီးနှင့် တိုက်မိမလိုဖြစ်သွားပြီး ခင်လေးမူ လန့်ပြီးလဲကျသွားသည်။

တကယ်တော့ ခင်လေးမူဘက်က အလျှင်စလို လုပ်မိသွားသောကြောင့် ကိုယ့်ဘက်က အမှားဖြစ်သွားသည်။ တော်သေးသည် ... တစ်ဖက်ကလာသော ကားကလည်း အရှိန်မပြင်းဘဲ အချိန်မီ ဘရိတ်အုပ်နိုင်သဖြင့် မတိုက်မိခြင်းဖြစ်သည်။

"ဒီမယ် ... ခင်ဗျား ဘယ်နားထိသွားလဲ ... ကျွန်တော် ဘာလုပ်ပေးရမလဲ"

ကားပေါ်မှလူတစ်ယောက်ဆင်းလာပြီး ခင်လေးမူဘေးနားတွင် ဒူးထောက်ထိုင်ကာ ကျနေသောပန်းများကို ကောက်ပေးရင်း မေးလာသည်။

"ရပါတယ်ရှင် ... မူက မှားတာပါ ... ကိုယ့်ဘာသာ လန့်ပြီး လဲသွားတာပါ"

"ခင်ဗျားမှားတာကတော့ မှားတာပေါ့ဗျာ၊ မတော်တဆ တိုက်မိသွားရင် ဘယ့်နှယ့်လုပ်မလဲ ... နောက်ဆို သတိထားပါဗျာ"

အမှန်တကယ် စိတ်ပူသော လေသံဖြင့်ပြောကာ သူမရဲ့ လက်မောင်းတစ်ဖက်ကို ကိုင်ပြီးဆွဲထူပေးနေသော သူ့ကို ထူထူ





ပူပူ အားနာနာဖြင့် ခင်လေးမူ မော့ကြည့်မိလိုက်သည်။

"အို ..."

မော့ကြည့်မိသည့် တစ်ခဏ ခင်လေးမူရင်ထဲ ဖြောင်းဆန်သွားခဲ့သည်။ ရှပ်အင်္ကျီလက်ရှည် အကောင်းစား ခဲရောင်လေးကို လက်ခေါက်ကာ ဝတ်ထားပြီး စတိုင်ဘောင်းဘီ အမည်းရောင်လေးဖြင့် ချောမောခန့်ညားသော သူ့ကိုတွေ့လိုက်ရသဖြင့် ခင်လေးမူ ရင်တွေလှိုက်ဖိုသွားသည်။

မျက်နှာတည်တည် ချောချောပေါ်တွင် ခင်လေးမူအတွက် စိတ်ပူနေဟန်တို့က အထင်းသားပေါ်လွင်နေသဖြင့် ဘာရယ်မဟုတ် ခင်လေးမူရင်ထဲမှာ ကျေနပ်သွားမိသည်။

သူ့ကိုပြန်ပြီး ငုံ့ကြည့်နေသော မျက်လုံးအစုံကို တွေ့လိုက်ရတော့ ခင်လေးမူ ခုန်နေသောရင်ကို အသာထိန်းပြီး ကျွန်ကြည်ကာ ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ ... နောက်ဆို မူ သတိထားပါ့မယ်ရှင်၊ အခုလို ကူညီပေးတာကိုလည်း ကျေးဇူးတင်ပါတယ် "

ခင်လေးမူက ကျေးဇူးစကား လှမ်းဆိုပြီးတော့ သူ့လက်ထဲမှ ပန်းများကို လှမ်းယူလိုက်သည်။

"ခင်ဗျားတကယ် ရရဲ့လား ... ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"ဟို ... ရပါတယ်ရှင် ... တကယ်ပြောတာပါ ... မူ့ကို ခွင့်ပြုပါဦး"

ခင်လေးမူ သူ့ကိုနှုတ်ဆက်ပြီး ကမန်းကတန်း လှည့်ထွက်လာခဲ့သည်။ ခဏကြာတော့ ကားစက်နှိုးသံကြားရပြီး ကားမောင်းထွက်သွားသံ ကြားလိုက်ရသည်။

ဒါဆို သူသွားပြီပေါ့။

ခင်လေးမူရင်ထဲတွင် ဟာသွားသလို ခံစားလိုက်ရသည်။ နောက်ဘက်ကို အသာလှည့်ကြည့်လိုက်တော့ သူ့ရဲ့ကားနောက်ပိုင်းကိုသာ မြင်တွေ့ရတော့သည်။ သူ့ကိုတစ်ခါမှ ဒီနားမှာ မတွေ့ဖူးသောကြောင့် ခဏတစ်ဖြုတ်လာသော ဧည့်သည်ဖြစ်ပေလိမ့်မည်။

အင်းလေ ... ဆုံခွင့်ရှိမယ်ဆိုရင်တော့ နောက်တစ်ကြိမ်ထပ်ဆုံဦးမှာပေါ့။ ခင်လေးမူရင်ထဲမှာ တစ်ခါမှ မခံစားဖူးခဲ့သော ခံစားချက်လေး ဖြစ်ထွန်းသွားခဲ့သည်။ အတွေးစများကို ကြိုးစားဖြတ်တောက်လိုက်ပြီး ရုံးခန်းဘက်ဆီသို့ အမြန်လျှောက်လာခဲ့သည်။ ရုံးခန်းမှ ဖြတ်လျှောက်သွားသော ငွေစာရင်းက မမချိုက လှမ်းပြောလိုက်သည်။

"မူမူရေ ... စောစောက ဆရာကိုလရောင်လာသွားတယ်"





"ဟင် ... ဟုတ်လား ... ဒုက္ခပါပဲ ... မူမူနောက်ကျသွားတယ် ထင်တယ်နော် မမချို"

"မူမူနောက်ကျတာ မဟုတ်ပါဘူးကွယ် ... ဆရာကိုယ်တိုင်က အစောကြီးရောက်နေတာပါ ... မနက် ခုနစ်နာရီခွဲကတည်းက ရောက်နေတာတဲ့၊ မမချိုတောင် ဒီနေ့ စောလို့တွေ့လိုက်တာ ... နို့မို့ဆို တွေ့မှာမဟုတ်ဘူးကွဲ့"

"ဘာတွေပြောသွားသေးလဲ မမချို"

"ဘာမှတော့ အထွေအထူး မပြောသွားပါဘူးကွယ် ... သွားစရာကိစ္စရှိလို့ စာရင်းဖိုင်တွေ လာယူတာတဲ့၊ ပြန်လာမယ်လို့တော့ ပြောသွားတာပဲ"

'တော်ပါသေးရဲ့ ... တော်ကြာ ကိုယ့်အထက်ကလူကြီးက စောရောက်နေပြီး ကိုယ်က နောက်ကျနေတယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ။ အခုတော့ ဆရာကိုလရောင်က မနက်အစောကြီးကတည်းက သူ့ကိစ္စရှိလို့ သူ့ဘာသာ လာတာဆိုတော့ တော်သေးတာပေါ့။ ခင်လေးမူကတော့ အမြဲတမ်း အလုပ်ချိန်မှန်မှန်ရောက်အောင် ကြိုးစားပြီးလာတဲ့သူဖြစ်တဲ့အတွက် ကိစ္စမရှိ။

နှင်းဆီပန်းအိုးလေးကို လှပစွာပြင်ဆင်ပြီး ဆရာကိုလရောင်ရဲ့ စားပွဲပေါ်တင်ပေးလိုက်သည်။ ပြီးတော့ သူ အလုပ်စဆင်းသည့်နေ့မှစ၍ ယခုအချိန်အထိ လုပ်ဆောင်ခဲ့သော၊ လုပ်

ဆောင်ဆဲလုပ်ငန်းကိစ္စများကို အဆင်သင့် ဖိုင်စီထားလိုက်သည်။ ဆရာကိုလရောင် အဆင်သင့်ကြည့်ရှုနိုင်ရန်အတွက်ပါ။

သူလည်း လုပ်ငန်းခွင်ဘက်မသွားတော့ဘဲ ရုံးခန်းအတွင်းထဲမှာပင် လုပ်စရာရှိသည်များကို လုပ်ကိုင်နေလိုက်သည်။ တော်ကြာ နောက်တစ်ခေါက် ဆရာကိုလရောင် ပြန်ဝင်လာလို့ သူ မရှိရင် မကောင်း။ Site ထဲမှာက ကိုရွှေအ ရှိနေတော့ တော်ရုံလွှတ်ထားလို့ စိတ်ချရသည်။

"မင်္ဂလာပါ ဆရာ"

"ဆရာ ဘယ်နေ့က ပြန်ရောက်လဲဆရာ"

ရုံးခန်းထဲမှာ စာရင်းတွေလုပ်ကိုင်နေတုန်း အပြင်က အသံတွေ ကြားလိုက်ရသဖြင့် ဆရာကိုလရောင် ပြန်ရောက်လာမှန်း ခင်လေးမူ သိလိုက်ရသည်။

ဒါကြောင့် လုပ်လက်စအလုပ်တွေကို ခဏရပ်ထားလိုက်ပြီး ဆရာကိုလရောင်ကိုကြိုဖို့ နေရာမှထလိုက်သည်။ ထိုအခိုက် အခန်းထဲသို့ ဆရာကိုလရောင်ဝင်လာသဖြင့် ခင်လေးမူ ကမန်းကတန်းဖြင့် ခေါင်းငုံ့ပြီး အရိုအသေပေးလိုက်သည်။

"မင်္ဂလာပါ ဆရာ"

ပြီးတော့ ဆရာကိုလရောင်ကို ခေါင်းလေးမော့ပြီး လှည့်အကြည့် ...





"ဟင် ... သူ ... သူပါလား"

ခင်လေးမူ အံ့သြသွားပြီး ရုတ်တရက် ဘာပြောရမှန်း မသိအောင်ပင် ဖြစ်သွားသည်။

"ဟင်

အခန်းထဲသို့ ဝင်လာသော လရောင်ကလည်း သူ့ကို နှုတ်ဆက်လိုက်သော ကောင်မလေးရဲ့ မျက်နှာကိုတွေ့လိုက်ရသဖြင့် အံ့သြသွားသည်။

"ခင်ဗျား ... ခင်ဗျား ... မနက်က ကားနဲ့ ..."

"ဟုတ်ပါတယ်ဆရာ ... မနက်က ဆရာ့ကားနဲ့ တိုက်မိမလို ဖြစ်သွားတဲ့သူပါ၊ မှုနာမည်က ခင်လေးမူပါဆရာ"

သူ့ကိုယ်သူမိတ်ဆက်ရင်း ပြောလာသော ကောင်မလေးကို ကြည့်ရင်း လရောင်ဝမ်းသာနေမိသည်။ ဒီကောင်မလေးကို မနက်က စတွေ့ကတည်းက စိတ်ထဲမှာ ရင်းနှီးသလိုလို၊ မြင်ဖူးသလိုလို ဖြစ်နေပေမယ့် စဉ်းစားလို့မရ။ မျက်နှာဖူးဖူးလေးနှင့် ဝိုင်းစက်သောမျက်လုံးလေးကို တစ်နေရာရာမှာ မြင်ဖူးသလိုပင်။

မနက်က သူလည်း အရေးတကြီးကိစ္စရှိနေ၍ ကောင်မလေးနှင့် စကားဆက်မပြောနေနိုင်ဘဲ အမြန်ထွက်လာခဲ့ပေမယ့် ကောင်မလေးရဲ့မျက်နှာလေးကိုတော့ မြင်ယောင်နေမိသည်။ နောက်ထပ်တွေ့ချင်သောဆန္ဒရှိ၍ နောက်ရက်တွေမှာ ဒီနေရာ

လေးက လာစောင့်ပြီး ရှာကြည့်ဦးမည်ဟုလည်း စိတ်ကူးထား မိသည်။

အခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် လရောင် တကူး တက ရှာစရာမလိုတော့။ သူနှင့် တွဲဖက်တာဝန်ယူကာ အလုပ်, လုပ်ကိုင်ရမည့် ဖေဖေရွေးချယ်ခန့်ထားသော လက်ထောက် အင်ဂျင်နီယာအဖြစ် ကုမ္ပဏီမှာ လာရောက်တွေ့ဆုံနေရပြီး လရောင် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

"အင်း ... ဟုတ်ပါပြီ ... ထိုင် ... ထိုင် ... မခင် လေးမူ"

"ဆရာ ... ဒီမှာက ဆရာမရှိတုန်း မူ အလုပ်စဝင် ကတည်းက လုပ်ထားတဲ့ စာရင်းတွေပါ ဆရာ"

ခင်လေးမူပေးသော စာရင်းများကိုကြည့်ပြီး လရောင် သဘောကျမိသည်။

"အင်း ... မဆိုးဘူး လုပ်ရည်ကိုင်ရည်ရှိမယ့်ပုံပဲ"

လရောင်ကတော့ ခင်လေးမူအပေါ် ကျေနပ်အားရစွာ ဖြင့် အမှတ်များပေးနေမိသည် ...။

အခုတလော သူတို့ဘက်ကို ထွေးလှ သိပ်မလာတော့၍ ရွှေအ အုံ့ဩနေမိသည်။

ခါတိုင်းဆို တစ်ပတ်ကို အနည်းဆုံး နှစ်ကြိမ်လောက် တော့ ညပိုင်းရောက်လာတတ်ပြီး ကြီးမှတ်နှင့် စကားတွေကောင်း နေတတ်သည်။ ရွှေအကတော့ ထွေးလှနှင့်ကြီးမှတ်ကြားမှာ ထွေးလှယူလာသော စားစရာတစ်ခုမဟုတ်တစ်ခုကို စားပြီး နား ထောင်သူ သက်သက်အဖြစ် နေရာယူစမြဲ။

အခုတော့ သူတို့ ဘက်ကို မလာတာကြာပြီ။

အလုပ်ထဲမှာ တွေ့လိုက်ရပေမယ့် ခဏတစ်ဖြုတ်ပင်။ အရင်ကလို သူ့ကို တတွတ်တွတ်နှင့် သတင်းစုံ စကားစုံ တွတ်

ထိုးပြီးလည်း လာမပြောတော့။ အပြန်ကျလို့ အားလုံးအတူတူ ပြန်ကြလျှင်လည်း ရုပ်က ခပ်တည်တည်။ ပြီးတော့ ကျော်သိန်းနားကို ပိုကပ်နေသည်။

ထွေးလှတစ်ယောက် သူ့အပေါ် ဘာတွေ အလိုမကျဖြစ်ပြီး စိတ်ကောက်နေတာလဲ ရွှေအ မတွေးတတ်တော့။ ဒီကောင်မလေး အခုတလော ဘာဖြစ်နေတာလဲ မသိ ... ကျော်သိန်းနှင့် ပိုပြီး တွဲနေတာကိုမြင်နေရ၍ ကျော်သိန်းနှင့် ထွေးလှတို့ ကြိုက်နေကြပြီလား ... ကြိုက်နေကြတယ်ဆိုရင်လည်း ကောင်းတာပဲ ... ဒီကောင် ကျော်သိန်းက လူငယ်ပေမယ့် အသောက်အစား မရှိ။ များသောအားဖြင့် သူကိုလိုအလုပ်ကြမ်းလုပ်ရသော လက်လုပ်လက်စားလူတန်းစားများမှာ ပင်ပန်းဒါဏ်ခံနိုင်အောင်ဟု အကြောင်းပြကာ အသောက်အစားလေးက ရှိတတ်စမြဲ။

ရွှေအကတော့ ဘုန်းကြီးကျောင်းသားတစ်ပိုင်း ဖြစ်နေတာမို့ အသောက်အစား ရှောင်သည်။ အမြဲတမ်း ဘဘုန်းရဲ့ဆုံးမစကားကို ဦးထိပ်ထားသည်။ ကျော်သိန်းကလည်း သူတို့အုပ်စုထဲမှာ မဆိုး။ လုပ်ခလည်း ကောင်းကောင်းရသည်။ ပြီးတော့ ထွေးလှကိုလည်း တော်တော်စိတ်ဝင်စားနေတာ ကြာပြီ။ ဒီတော့ ကျော်သိန်းနှင့်ဆိုလျှင် ထွေးလှကို သူ သဘောတူသည်။





ဒါဆိုရင်တော့ ပိုက်ဆံလေး,ဘာလေး ကြိုပြီးစုထားဦးမှပဲ။ ဒါမှ ထွေးလှမက်လာဆောင်ရင် သူ ကောင်းကောင်းလေး လက်ဖွဲ့နိုင်မှာ ... ကျော်သိန်းကိုတော့ သေချာအောင် မေးကြည့်ဦးမှ ...

"လူလေးရေ အိပ်ပြီလားကွဲ့"

ရွှေအ အတွေးမျှုံးစုံဖြင့် လှဲအိပ်နေရာသို့ ကြီးမှတ်ရောက်လာသည်။

"အဲ ... အဲ"

ရွှေအက ခေါင်းမြီးခြုံထားရာမှ ခေါင်းဖော်လိုက်ပြီး အသံပေးလိုက်သည်။

"လူလေးကို မေးမလို့ကွယ့် ... ထွေးလှတစ်ယောက်လည်း အိမ်ကိုမလာတာ ကြာပြီ ... နေမကောင်းဘူးလား၊ ဒါမှမဟုတ် လူလေးနဲ့ စိတ်ကောက်နေကြတာလားကွဲ့"

"အဲ ... အူး"

ကြီးမှတ်ရဲ့အမေးကို ရွှေအက ခေါင်းယမ်းပြီး ပြန်ဖြေပေးလိုက်သည်။

"စိတ်ကောက်နေတယ်ဆိုရင်လည်း လူလေးက ပြန်ချော့လိုက်ပါကွယ် ... နော် ... ထွေးလှက လိမ္မာရေးခြားရှိတယ်ကွဲ့၊ လူလေးအပေါ်လည်း တော်တော်သံယောဇဉ်ကြီးရှာ

ပါတယ် ... ဟုတ်တယ်မဟုတ်လား"

"အဲ ... အဲ"

ဒါကိုတော့ ရွှေအ ထောက်ခံသည်။ သူ့အပေါ် ထွေးလုက တော်တော်ခင်မင်ရှာသည်။ အလုပ်ထဲမှာလည်း အလုပ်ထဲမို့လို့ ... သူတို့အုပ်စုတွေနဲ့ဆိုရင်လည်း အမြဲတမ်း ရွှေအဘက်က ရပ်တည်ပေးသည်။

"အဲဒါလူလေးကို ကြီးမှတ်က မေးချင်လို့ ... ကြီးမှတ်လည်း မေးမယ်, မေးမယ်နဲ့ မမေးဖြစ်ဘူး ... အခု ထွေးလုမလာတာ ကြာတော့မှပဲ ကြီးမှတ်မနေနိုင်လို့ မေးရမှာ ... လူလေးရော ထွေးလုအပေါ်ကို ခင်မင်ရဲ့လား"

"အဲ ... အဲ"

ကြီးမှတ်ရဲ့အမေးကို ရွှေအက လျင်မြန်စွာခေါင်းညိတ်ပြလိုက်သည်။ ဘယ့်နှယ့် ထွေးလုကို မခင်ဘဲရှိရမည်လဲ။ သူတို့ရန်ကုန်ကို စတက်လာကတည်းက အလုပ်လည်းအတူတူ နေထိုင်ရာနေရာကျတော့လည်း သိပ်မဝေး။ နှစ်တွေကြာအောင် ဆက်ဆံလာမှတော့ မခင်ဘဲနေပါ့မလား ... ပြီးတော့ ထွေးလုက ခင်မင်စရာကောင်းအောင် ပွင့်လင်းရိုးသားသည်၊ ဖော်ရွေသည်။ သူ့အတွက်ဆိုလည်း အမြဲတမ်းရှေ့ဆုံးက အဆင်သင့်ရှိနေသူ တစ်ယောက် ...။





ဒီလိုလူမျိုးကိုမှ ရွှေအ မခင်လျှင် ဘယ်သူကိုသွားခင်ရပါ့မလဲ။

"အေး ... အေး ... ခင်မင်တယ်ဆိုတော့ ကြီးမှတ်ဝမ်းသာပါတယ်ကွယ်၊ အခု ကြီးမှတ် လူလေးကို စကားပြောစရာရှိလို့ ... သေ သချာချာ နားထောင်နော် ... ကြီးမှတ် အသက်လည်းကြီးပြီ၊ ကျန်းမာရေးကလည်း [illegible]ောင်းတော့တာမဟုတ်တော့ အချိန်မရွေး ကြီးမှတ်က သေသွားနိုင်တယ် မဟုတ်လား"

အင်း ... ဟုတ်တော့ဟုတ်သည်။ ကြီးမှတ်က အသက်ပဲကြီးလာလို့လား၊ ငယ်စဉ်က ပင်ပန်းခဲ့ရသည့်ဒဏ်တွေကို မခံနိုင်တော့၍လားမသိ ... ရွှေအ တတ်နိုင်သလောက် ကုသပေးနေသည့်ကြားထဲက အမြဲ တရှောင်ရှောင်ဖြစ်နေတတ်သည်။ အခုနှစ်ထဲမှာ ပိုဆိုးသည်။ ပိန်လည်း ပိန်သွားသည်။

သူ့ကိုကြည့်ပြီး လေးလေးနက်နက် စကားတွေဆိုနေသော ကြီးမှတ်ကိုကြည့်ကာ ရွှေအ စိတ်မကောင်းဖြစ်သွားသည်။ ကြီးမှတ် ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲ ... ကြီးမှတ် ဘာပြောချင်လို့လဲ။

"ကြီးမှတ်မရှိတော့တဲ့ အချိန်မှာ လူလေးတစ်ယောက်တည်းကို ထားခဲ့ရမှာကို ကြီးမှတ်စိတ်မချဘူး။ ပြီးတော့ လူလေး

က သူများတွေလို စကားပြောတတ်တဲ့သူ မဟုတ်တော့ သူများတွေလို စိတ်ချလက်ချ မထားခဲ့နိုင်ဘူး၊ ဒီတော့ ကြီးမှတ်လည်း စိတ်ချလက်ချနဲ့ နောက်ဆံမတင်းရအောင် လူလေးလည်း အဆင်ပြေအောင် ကိုယ်နဲ့လည်း ဘဝတူ အကြောင်းသိ အချင်းချင်းဖြစ်တဲ့ ထွေးလှလေးကို ကြီးမှတ် ချွေးမ,တော်ချင်တယ်ကွယ်”

“ဟင် ...”

ကြီးမှတ်ထံမှ မျှော်လင့်မထားမိသောစကားကို ကြားလိုက်ရသဖြင့် ရွှေအ အရမ်းအံ့သြသွားသည်။ လူကလည်း ထူထူပူပူနှင့် ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားရသည်။ ကြီးမှတ်ကလည်း ဘာစကားတွေလာပြောနေမှန်း မသိဘူး ... ရွှေအ ခေါင်းရှုပ်သွားသည်။

“ကြီးမှတ်ပြောချင်တာကတော့ ဒါပါပဲကွယ် ... အဲဒီကိစ္စကို လူလေး စဉ်းစားပါကွယ်၊ ကဲ ... ကဲ ... လူလေးလည်း ပင်ပန်းလာရောပေါ့ ... အိပ်တော့ ... အိပ်တော့”

ကြီးမှတ်ထွက်သွားတော့ ရွှေအတစ်ယောက် မျက်လုံးအကြောင်သားနှင့် ကျန်နေခဲ့သည်။ အတွေးတွေကလည်း ခေါင်းထဲကို တန်းစီပြီး ဝင်ရောက်လာသည်။ ကြီးမှတ်ပြောသလို သူ အိမ်ထောင်ပြုဖို့ကိစ္စမျိုးတွေဆိုတာ သူ့လိုလူမျိုးနှင့် အဝေးကြီးမှ





အဝေးကြီး။ သူ့လိုစကားမပြောတတ်သူ ... အ,အကို ဘယ်မိန်းကလေးမျိုးက ယူမှာတဲ့လဲ။ ကြီးမှတ်ပြောသလို သူ့ကို သံယောဇဉ်ရှိသော ထွေးလှကို စဉ်းစားကြည့်မိသည်။

ထွေးလှကိုယူဖို့ ကျတော့ရော ...။

အဲဒီလိုမျိုး စဉ်းစားကြည့်လိုက်တော့ ရင်ထဲမှာ တစ်မျိုးကြီးလိုပဲ ခံစားလိုက်ရသည်။ ရင်ဖိုသလိုလို ... ရှက်သလိုလို ဘယ်လိုကြီးမှန်းကို မသိ။ ဒီလိုမျိုးကြီးလည်း တစ်ခါမှမစဉ်းစားမိ။ ထွေးလှ သူ့အပေါ် သံယောဇဉ်ပိုမှန်း သူသိပါသည်။ ဒါပေမဲ့ ထွေးလှနှင့်သူ့ကို မျက်စိထဲ ယှဉ်ကြည့်လိုက်တော့ အပြင်ပန်းမှာတော့ လိုက်ဖက်သော စုံတွဲပါပင် ... သို့ပေမယ့် သူက စကားမပြောတတ်သောသူ။ သူ့အပေါ် ဘယ်လောက်ပဲ ထွေးလှက နားလည်မှုရှိနေပါစေ ... ဘဝတစ်ခုလုံးစာအတွက် လက်တွဲဖို့ကျတော့ ဘယ်လိုမှ ဖြစ်နိုင်မည်မထင်။ အခုလို မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့နေတာက ဘယ်သူမှမကဲ့ရဲ့ ... ဘယ်သူမှ အပြစ်မပြော။ သူနှင့်ထွေးလှသာ ယူလိုက်ပါက ထွေးလှ ဂုဏ်ငယ်မှာပေါ့။ ကိုယ့်ယောကျ်ားက စကားမပြောတတ်သော အ,အ တစ်ယောက်ဆိုတော့ တစ်ချိန်ချိန်မှာ အဆင်မပြေ အခန့်မသင့် ဖြစ်သွားနိုင်သည်။

မဖြစ်ဘူး ... မဖြစ်ဘူး ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

ရွှေအသည်လည်း စကားမပြောတတ်တာကလွဲလို့ ခံစား တတ်သော လူသားတစ်ဦးပါလေ။ ဒါပေမဲ့ သူ့အသည်းနှလုံးက ရိုးသားသည်။ ဖြူစင်သည်၊ အရိုးခံနှလုံးသားကိုသာ ပိုင်ဆိုင်ထား သူတစ်ယောက်။ သူ့ကြောင့်လည်း မည်သူတစ်ဦးတစ်ယောက်ကို မှ မထိခိုက်စေလို။

ဒီတော့ ထွေးလှကိုဘယ်လောက်ပဲ သံယောဇဉ် ရှိပါစေ၊ သူ့ကို ထွေးလှက ဘယ်လောက်ပဲနားလည်မှုတွေပေးပြီး သံယော ဇဉ်တွေ ရှိနေပါစေ သူ ထွေးလှကို ဘယ်တော့မှ လက်မထပ်ဖို့ ဆုံးဖြတ်ထားသည်။

ထွေးလှတင်မဟုတ် ဘယ်မိန်းကလေးကိုမှ သူ မယူဖို့ ဆုံးဖြတ်ထားသည်။ ထွေးလှကိုလည်း ကျော်သိန်းနှင့် နီးစပ်စေ ချင်သည်။ မြန်မြန်နီးစပ်သွားတော့လည်း ထွေးလှအတွက် ကောင်းသည်။ နို့မို့ခ် ရွှေအအပေါ် ဒီထက်ပိုပြီး သံယောဇဉ်တွေ ဖြစ်နေရင် ပိုဆိုးကုနလိမ့်မည်။

သူ့ဘက်ကရော ကြာလာရင့် တင်းခံနိုင်ပါ့မလား ...။ အခုတောင် ကြီးမှတ်ပြောစကားနဲ့တင် သူ ရင်တွေခုန်နေရပြီ မဟုတ်လား ... နောက်ဆိုရင် ခက်သွားနိုင်သည်။ ဒီတော့ ကျော်သိန်းကိုလည်း တွန်းရမည် ... ထွေးလှကိုလည်း တဖြည်း ဖြည်းနဲ့ သူ နားချရမည်ဟု ရွှေအ တွေးနေမိသည်။





ခက်တာက လောလောဆယ်မှာ ထွေးလှက သူ့ကို စိတ်ကောက်နေသည်။ ဘာကိုကောက်မှန်းလည်း မသိတော့ ချော့ရခက်သည်။ အရင်ဆုံး ထွေးလှစိတ်ပြေအောင် လုပ်ရဦး မည်။

"ဟူး ... စိတ်မောရပါလား"

ရွှေအတစ်ယောက် ဟိုတွေးဒီတွေးနှင့် ညဉ့်နက်မှပဲ အိပ် ပျော်သွားတော့သည်။

ဒီနေ့မနက် အလုပ်သွားဖို့ အိမ်ကထွက်တော့ လမ်းထိပ်မှာ ဘုရားပန်းတွေထမ်းရောင်းနေသော ပန်းသည်တစ်ဦးကို တွေ့လိုက်ရသည်။ ဘာရယ်မဟုတ်ဘဲ ပန်းသည်ရဲ့ ဆိုင်းထမ်းကို လှမ်းကြည့်လိုက်တော့ ဂန္ဓမာပန်းတွေ၊ သပြေပန်းတွေ၊ သစ္စာပန်းတွေရဲ့အလယ်မှာ ငွားငွားစွင့်စွင့် ဂျပစ္စာရှိနေသော အနီရောင်ရဲရဲ နှင်းဆီပန်းသုံးပွင့်ကို တွေ့လိုက်ရသည်။

"အား .. ပါး .. ပါး ... နှင်းဆီပန်းကြီးတွေက လှ,လှချည်လား ... ကြီးလည်း တော်တော်ကြီးတယ်"

ရွှေအ နှင်းဆီပန်းကြီးတွေကို ကြည့်ပြီး အတွေးတစ်မျိုးဝင်လာသည်။

ဟုတ်ပြီ ... ထွေးလှကို ဒီပန်းကြီးတွေပေးလိုက်ရင် ထွေးလှ စိတ်ကောက်ပြေသွားမှာပဲ။

ဟုတ်တယ် ... ဒီနှင်းဆီပန်းတွေ ဝယ်သွားမယ်။ ရွှေအ,တစ်ယောက် သူ့အတွေးနှင့်သူ နှင်းဆီပန်းသုံးပွင့်ကို ဝယ်လိုက်သည်။ တစ်ပွင့်ကို ဆရာမလေးကို ပေးရမည်။ ကျန်နှစ်ပွင့်ကိုတော့ ထွေးလှကို ပေးရမည်ဟု စဉ်းစားလိုက်သည်။ ပန်းတွေကို ထိပ်ကနေပြီး ကျွတ်ကျွတ်အိပ်ဖြင့် သေသေချာချာ ထုပ်လိုက်သည်။

ပြီးတော့ ကားဂိတ်မရောက်ခင် ခပ်လှမ်းလှမ်းမှာရှိသော လက်ဖက်ရည်ဆိုင်လေးထဲကို ဝင်လာခဲ့သည်။ ဒီပန်းတွေနှင့်ဆို ကျော်သိန်းတို့ ထွေးလှတို့အုပ်စုနှင့် အတူတူသွားလို့ မဖြစ်။ သူ့ကို တစ်ယောက်တစ်ပေါက် မေးမြန်းစစ်ဆေးနေကြဦးမှာ သေချာသည်။ ဒီတော့ သူတို့အုပ်စု ကားပေါ်တက်သွားတော့မှ နောက်က ကြားကားနှင့် ရုံးကိုသွားဖို့ ရွှေအ စဉ်းစားလိုက်သည်။

ကားမှတ်တိုင်မှာ ကျော်သိန်းတို့အုပ်စု လူစုံသလောက်ရှိနေတာကို လှမ်းတွေ့နေရသည်။ ထွေးလှက ရွှေအ မရောက်လာသေးသဖြင့် ကွက်ကြည့်ကွက်ကြည့်နှင့် နောက်ဆံတင်းနေပုံကို တွေ့လိုက်ရတော့ ရွှေအ,ရင်ထဲမှာ စိတ်မကောင်းဖြစ်မိသည်။





"ထွေးလှရယ် ... ငါ့အပေါ်မှာ သံယောဇဉ်တွေ အဲဒီလောက်အထိ မထားပါနဲ့ဟာ"

နောက်တော့ ကားရောက်လာသဖြင့် ထွေးလှတို့ တစ်အုပ်လုံး ကားပေါ်တက်သွားကြသည်။ ပြီးတော့မှ နောက်ကလာသော ကြားကားဖြင့် ရွှေအ ရုံးသို့ထွက်လာခဲ့သည်။ ကြားကားနှင့်ဆိုတော့ သူယူလာသော ပန်းတွေလည်း လူတိုးမခံရတော့၊ ကြေသွားမှာ မစိုးရိမ်ရတော့။ ပြီးတော့ ကြားကားက မှတ်တိုင်တိုင်းမှာ မရပ်ဘဲ လူပြည့်တာနဲ့မောင်းတာဆိုတော့ ထွေးလှတို့ထက် သူက အရင်ကြိုပြီး ရောက်မည်လေ။

ရုံးကို ရွှေအက စောပြီးရောက်နေသဖြင့် ရုံးခန်းထဲမှာ လူရှင်းနေသည်။ ဆရာမလေးကတော့ မရောက်သေး။ ရုံးထဲက လူတွေထက် ရွှေအ,တို့၊ ထွေးလှတို့က စောပြီးရောက်ရတာ ထုံးစံလေ။ အလုပ်အကိုင်ချင်း၊ ပညာအဆင့်အတန်းချင်းကကွာတော့ ဒီလိုပဲပေါ့။

"ဟော .. ရွှေအ ... တယ်စောပါလား၊ ဘာလဲ ... ဆရာမလေးကို လာရှာတာလား"

"အဲ ... အဲ"

ရုံးခန်းဘက်ကို ရောက်လာသော ရွှေအ,ကို အခန်းထဲက စာရေးကြီးကိုထွန်းခင်က လှမ်းပြီးနှုတ်ဆက်လိုက်သည်။

ရွှေအ,က ခေါင်းညိတ်ပြလိုက်ပြီး ယူလာသောနှင်းဆီပန်းကို ထုတ်ကာ ဆရာမလေးစားပွဲပေါ်သို့ သွားတင်ထားမည့်အကြောင်းကို စာရေးကြီးအား အမူအယာဖြင့် ရှင်းပြလိုက်သည်။

"ဟော … ဘာလဲ .. ဪ ဆရာမလေးဖို့ ပန်းလား၊ အေး … အေး … သွားတင်ထားလိုက်လေ၊ ဆရာမလေး လာရင်လည်း ငါပြောလိုက်ပါ့မယ်၊ ရွှေအတို့ကတော့ စံပဲကွာ.. သူ့ဆရာမလေးအတွက်ဆို ပျာနေတာပဲ"

စာရေးကြီးရဲ့စကားကို ရွှေအက သဘောကျစွာဖြင့် ထောက်ခံပြီး ခေါင်းတညိတ်ညိတ်ပြန်ဖြေကာ သူ့ထုံးစံအတိုင်း လက်မ,ထောင်ပြပြီး လုပ်ငန်းခွင်ဘက်သို့ ထွက်လာခဲ့သည်။

အလုပ်,လုပ်ရင်း ထွေးလှကို တမျှော်မျှော် လုပ်နေရသေးသည်။ ဒီနေ့မှ ထွေးလှကလည်း သူတို့ဘက်ကိုလာတာ နောက်ကျနေသည်ဟု ထင်မိသည်။ တော်ကြာ နှင်းဆီပန်းလေးတွေ ညှိုးကုန်မှာကို ရွှေအ စိတ်ပူမိသည်။ ထွေးလှ သန့်ရှင်းရေးလုပ်နေသော ရုံးခန်းဘက်ကိုလည်း သွားပြီးမမေးရဲ။ တော်ကြာ ရုံးခန်းထဲက လူတွေက သူနှင့်ထွေးလှကို တစ်မျိုးထင်ကုန်ကြလိမ့်မည်။

ဆရာမလေးကို ပေးတာကတော့ ကိုယ့်အထက်က လူကြီးမို့လို့ လေးလေးစားစား ဂါရဝတရားဖြင့် ပေးရတာက





ပေးရဲသေးသည်။ ထွေးလှကိုတော့ ရုံးခန်းထဲမှာ သွားပြီးမပေးရဲ … တော်ကြာ သူ့ကို စိတ်ကောက်မပြေသေးသော ထွေးလှက စိတ်မထင်လျှင် ၁ ကို တစ်ခုခုတုံ့ပြန်လိုက်လျှင် ဒုက္ခ။ ဒါဆို ရွှေအ ရှက်လွန်းလို့ သေသွားနိုင်သည်။ အခု ရွှေအ အလုပ်,လုပ်သောနေရာကျမှ ပေးရင် ဘယ်သူမှမရှိ။ ဘယ်သူ့မှ မသိနိုင်။ မသကာ ထွေးလှက မကျေနပ်လို့ ပန်းတွေကို ချိုးဖဲ့လွှင့်ပစ်လိုက်ရင်လည်း ကိစ္စမရှိ။ ဘေးလူတွေမှ မရှိတာ။ ထွေးလှ လုပ်ချင်တာ လုပ်ပါစေ။ သူငြိမ်ခံနေဖို့ အဆင်သင့်။

ဟော … တဖြတ်ဖြတ်နှင့် လျှောက်လာသော ခြေသံကြားရသည်။ ထွေးလှ လာပြီထင်တယ်။ ရွှေအ ရင်တွေတောင် ခုန်ချင်သလိုလို ဖြစ်သွားသည်။ စိတ်ကိုပြန်ထိန်းထားပြီး ထွေးလှ လာရာဘက်သို့ ကြိုပြီး လျှောက်သွားလိုက်သည်။ ကျန်သော ပန်းနှစ်ပွင့်ကို လက်ထဲမှာ ကိုင်ထားပြီး လက်ကိုနောက်ပစ်ကာ ဖွက်ထားလိုက်သည်။

သူလျှောက်လာသော လမ်းရှေ့မှာ ပိတ်ရပ်ထားပြီး မျက်နှာက ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသော ရွှေအ,ကို တွေ့လိုက်ရသဖြင့် ထွေးလှ အံ့ဩသွားသည်။ ရွှေအ,အနားကိုရောက်တော့ ရွှေအ,ကို မျက်စောင်းကြီးကြီးတစ်ချက် ပစ်ထိုးလိုက်သည်။

ရွှေအ,က သူ့ရှေ့နားကို ရောက်လာသော ထွေးလှထံ

သို့ နှင်းဆီပန်းများ လှမ်းပေးလိုက်သည်။ ရုတ်တရက် ရွှေအ,ထံမှ ကမ်းပေးလာသော နှင်းဆီပန်းများကို တွေ့လိုက်ရ၍ ထွေးလှ အရမ်းအံ့ဩသွားသည်။

"ဘာလဲ ... အဲဒီပန်းတွေက ကိုရွှေအ,က ထွေးလှကို ပေးတာလားဟင် "

"အဲ ... အဲ"

ထွေးလှရဲ့ မျှော်လင့်တကြီးနဲ့ မေးလိုက်တဲ့မေးခွန်းကို ရွှေအ,က ခေါင်းညိတ်ပြီး အဖြေပေးလိုက်သည်။

"ဟင် ... တကယ်"

အမယ်လေး ... ထွေးလှ ဝမ်းသာလိုက်တာ။ ဒါဆို ကိုရွှေအ,က ထွေးလှကို ဂရုစိုက်သေးတာပေါ့နော် ... ထွေးလှ က ဝမ်းသာအားရနဲ့ ရွှေအ,လက်ထဲမှ နှင်းဆီပန်းတွေကို လှမ်း ယူလိုက်သည်။ ပြီးတော့ ကိုရွှေအ,ကို ရွှန်းရွှန်းစားစားကြည့်ပြီး ... "ကျွန်မ ... ကျွန်မ ... အရမ်းဝမ်းသာတာပဲ ကိုရွှေ အရယ် ... ဘယ်လိုပြောရမှန်းတောင်မသိဘူး ... သိလား ... တကယ်ပြောတာ"

ရွှေအ ယုံပါသည်။ ထွေးလှရဲ့ ဝမ်းသာကြည်နူးနေပုံလေး က ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေတာမို့ အရမ်းသိသာ ပါသည်။





ထွေးလှ ဝမ်းသာနေတာကိုကြည့်ပြီး ရွှေအတစ်ယောက် ကြည်နူးမိသလို စိတ်မကောင်းလည်း ဖြစ်သွားသည်။

ဪ ... ထွေးလှရယ် ... ဒီလိုမျိုး အမြဲတမ်း ပျော်-ပျော်ရွှင်ရွှင်နေသွားစေချင်သည့်ဆန္ဒကြောင့် သူ့ဘဝထဲကို ထွေးလှအား မခေါ်ရက်ပါ။

"အား ... ပန်းလေးတွေက မွှေးလိုက်တာ၊ ကိုရွှေအ ... နေ့လယ်ထမင်းစားချိန်ကျရင် တွေ့ကြမယ်နော် ... အခု ကျွန်မ အလုပ်တွေရှိလို့ သွားတော့မယ်"

သူပေးထားသော နှင်းဆီပန်းများကို ထွေးလှက တရှိုက် မက်မက်နမ်းကာ သူ့ကိုပြောပြီး ပျော်ရွှင်မြူးတူးစွာ ပြေးထွက်သွား သည်။

"ဪ ... ထွေးလှရယ်"

နေ့လယ် ထမင်းစားချိန်ကျတော့ သူတို့အဖွဲ့ စုပြီး ထမင်းစားနေကျ အခန်းဘက်ဆီသို့ ရွှေအ လျှောက်လာခဲ့သည်။ အခန်းဝသို့ အရောက်တွင် အခန်းထဲမှ ပျော်ရွှင်ဆူညံစွာဖြင့် နောက်ပြောင်နေသော အသံများကို ကြားလိုက်ရသည်။

"ဟော ... ရွှေအ လာပြီဟေ့၊ လာကွ ... မင်းကို စောင့်နေကြတာ ... တို့တွေက ထမင်းဆာနေကြပြီ"

"ဟုတ်တယ် ရွှေအရေ ... ဒီမှာ တို့တွေက ထမင်း အဆာပြေ ရွှေမင်းသမီးလေးရဲ့ အလှကိုထိုင်ကြည့်ပြီး စနေကြ တာကွ ... ဟီး ... ဟီး ... ကြည့်လိုက်စမ်းပါဦး ရွှေအ,ရာ၊ ထွေးလှ ဘယ်လောက်လှနေသလဲလို့ ... အဟီး"

---

ကျော်သိန်းရဲ့ ဝမ်းသာအားရ လိုက်ဖို့စွာပြောလိုက်သော အသံကြောင့် ထွေးလှဘက်ကို ရွှေအ လှမ်းကြည့်လိုက်မိသည်။

"ဟင် ..."

ထွေးလှက သူမရဲ့ဆံပင်တိုတိုလေးကို ခေါက်တင်ထား ပြီး ရွှေအ,ပေးသော နှင်းဆီပန်းရဲရဲနှစ်ပွင့်ကို ဆင့်ပြီးပန်ထား သည်။ ထွေးလှကို ဒီလိုပန်းပန်ထားတာ တစ်ခါမှမတွေ့ဖူး၍ ရွှေအ,တို့မျက်စိထဲ၌ အထူးအဆန်းဖြစ်နေကြသည်။

ဒီနေ့ကျမှ ထွေးလှကလည်း ထဘီအနက်ခံပေါ်မှာ အနီ ရောင်အလုံးအခက်လေးတွေနှင့် ဝမ်းဆက်ဝတ်လာသည်ဆိုတော့ ခေါင်းက နှင်းဆီနီရဲရဲနှစ်ပွင့်နှင့် ကြည့်ရတာ မျက်စိထဲမှာ ထင်း ထင်းလင်းလင်း ပြတ်ပြတ်သားသား လှနေသလိုပင်။

"တွေ့လား ရွှေအ ... ငါတို့ထွေးလှက ဒီနေ့ အရမ်းကို လှနေတာနော် ... ထွေးလှတစ်ယောက် မရိုးတော့ဘူးထင်တယ် ကွ ..."

ကျော်သိန်းအသံက အားမလိုအားမရနှင့် အသည်းယား စွာပြောနေသလို မောင်ထွန်းတို့လူစုကလည်း ထွေးလှကို လှည့် ပတ်ကြည့်ကာ နောက်ပြောင်ပြောဆိုနေကြသည်။

"ကဲ ထွေးလှ ... မှန်မှန်ဖြေနော် ... နင့်မှာ ရည်းစား ရှိနေပြီလား၊ ဒါ နင့်ရည်းစားပေးတာ မဟုတ်လား ... ငါတို့ကို





ဒိုင်လျှိုမလုပ်နဲ့နော် ... ပြော"

မောင်ထွန်းမေးခွန်းကို ပြန်ဖြေမည့် ထွေးလှအဖြေကို ကျော်သိန်းက အထိတ်တလန့်နှင့် နားစွင့်နေသလို ရွှေအ,က လည်း ထွေးလှ ဘာများပြန်ဖြေမှာလဲဟု ရင်ဖိုနေမိသည်။

ထွေးလှက မောင်ထွန်းရဲ့အမေးကို ချက်ချင်းပြန်မဖြေ သေးဘဲ ရွှေအ,ကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်လိုက်ပြီး ပေါ့ပါးသွက်လက်သောအသံဖြင့် ...

"နင်တို့ကလည်းဟာ အချိန်တန်တော့ နင်တို့သိရမှာ ပေါ့၊ အခုတော့ ခဏနေကြဦးနော် ... လောလောဆယ်တော့ ထမင်း အရင်စားကြရအောင် ... ဗိုက်ဆာပြီဟ "

"အေး ... ဟုတ်သား ... နင်ပြောမှ ပိုပြီးဗိုက်ဆာလာ ပြီ၊ လာကြဟေ့ ... ထမင်းစားကြမယ်"

ထမင်းဝိုင်းမှာတော့ အပျော်ရွှင်ဆုံး အတက်ကြွဆုံးသူ ကတော့ ထွေးလှပင်။

ကျော်သိန်းက သူ့ထမင်းချိုင့်ထဲမှ ဟင်းများကို ထည့် ပေးနေသလို ထွေးလှကလည်း ရွှေအ,ချိုင့်ထဲကို ငါးကြော်များ ထည့်ပေးနေသည်။ ရွှေအ,က ကျော်သိန်းအပေါ် မလုံမလဲနှင့် အားနာနေပေမယ့် ကျော်သိန်းကတော့ ဘာမှ မသိရှာ။ ထွေးလှ မျက်နှာကို ကြည့်လိုက်၊ ထမင်းစားလိုက်နှင့် ပျော်နေသည်။

ထမင်းစားပြီးတော့လည်း အားလုံးက ထွေးလှကိုပဲ ဝိုင်းစပြီး နောက်ပြောင်နေကြသဖြင့် ပျော်ရွှင်စရာကောင်းနေကြသည်။

ထမင်းစားချိန်ပြီး၍ အလုပ်ချိန်ပြန်စတော့ အားလုံးကိုယ့်အလုပ်နေရာ ကိုယ်ပြန်သွားကြတော့ ထွေးလှနှင့်ရွှေအ,က အတူတူသွားကြသည်။ ရွှေအ အလုပ်,လုပ်သောနေရာအရောက်တွင် ထွေးလှက ရွှေအ,ကို လှမ်းမေးလိုက်သည်။

"ကိုရွှေအ ... ကျွန်မ လှရဲ့လားဟင်"

ထွေးလှအမေးကြောင့် ရွှေအ ထွေးလှကို ကြည့်လိုက်သည်။ လှပါသည် ... ဒီနေ့တော့ ရွှေအ,မျက်စိထဲမှာ ထွေးလှတော်တော်ကိုလှနေသည်။ ရွှေအ ခေါင်းကို အဆက်မပြတ်ညိတ်ပြလိုက်သည်။ ရွှေအ,ထံမှ အဖြေရတော့ ကိုယ်လိုချင်သောမှန်ကိုရသော ကလေးတစ်ယောက်ပမာ ထွေးလှမျက်နှာလေးဝင်းပသွားသည်။

"တကယ်ပြောတာလားဟင် ... အဲဒါ ကိုရွှေအ,ပေးတဲ့ ပန်းကလေးတွေကြောင့်ပေါ့ ... ဒီနေ့ ကျွန်မ အရမ်းပျော်တာပဲ ကိုရွှေအ,ရယ် ... သိလား"

မြူးတူးပျော်ရွှင်စွာဖြင့် ပြောနေသော ထွေးလှကို ငေးကြည့်ကာ ရွှေအ,လည်း အလိုလိုကြည်နူးပျော်ရွှင်နေမိသည်။





"ကိုရွှေအ ... ဟိုလေ ..."

သူ့ကို ဖြည်းညင်းစွာဖြင့် စကားပြောနေရင်း စကားသံရပ်သွားသဖြင့် ရွှေအ ထွေးလှကို ကြည့်လိုက်တော့ ခေါင်းလေးငုံ့နေသည်ကို တွေ့ရသည်။

ဘာလဲ ... ဘာပြောချင်လို့လဲ မသိ။ ထွေးလှမျက်နှာလေးက တစ်ခုခု ပြောချင်နေသလိုလို။

အရေးထဲ ကိုယ်ကလည်း စကားမပြောတတ်သူ ...။ ဖြစ်နိုင်လျှင် ထွေးလှကို စကားတွေ တတွတ်တွတ်နှင့် ကိုယ်လည်း ကိုယ့်ရင်ကဆန္ဒကို ဖွင့်ပြောချင်ပါသည်။ ဒါပေမဲ့ ... လက်တွေ့မှာကျတော့ လက်မခံ၍မရသော ဘဝကြီးကို လက်မခံချင်ဘဲ လက်ခံနေရသောကြောင့် ရွှေအ ရှေ့ဆက်တက်လှမ်း၍မရ။

သူတို့နှစ်ဦးကြားမှာ တဒင်္ဂတော တိတ်ဆိတ်သွားသည်။ အဲဒီတဒင်္ဂအတွင်းမှာတော့ သူတို့နှစ်ဦးအတွက် အဓိပ္ပါယ်ပေါင်းစကားလုံးပေါင်း မြောက်မြားစွာ ရှိနေပေလိမ့်မည်။

ခဏကြာတော့ ထွေးလှထံမှ စကားသံတိုးတိုးလေး ထပ်မံ လွင့်ပျံ့လာသည်။

"ဟိုလေ ... ညနေကျရင် အတူတူပြန်မယ်နော် ... ကျွန်မ စောင့်နေမယ်"

တကယ်တမ်းဆိုလျှင် ဒီစကားက ပုံမှန်ပြောနေကျ စကားလုံးများပင်။ ဒါပေမဲ့ ဒီနေ့ကျမှ ဒီစကားလုံးလေးတွေက အစ ပါးစပ်ဖျားက ထွက်ဖို့ခက်နေပြီး ထွေးလှကလည်း ခေါင်းကြီး ငုံ့ကာ မျက်နှာကလည်း ပန်ထားသော နှင်းဆီပန်းနှင့်အပြိုင် ရဲနေသည်ဟု ထင်သည်။

သူကိုယ်တိုင်ကရော နဂိုကတည်းက စကားမပြောတတ် သူဖြစ်၍ စကားလုံတွေက အပြင်ကိုထွက်မလာပေမယ့် ဘာ ကြောင့်မှန်းမသိ လည်ပင်းတွေက ပူနေသလိုလို နာနေသလိုလို နှင့် တစ်ဆို့ဆို့ကြီး ခံစားရသည်။

ထွေးလှကို သူ ခေါင်းညိတ်ပြလိုက်ပြီး လက်မ,ထောင်ပြ လိုက်တော့ ထွေးလှက လှပစွာပြုံးပြီး ...

"ဒါဆို ကျွန်မသွားတော့မယ် ... ညနေကျရင် စောင့် နေမယ်နော်"

သူ့ရှေ့မှ ရှက်စနိုးမျက်နှာလေးဖြင့် အပြေးတစ်ပိုင်း ထွက်သွားသော ထွေးလှကိုကြည့်၍ ရွှေအ သက်ပြင်းချရပြန် သည်။

"ဟူး ... ထွေးလှရယ်"

ရုံးဆင်းချိန်ရောက်တော့ ထွေးလှ ခြေဆေးလက်ဆေးပြီး မိုက်ခွံအိတ်လေးယူကာ ရွှေအ, အလုပ်,လုပ်နေသော နေရာသို့ ထွက်လာခဲ့သည်။

ဒီနေ့တစ်နေ့လုံး ထွေးလှတစ်ယောက် ပျော်ရွှင်နေမိ သည်။ ဟုတ်သည်လေ ... ထွေးလှသံယောဇဉ်ရှိသော ကိုရွှေအ, က သူ့ကို ဒီနေ့ ထူးထူးဆန်းဆန်း ပန်းတွေ,ဘာတွေ လာပေး သည်ဆိုတော့ ထွေးလှမပျော်ဘဲ နေနိုင်ပါ့မလား ...။

ရွှေအ,အပေါ်ထားသော သံယောဇဉ်ကို ကိုယ့်ဘာသာပဲ ကိုယ်သိသည်။ စကားမပြောတတ်ပေမယ့် အနေအေးဆေးတည် ငြိမ်သော ရွှေအ,အပေါ်ကို အားလုံးထက်ပိုသော ခင်မင်မှု

သံယောဇဉ်များဖြင့် သူ့ဘက်က တွယ်တာနေတာကို ကိုရွှေအေ, တစ်ယောက်က မရိပ်မိတာလား ... မသိချင်ယောင်ဆောင်နေတာလားတော့ မသိ ... ထွေးလှကတော့ ရွှေအေ,အပေါ် သနားစိတ်၊ ခင်မင်တွယ်တာစိတ်များဖြင့် ပိုပြီး တွယ်တာနေမိသည်။

ပိုပြီးသိသာတာကတော့ ဒီရက်ပိုင်းမှာ သူတို့ကုမ္ပဏီသို့ အလုပ်ဝင်လာသော အင်ဂျင်နီယာဆရာမလေးကြောင့်ပင်။

ဆရာမလေးက တော်တော်လေးချောပြီး ချစ်စရာလည်းကောင်း၊ ခင်စရာလည်း ကောင်းသည်။ အလုပ်ဝင်တာ မကြာသေးပေမယ့် ကုမ္ပဏီရှိ လူအားလုံးကလည်း ဆရာမလေးအပေါ် ခင်တွယ်ကြသည်။ အလုပ်လုပ်ရာတွင်လည်း တော်သည်ဟု ဆရာကြီးတို့၏ ချီးကျူးနေသံကိုလည်း ကြားရသည်။

ဒီလို ခင်စရာ ချစ်စရာကောင်းသော ဆရာမလေးကို ထွေးလှကလည်း ခင်ပါသည်။ ဒါပေမဲ့ ဆရာမလေးကို ခင်ရသည်မှာ ထွေးလှ နင်တင်တင်။ ဖြစ်နိုင်လျှင် ဆရာမလေးနဲ့ စကားမပြောချင် ... ဆရာမလေးနဲ့ စကားပြောတိုင်း မျက်နှာချင်းဆိုင်တိုင်း ထွေးလှ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သွားသလို၊ ရှုံးနိမ့်သွားသလို ထင်မိသည်။

အရင်ကလည်း ဒီလိုပါပဲ ... ကုမ္ပဏီမှာ လူသစ်တွေလာကြ, ဝင်ကြပါတယ်။





အားလုံးနှင့်လည်း ထွေးလှက ပလဲနံပသင့်သည်။ အားလုံးရဲ့အခန်းကို ဝင်ထွက်သွားလာပြီး သန့်ရှင်းရေးလုပ်ပေးနေရသဖြင့် အားလုံးကလည်း ထွေးလှကို ခင်ကြသည်။ ထွေးလှနှင့် မသင့်သောသူ မတည့်သောသူ မရှိ။ အဲဒီလို မရှိရအောင် ထွေးလှက မျက်နှာရိပ်မျက်နှာကဲ သိတတ်သူ။ အမြဲတမ်း သနပ်ခါး အဖွေးသားနှင့် ချစ်စရာကောင်းပြီး သွက်သွက်လက်လက်နေတတ်သဖြင့် ရုံးခန်းထဲက လူများ၏ လက်ကတုံးတောင်ဝှေးဖြစ်သည်။

ဒါပေမဲ့ ဆရာမလေးနှင့်ကျမှ ထွေးလှကိုယ်တိုင်က မအီမလည်နှင့် နင်နေရသည်။ အဓိကအကြောင်းကတော့ ကိုရွှေအေ,ကြောင့်ပေါ့ ...။

ရုံးက လူတွေကပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲက လူတွေကပဲဖြစ်ဖြစ် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့သော ကိုရွှေအေ။ မိတ်ဆွေအပေါင်းအသင်းဆိုလျှင် ထွေးလှတစ်ယောက်တည်းကိုသာ ခင်မင်စွာဆက်ဆံပေါင်းသင်းတတ်သော ကိုရွှေအေ, ... ဒီဆရာမလေး ရောက်လာတဲ့နေ့ကစပြီး ထူးထူးခြားခြားမြူးကြွသွက်လက်ပြီး ဆရာမလေးနားက မခွာနိုင်အောင် ဖြစ်နေတဲ့ ကိုရွှေအေ,ကြောင့် ထွေးလှတစ်ယောက် စိတ်တွေ မငြိမ်မသက်ဖြစ်ခဲ့ရသည်။

ထမင်းစားချိန်၊ အလုပ်ဆင်းချိန် မမှန်လောက်အောင် ဆရာမလေးအနားမှာပဲ ကပ်နေတော့ ထွေးလှ စိတ်တွေတိုလာသည်။ သူ့ရဲ့သံယောဇဉ်ကို လျစ်လျူရှုထားသော ကိုရွှေအ, အပေါ် စိတ်ကောက်ပြီး ကျော်သိန်းနှင့် တမင်ပိုပြီး တွဲပြတာတောင်မှ အဲဒီကိုရွှေအ,က သိပုံမပေါ်။

ဒါကြောင့်လည်း ကိုရွှေအ,အပေါ် စိတ်တိုတိုနှင့်ပဲ မခေါ်မပြောဘဲနေကာ စိတ်ကောက်နေခြင်းဖြစ်သည်။

ဟော ...ဒီနေ့ ကိုရွှေအ,က သူ့ကို ထူးဆန်းစွာပန်းတွေလာပေးသည်။ ထွေးလှ ပျော်လိုက်သည့် ဖြစ်ခြင်း ...။ ကိုရွှေအ,က စကားမပြောတတ်၍ ပန်းပေးကာ ချော့ခြင်းဖြစ်မည် ...ဒါဆို ကိုရွှေအ,ရင်ထဲမှာ ထွေးလှရှိလို့ ဖြစ်မည်။ ထွေးလှ တစ်ယောက် ကိုယ့်အတွေးနှင့်ကိုယ် ပျော်ရွှင်ကြည်နူးစွာဖြင့် ရွှေအ, အလုပ်,လုပ်နေသော နေရာသို့ ရောက်လာသည်။

"ဟောတော့ ...ကိုရွှေအ,လည်း မရှိပါလား ...ရေသွားချိုးနေတယ် ထင်တယ်"

ရွှေအ,တို့အဖွဲ့တွေက တစ်နေကုန် ပင်ပင်ပန်းပန်းနှင့် အလုပ်,လုပ်ပြီး ညစ်ပတ်ပေရေနေကြသဖြင့် အလုပ်ဆင်းချိန် ရောက်တိုင်း Site ထဲမှာ ရေချိုးပြီးမှ ပြန်မြဲဖြစ်သည်။ ဒါမှ သူတို့ကိုယ်တိုင်လည်း သန့်ရှင်းစင်ကြယ်သွားပြီး ဂျူအများနှင့်





အတူ တိုးဝှေ့ပြီးစီးရသော ဘတ်(စ်)ကားနှင့် အပြန်ခရီးစဉ်တွင် အဆင်ပြေပေလိမ့်မည်။

ရွှေအ, အလုပ်,လုပ်သောနေရာတွင် သစ်ကြမ်းများဖြင့် အဆင်ပြေသလို ရိုက်ထားသော ထိုင်ခုံလေးပေါ်မှာတော့ ရွှေအ,၏ ထမင်းချိုင့်နှင့် လွယ်အိတ်လေးကို ထွေးလှတွေ့လိုက်ရသည်။

ထွေးလှက ထိုင်ခုံလေးဆီသို့ လျှောက်သွားပြီး လွယ်အိတ်လေးကို အသာမ,ကာ ထိုင်ခုံလေးပေါ်၌ ထိုင်လိုက်သည်။ ပြီးတော့ ကိုရွှေအ,၏ လွယ်အိတ်လေးကို ရင်ခွင်ထဲ၌ ပွေ့ထားလိုက်သည်။ သူ့ရင်ခွင်ထဲမှ လွယ်အိတ်လေးရဲ့ အထိအတွေ့ကြောင့် ထွေးလှရင်ထဲ ကြည်နူးလိုက်ဖို့သွားသည်။ ရင်ထဲမှာလည်း ခုန်သလိုလိုနှင့် တစ်မျိုးကြီး ဖြစ်သွားသည်။

ကိုယ့်အတွေးစလေးများကို လိုက်ဖမ်းမိလိုက်ချိန်မှာတော့ ရှက်သလိုလိုဖြစ်သွားကာ မျက်နှာတစ်ခုလုံး ပန်းရောင်ပြေးသွားသည်။ ရှက်ကိုးရှက်ကန်းနှင့် ပွေ့ပိုက်ထားသော လွယ်အိတ်ကို ယောင်ယမ်းကာ ဘေးသို့ချလိုက်သည်။

ပြီးတော့ လွယ်အိတ်လေးကိုကြည့်ရင်း ပြန်ပွေ့ထားလိုက်သည်။

"အဟင်း ...ဟင်း"

တစ်ယောက်တည်း လွယ်အိတ်ကို ပြန်ချုံလိုက် ပြန်ဖွေ့လိုက်ဖြင့် အလုပ်ရှုပ်နေသော ထွေးလှမှာ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်ယောင်နေမိရင်း သဘောကျမိသည်။

"အဟင်း ... ဟင်း ... ငါ့ရူးနေပုံကို ရွှေအ,သာ တွေ့သွားလို့ကတော့ ဟော်ဟော်ရှက်ဖို့ကောင်းမှာပဲ ... ဟင်း ... ဟင်း"

လွယ်အိတ်တစ်လုံးနှင့် အဝေးယဉ်ကြောတွင် ပျော်ရွှင်နေသော ထွေးလှမှာ အခုမှ ပတ်ဝန်းကျင်ကို သတိထားမိသည်။

"အယ် ... မှောင်တောင်နေပြီပဲ ... ကိုရွှေအ,က လည်း ကြာလိုက်တာ"

ရွှေအ,ကို လည်တဆန့်ဆန့်နှင့် မျှော်နေသောထွေးလှမှာ သူ့နောက်ဘက်ဆီမှ ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသောကြောင့် ထွေးလှပျော်ရွှင်သွားသည်။

"အယ် ... ကိုရွှေအ, လာပြီ"

ဟွန်း ... ဒီကတော့ စောင့်နေရတာကြာလှပြီ။ အနားရောက်လာလို့ကတော့ ကျောပုပ်သွားအောင် ထုပစ်လိုက်မည်ဟု ထွေးလှ တွေးထားလိုက်သည်။

"ဟဲ့ ထွေးလှ ... ဒီမှာ ဘာထိုင်လုပ်နေတာလဲ ... မပြန်သေးဘူးလား ... မှောင်တောင်မှောင်နေပြီ"





အသံနှင့်အတူ ရောက်လာတာကတော့ ကျော်သိန်း။

ထွေးလှ စိတ်ညစ်သွားသည်။ မျှော်နေတာက တစ်ယောက်၊ ရောက်လာတာက တစ်ယောက်။ ထွေးလှ စိတ်ပျက်လက်ပျက်အသံဖြင့် ပြန်ဖြေလိုက်သည်။

"အေး ... ငါကိုရွှေအ,ကို စောင့်နေတာ သူကလည်း အခုထက်ထိ ပြန်မလာသေးဘူး"

"ဟာ ... သေတော့မှာပဲ ဒီကောင်ရွှေအ,က နေ့ခင်းကတည်းက ဆရာမလေးနဲ့ စက်မှုဖုန်ဘက် ပါသွားတာဟ ... မိုးချုပ်လ်မှ်မယ် ... အလုပ်အရေးကြီးလို့တဲ့ ... စောင့်မနေနဲ့"

"ဟင်"

ကျော်သိန်းထံမှ ပြောစကားကိုကြားတော့ ထွေးလှစိတ်ထဲ တော်တော်ကသိကအောက် ဖြစ်သွားသည်။

လာပြန်ပြီ ဒီဆရာမလေးနဲ့ ... မဖြစ်နိုင်။

သူ့ကို ထွေးလှ အတူတူပြန်ဖို့ အသေအချာ ချိန်းထားခဲ့တာပဲဟာ ... ဒီလောက်လေးတောင်မှ သူ့ကိုဦးစားမပေးနိုင်ဘူးလား။ ထွေးလှ မကြေနပ်။

"ကျော်သိန်း ... ဒီမှာ ခဏစောင့်နေဦး"

ထွေးလှက ပြောပြောဆိုဆို ရုံးခန်းဘက်ကို ပြန်သွားပြီး ဆရာမလေးရဲ့အခန်းကို ခေါင်းပြူကြည့်လိုက်သည်။

"ဟင်"

အခန်းထဲကို ခေါင်းလေးသွင်းကြည့်လိုက်သော ထွေးလှမှာ မထင်မှတ်သောမြင်ကွင်းကြောင့် မျက်လုံးပြူးသွားရသည်။ မြင်ကွင်းက ထွေးလှအတွက် တော်တော်ခံပြင်းစရာကောင်းသည်။

ကြည့်စမ်းပါဦး ... ဆရာမလေးရဲ့ စားပွဲပေါ်မှာ သူ့လိုပင် နီရဲလှပနေသော နှင်းဆီပန်းကြီးတစ်ပွင့်က ပန်းအိုးထဲမှာ ပန်ံရစွာ နေရာယူထားသည်။

ဆရာမလေးစားပွဲပေါ်က နှင်းဆီပန်းကြီးက သူ့ခေါင်းမှာ ပန်ထားသော နှင်းဆီပွင့်ထက် ပိုကြီးနေသလိုပင် ...။

သူ့မှာတော့ ကိုရွှေအ,က သူ့ကိုဂရုတစိုက်နဲ့ ပန်းတွေလာပေးသည်ဆိုတော့ စိတ်ကူးတွေယဉ်ပြီး တစ်နေ့လုံး ပျော်ရွှင်ကြည်နူးနေလိုက်ရတာ ... အခုကျတော့ သူက ဆရာမလေးကိုကျတော့ အကောင်းဆုံး၊ အကြီးဆုံး ခေါင်ပန်းကိုပေးပြီး သူကျတော့ ... သူ့ကျတော့ ...။

ထွေးလှစိတ်ထဲမှာ အမြဲတမ်း ဒုတိယနေရာမှာ ရောက်နေသော သူမကိုယ်သူမ မကျေမနပ်ဖြစ်မိသည်။

ပြီးတော့ ...

ရွှေအ,အပေါ်ထားရှိခဲ့သော စိတ်ကူးယဉ်မှုများကိုလည်း ပြန်လည်မြင်ယောင်မိပြီး ရှက်ဒေါသများ ဖြစ်မိသည်။





"ကဲဟယ် ... ကဲဟယ်"

ထွေးလှက ခေါင်းတွင်ပန်ထားသော နှင်းဆီပန်းများကို ဒေါသတကြီးနှင့် ဆွဲဖြုတ်ပစ်လိုက်ပြီး အနားတွင်ရှိသော အမှိုက်ပုံးထဲသို့ လွှင့်ပစ်လိုက်သည်။

ပြီးတော့ ...

သူ့ကိုစောင့်နေသည့် ကျော်သိန်းဆီသို့ လျှောက်သွားကာ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချကာ ပြောလိုက်သည်။

"ကျော်သိန်း ... ငါ အိမ်မပြန်ချင်ဘူး ... နင်နဲ့လိုက်ခဲ့မယ်"

"ဟင် ..."

ထွေးလှထံမှ ထွက်ပေါ်လာသော စကားသံကြောင့် ကျော်သိန်း တအံ့တဩနှင့် ထွေးလှကို လှမ်းကြည့်လိုက်တော့ ထွေးလှက အောက်နှုတ်ခမ်းကို ဖိကိုက်ထားပြီး မျက်ရည်များ စီးကျနေသည် ကိုတွေ့ရသည်။

ထွေးလှစကားကြောင့် ကျော်သိန်းမှာ ရင်တွေခုန်သွားရပြီး ထီဆုကြီးပေါက်သူလိုလို,ဘာလိုလို ပျော်ရွှင်နေရပြီး မဝံ့မရဲနှင့် သေချာအောင် ထပ်မေးလိုက်သည်။

"ထွေး ... ထွေးလှ ... နင် ... နင် တကယ်ပြောတာလားဟင် ..."

ထွေးလှက ကျော်သိန်းကိုမကြည့်ဘဲ အဝေးကိုငေးကာ ခေါင်းညိတ်ပြလိုက်သည်။

"ဝမ်းသာလိုက်တာ ထွေးလှရယ်"

❀ ❀ ❀

ရွှေအေ, အိမ်ကိုပြန်ရောက်တော့ တော်တော်လေးတောင် မှောင်နေပြီ ဖြစ်သည်။ နေ့လယ်ထမင်းစားပြီး အလုပ်ပြန်ဆင်းချိန်ရောက်တော့ ဆရာမလေး ရောက်လာပြီး စက်မှုဖုန်ဘက်သွားဖို့ လာခေါ်သည်။

"ကိုရွှေအေ, ... စက်မှုဖုန်ဘက်သွားရအောင် ... လိုက်ခဲ့ပါဦး။ အဲဒီမှာ လုပ်ငန်းက လက်စသတ်စရာလေးတွေ ကျန်နေလို့ ဟိုမှာ ဦးသိန်းတို့အဖွဲ့နဲ့ မနိုင်ဘူးဖြစ်နေတယ်လေ၊ မနက်ဖြန် အလုပ်က အပြီးအပ်ရတော့မှာ ... ကိုရွှေအေ, လိုက်ပြီးလက်စွမ်းပြပါဦး"

ဒီလိုနဲ့ ဆရာမလေးနဲ့အတူ စက်မှုဖုန်ဘက်ပါသွားပြီး

အလုပ်တွေ ကူပြီးလက်စသတ်ပေးနေတာ တော်တော်လေး နောက်ကျမှပဲ ပြီးတော့သည်။ အလုပ်,လုပ်ခံနေရင်းက သူ့ကို စောင့်နေမည်ဟု သေသေချာချာ ပြောသွားခဲ့သော ထွေးလှ၏ မျက်နှာလေးကို ပြန်မြင်ယောင်နေမိသည်။

အလုပ်ကလည်း ဒီနေ့ အပြီးလုပ်ရမှာဆိုတော့ မိုးချုပ်မှာ ကျိန်းသေသည်။ ဆရာမလေးတောင် အိမ်မပြန်ဘဲ သူတို့နှင့်အတူ လိုအပ်သည်များကို ညွှန်ကြားဆောင်ရွက်နေသည်မို့ သူတို့ ဘက်ကလည်း တာဝန်ကျေအောင် ဆောင်ရွက်ပေးရမည်လေ။

အင်း ... ထွေးလှတစ်ယောက်တော့ ထပ်ပြီး စိတ် ကောက်ဦးတော့မှာပဲဟု ရွှေအ,တွေးမိပြီး လုပ်လက်စအလုပ်များ ကို ပြီးအောင် လက်စသတ်နေလိုက်သည်။

အလုပ်တွေပြီးတော့ ညရှစ်နာရီ ကျော်နေပြီ၊ ကုမ္ပဏီက ကားဖြင့်လိုက်ပို့ပေးဖို့ စီစဉ်ပေးသည်။ ရွှေအ,တို့ အိတ်များ၊ ပစ္စည်းများထားခဲ့သော ရုံးခန်းဆီသို့ အရင်သွားကာ ပစ္စည်းများကို အရင်ပြန်ယူကြသည်။ ပြီးတော့မှ သူတို့နေသော လမ်းထိပ် အသီးသီးသို့ လိုက်ပို့ပေးသည်။

ရွှေအ,လည်း သူ့လွယ်အိတ်ထားခဲ့သောနေရာသို့ သွား ကာ အိတ်ပြန်ယူစဉ် သူအလုပ်,လုပ်သောနေရာ အခြောက်တွင် အုတ်ခဲတစ်လုံးကို ခလုတ်တိုက်မိလိုက်သည်။





ခလုတ်တိုက်မိသောနေရာသို့ ကြည့်လိုက်သော် ခြေမ ကွဲသွားပြီး သွေးများရဲနေအောင် ထွက်လာသည်။ သွေးရဲရဲများကို ကြည့်ပြီး ရုတ်တရက် ထွေးလှကို သတိရမိလိုက်သည်။ မနက်က နှင်းဆီပန်းအနီရဲရဲလေးများကို လှပစွာပန်ထားသော ထွေးလှကို သတိရမိသွားပြီး ဘာရယ်မဟုတ် စိတ်ထဲမှာ ထင့်ခနဲဖြစ်သွား မိသည်။

အင်း ... ထွေးလှတစ်ယောက် သူ့ကို ဘယ်အချိန်အထိ ထိုင်စောင့်နေလဲ မသိဘူး။ စိတ်ပဲကောက်နေလား ... ငိုပဲငိုနေ လားမသိ ... ထွေးလှရယ်။

"သား လူလေး ... မိုးချုပ်လိုက်တာကွယ် ... ကြီး မှတ်က စိတ်ပူနေတာ ... ဘာလဲ အချိန်ပို ဆင်းနေရလို့လား"

"အဲ ... အဲ"

ကြီးမှတ်ကို ခေါင်းညိတ်ပြလို ပြီး ရွှေအ, အဝတ်အစား များ ချွတ်ကာ ရေချိုးရန် အိမ်ရှေ့သို့ ထွက်ခဲ့သည်။

လူပင်ပန်း စိတ်ပင်ပန်းဖြစ်ကာ နုံးချည့်ချည့်ဖြစ်နေ တာကြောင့် ခေါင်းကနေ ရေလောင်းကာ ချိုးချလိုက်သည်။

"ဟဲ့ လူလေး ... ခြော် ... မိုးကြီးချုပ်မှ ခေါင်းလျှော် နေရပြန်ပြီလား ... နေမကောင်း ဖြစ်တော့မှာပဲ ... ဒီကလေး နှယ် ... မနက်ကျမှ လျှော်ပါတော့လား"

အိမ်ပေါ်မှ ကြီးမှတ်၏ စိတ်ပူစွာဖြင့် တဗျစ်တောက်တောက်ပြောနေသံများကို နားထောင်ရင်း မနက်ကျရင်လည်း ထွေးလှရဲ့ မကျေမနပ်နဲ့ ပွစိပွစိပြောမယ့်အသံများကို ကြားယောင်ကာ ရွှေအ, ပြုံးမိသည်။

ထမင်းစားပြီးတော့ ရွှေအ, အိငှီရာထဲဝင်ကာ မနက်ဖြန် ထွေးလှကို ဘယ်လိုပြန်ချော့ရမလဲဟု စဉ်းစားခန်းဝင်နေမိသည်။ မနက်ဖြန်တော့ ပန်းထပ်ပြီး ဝယ်ပေးလို့ ရပါ့မလား ... စိတ်ဆိုးပြီး လွှင့်ပစ်လိုက်ရင် ဒုက္ခ။ ပန်းတွေ အများကြီးဝယ်ပေးရင်ရော ... ဒါလည်း မဖြစ်သေးပါဘူး ... လူမြင်သည်။ တော်ကြာ သူတို့နှစ်ယောက်ကို တစ်မျိုးထင်ကုန်ကြလိမ့်မည်။

သူက စကားပြောတတ်တာ မဟုတ်တော့ ထွေးလှ ကျေနပ်အောင် တတွတ်တွတ်နှင့် ပြောနေဖို့ဆိုတာ မဖြစ်နိုင်။ ဒီတော့ ထွေးလှလည်း ကျေနပ်နိုင်မည့် ကြိုက်နှစ်သက်နိုင်သည့် လက်ဆောင်ပစ္စည်းလေးပေးကာ ချော့ရပေမည်။

ဘာပေးရင် ကောင်းမလဲ ...။

ရွှေအ, စဉ်းစားရတာ ခေါင်းတောင်ပူလာသည်။ အဲ ... ဟုတ်ပြီ ... အခုမှ သတိရသည်။ ရွှေအ,တို့ရဲ့ သုံးအိမ်ကျော်လောက်မှာ အမျိုးသမီးတွေအတွက် ပစ္စည်းအစုံရောင်းတဲ့ မမအုံးတို့အိမ် ရှိသားပဲ ... အဲဒီမှာဆို လိုချင်တာ အကုန်ရမှာ။





မမအုံးက ရက်ကွက်ထဲက အနီးအနားက မိန်းကလေးတွေအတွက် လိုအပ်တဲ့ပစ္စည်းမျိုးစုံကို လပေး,ရောင်းသူ။ အဲဒီမှာ ထွေးလှအတွက် အဆင်ပြေတာ တစ်ခုခုတော့ ရနိုင်မည်။

ရွှေအ, မမအုံးတို့အိမ်ဘက် ထွက်လာခဲ့သည်။

မမအုံးတို့အိမ်ဘက်ရောက်တော့ ဆိုင်ကတော့ ပိတ်ထားပေမယ့် အိမ်တံခါးကဖွင့်ထား၍ ရွှေအ, ဝင်လာခဲ့သည်။ အိမ်ထဲရောက်တော့ လင်းထိန်နေတဲ့ မီးချောင်းအောက်မှာ မိန်းကလေးသုံး,လေးယောက် ပစ္စည်းတွေရွေးနေတာ တွေ့ရသည်။ မမအုံးတို့အိမ်က ဒီလိုပဲ ... မိုးချုပ်လို့ ဆိုင်ပိတ်ထားပေမယ့် အိမ်ပေါ်မှာ အေးအေးဆေးဆေး လာဝယ်လို့ရသည်။ လူက မိုးချုပ်သည်အထိ ဝယ်သူမပြတ်။

"ဟော ... ရွှေအ,ပါလား။ လာလေ ... ဘာယူမလို့လဲ"

မမအုံးက သူ့ကိုတွေ့တော့ လှမ်းခေါ်သည်။ အိမ်ထဲမှာကတော့ မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေက အများကြီးပင်။ ဘာတွေမှန်းလဲ ရွှေအ,မသိ ... မမြင်ဖူးတာတွေချည်းပဲ။ ဘာဝယ်ရမှန်းလည်း မသိ။ ဒီလိုဆိုင်မျိုး ဒီလိုနေရာမျိုးကို အခုမှ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်၍လည်း ရွှေအ,အတွက် အတော်အူကြောင်ကြောင်နှင့် ကသိကအောက် နိုင်လှသည်။

ထွေးလှရေ ...မလွယ်ပါလားဟ။

သူ နားမလည်သည့် ပစ္စည်းများကို ဟိုကြည့်ဒီကြည့် ကြည့်နေရင်းမှ သူ့မျက်စိမြင်ကွင်းထဲသို့ ပစ္စည်းလေးတစ်ခု ဝင်ရောက်လာသည်။ ဆံညှပ်ကလေးတစ်ခု ...ဘဲခေါင်းစိမ်းရောင်လိုမျိုး ပြောင်ပြောင်လေးနှင့် လှပသောဆံညှပ်ကလေးကို ရွှေအ, သဘောကျသွားသည်။

ဆံညှပ်လေးကို ကြည့်နေရင်းနှင့် ထွေးလှမျက်နှာလေးကို တွဲ၍မြင်လာသည်။ ထွေးလှက အသားဖြူတော့ ဒီအရောင်လေးနဲ့ လိုက်မှာပဲ။ ဒါလေးပဲ ယူလိုက်ဖို့ ရွှေအ, ဆုံးဖြတ်လိုက်သည်။

မမအုံးကို သူယူမည့်ပစ္စည်း ညွှန်ပြလိုက်တော့ မမအုံးက သူ့ကို တအံ့တသြနဲ့ ကြည့်လိုက်သည်။

"ဩော် .. ရွှေအ,က ဆံညှပ်ဝယ်မလို့လား ... ဒါဆို ရွှေအ,တစ်ယောက် မရိုးတော့ဘူးထင်တယ်ဟေ့"

မမအုံးက ရွှေအ,ကို လှမ်းပြီးစ,လိုက်သဖြင့် ရွှေအ, ထူထူပူပူနှင့် မနေတတ်အောင် ဖြစ်သွားရသည်။

"ရော့ ...ဒီမှာဆံညှပ် ...ရွှေအ,နာမည်နဲ့ပဲ မမအုံး မှတ်ထားလိုက်မယ်နော်၊ ဒါနဲ့နေပါဦး ...ကြီးမှတ်အတွက် ချွေးမလေးက ချောရဲ့လားကွဲ့ ...ဟင်း ..ဟင်း"





ရွှေအ,ကို ဆံညှပ်လှမ်းပေးရင်း မမအုံးက ထပ်စလိုက်သောကြောင့် ရွှေအ, ရှက်ကိုးရှက်ကန်းဖြစ်ကာ ဆံညှပ်ကို ယူပြီး တန်းနေအောင် လစ်ပြေးလာခဲ့သည်။

အိမ်ရောက်တာတောင်မှ လူက ထူထူပူပူဖြစ်နေတာ မပျောက်သေး။ အိပ်ရာထဲရောက်တော့ ထွေးလှအတွက် ဝယ်လာသော ဆံညှပ်လေးကိုကြည့်ပြီး ပြုံးမိသည်။

မမအုံးပြောသော စကားများကို ပြန်ကြားယောင်မိတော့လည်း နားရွက်ဖျားက ပူသလို၊ နဖူးက ပူသလိုလိုနှင့် ဖြစ်လာသည်။ မနက်ကျရင် သူဝယ်ပေးသည့် ဆံညှပ်လေးညှပ်ကာ လှပနေမည့် ထွေးလှမျက်နှာလေးကို မြင်ယောင်နေမိပြီး သူ့ အိပ်ရာဘေးမှ ဆံညှပ်လေးကို ထားပြီး ရွှေအ,တစ်ယောက် ကျေနပ်ကြည်နူးစွာ အိပ်ပျော်သွားသည်။

"ရွှေအ,ရေ ... ရွှေအ, "

ရွှေအ,မေးခနဲ အိပ်ပျော်သွားခိုက် အပြင်မှသူ့နာမည်ကို အရေးတကြီးခေါ်သံ ကြားလိုက်သဖြင့် လန့်နိုးသွားသည်။

'ဂွျတ် ...'

ဟာ ...သွားပြီ။ ဆံညှပ်ကလေး ...ထွေးလှအတွက် ဝယ်ထားသော ဆံညှပ်ကလေး အလယ်ခေါင်မှ ထက်ပိုင်းကျိုးထွက်သွားသည်။

ခေါ်သံကြောင့် ကမန်းကတန်း အိပ်ရာမှ လူးလဲထလိုက်သော ရွှေအ,ရဲ့လက်တစ်ဖက်က ညက အိပ်ရာဘေးမှာထားအိပ်သော ထွေးလှရဲ့ ဆံညှပ်ကလေးကို ထောက်မိသွားခြင်းကြောင့် ဆံညှပ်လေးမှာ ကျိုးသွားရှာသည်။

ရွှေအ,က ဆံညှပ်လေးကို နှမြောတသစွာဖြင့် ကောက်ပြီး ခေါင်းအုံးပေါ်တွင် တင်ထားလိုက်သည်။

"ဟေ ... ဘယ်သူတွေလဲကွဲ့"

အခန်းထဲမှ ကြီးမှတ်က ထွက်လာပြီး အိမ်တံခါးဖွင့်ပေးလိုက်သည်။

"ရွှေအ,ရှိလား ကြီးကြီး"

"အေး ... ရှိတယ်ကွဲ့ ... လာကြ ... လာကြ"

အိမ်ပေါ်တက်လာသော သူများကို ရွှေအ,လှမ်းကြည့်လိုက်တော့ ထွေးလှတို့နှင့် အိမ်ချင်းကပ်လျက်နေသော ဦးထွန်းခင်တို့သားအဖကို တွေ့လိုက်ရသဖြင့် ရွှေအ,အံ့ဩသွားမိသည်။

ဦးထွန်းခင်တို့သားအဖက ရွှေအ,ရှေ့၌ ဝင်ထိုက်လိုက်ကြသည်။ သူတို့မျက်နှာမှာလည်း စိတ်ပူစိုးရိမ်နေဟန်တို့က အထင်းသားပေါ်လွင်နေသဖြင့် ရွှေအ,လည်း ဘာမှန်းမသိပေမယ့် သူလည်း ရောယောင် စိတ်ပူနေမိသည်။

ထွေးလှအဖေများ ညကြီးမင်းကြီး တစ်ခုခု ဖြစ်လို့များ





လား ... ဒါဆို ထွေးလှတော့ ဒုက္ခပဲ၊ ဒီသားအဖ နှစ်ယောက်တည်းရှိတာ ထွေးလှတော့ ဝမ်းနည်းပြီး အရမ်းအားငယ်နေတော့မှာပဲ ...

"ရွှေအ, ဒီနေ့အလုပ်သွားလားကွဲ့"

"အဲ ... အဲ"

ဦးထွန်းခင်ရဲ့အမေးကို ရွှေအ,က ခေါင်းညိတ်ဖြေရင်းအူကြောင်ကြောင် ဖြစ်သွားရသည်။ ထွေးလှအဖေဖြစ်တာနဲ့ သူအလုပ်သွားတဲ့ကိစ္စက ဘာမှမဆိုင်။

"ထွေးလှရော ရုံးသွားတာ တွေ့လား"

"အဲ ... အဲ"

ဘာတွေလာမေးနေကြမှန်း မသိဘူး ... ထွေးလှကရုံးလာလို့ နှင်းဆီပန်းလေးနဲ့ တစ်နေ့လုံးလှပနေတဲ့ဟာ။

"ရွှေအ,က အလုပ်ကနေ ဘယ်အချိန်ပြန်ရောက်သလဲ ... ထွေးလှနဲ့ အတူပြန်လာတာ မဟုတ်ဘူးလား"

"လူလေးက ဒီည မိုးချုပ်တယ်ကွဲ့ ... ကိုးနာရီလောက်ကမှ ပြန်ရောက်တာ၊ ဘာတွေဖြစ်ကြလို့လဲကွဲ့ ... ပြောကြစမ်းပါဦး"

"ဒီလိုပါ ကြီးကြီး ... ထွေးလှတစ်ယောက် မနက်ကတည်းက ရုံးထွက်သွားတာ အခုအချိန်အထိ ပြန်မရောက်

သေးလို့ ရွှေအ,ကို လာမေးတာပါ၊ ရွှေအ,နဲ့က တော်တော်ခင်ကြ လို့ ရွှေအ,များ ထွေးလှသွားတတ်တဲ့နေရာတွေများ သိမလားလို့ ပါ ...ပြီးတော့ တစ်ခါတလေ ထွေးလှက ဒီအိမ်ကိုလာတတ် တယ်ဆိုတော့ ဒီမှာများ ရှိမလားလို့ လာမေးတာပါ၊ သူ့အဖေ ကြီးကလည်း အရမ်းစိတ်ပူနေလို့ပါ''

"အို ... ဘုရား ... ဘုရား ... ဒုက္ခပါပဲတော် ... ထွေးလှလေး ဘာမှမဖြစ်ပါစေနဲ့၊ ဘေးမသီရန်မခပါနဲ့၊ လူလေး ရေ လိုက်ရှာပါဦးကွယ် ... သူတို့သူငယ်ချင်းအိမ်တွေကိုလည်း သွားမေးကြည့်ပါဦး''

ကြီးမှတ်က ဘေးမှ ခြေမကိုင်မိ,လက်မကိုင်မိ ဖြစ်နေသ လို ရွှေအ,ရင်ထဲမှာလည်း မီးတောင်ကြီးပေါက်ကွဲသလို ခံစား ရသည်။

ထွေးလှ ...ထွေးလှ ...ဒုက္ခပါပဲ။ သူ့ကို ဒီနေ့ အတူတူပြန်ဖို့ ထွေးလှက စောင့်နေမှာ ကျိန်းသေပေမယ့် သူက အလုပ်တွေများပြီး ထွေးလှစောင့်နေရာသို့ မရောက်နိုင်ခဲ့။ ဒီတော့ သူ့ကိုစိတ်ဆိုးပြီး ထွေးလှ ပေါက်ကရတွေလျှောက်လုပ်လိုက်ရင် ဒုက္ခပဲ။

ဟာ ...ဟုတ်ပြီ ...ဖြစ်နိုင်တယ် ...ကျော်သိန်း။

ရွှေအ,ရင်ထဲ ဒိုင်းခနဲ ဖြစ်သွားသည်။





ကျော်သိန်း ...ကျော်သိန်းအိမ်ကို လိုက်သွားမှပဲ။

ရွှေအ, မတွေရဲရဲ,တွေးရဲရဲဖြင့် ရင်ပူစွာ တွေးလိုက်မိ သည်။ နံရံမှာချိတ်ထားသော အင်္ကျီကိုလှမ်းယူလိုက်ပြီး ဦးထွန်း ခင်တို့ သားအဖနှင့်အတူ ကျော်သိန်းတို့ရပ်ကွက်ဘက်သို့ ထွက် လာခဲ့သည်။ လမ်းတစ်လျှောက်လုံးလည်း ရင်တထိတ်ထိတ်နှင့်။ ဘာကို ဆုတောင်းရမှန်း မသိတော့။ သူ တွေးထင်ထားသလို ဟုတ်ပါစေလို့ ဆုတောင်းရမှာလား၊ မဟုတ်ပါစေနဲ့လို့ ဆုတောင်း ရမှာလား ...သူ မသိတော့။ ရင်တစ်ခုလုံးမှာ မွန်းကြပ်နေသလို ခံစားရသည်။

ကျော်သိန်းတို့အိမ်ရှေ့ရောက်တော့ အိမ်တံခါးကို ခေါက် ဖို့ သူလက်တွန့်နေသည်။ ရွှေအ,ဘာမှ မကြားချင်၊ မသိချင်။ ဒါပေမဲ့ သူ့ရဲ့လက်တွေကတော့ တံခါးကိုခေါက်လိုက်မိနေပြီ။

'ဒေါက် ...ဒေါက်'

'ကျွီ ...'

တံခါးဖွင့်သံနှင့်အတူ ကျော်သိန်း၏အဖေကို တွေ့လိုက် ရသည်။

"ဟာ ...ရွှေအ,ပါလား ...လာကွ ...ငါတို့တော် တော်ကြာ မင်းတို့ဘက်ကို လျှောက်ဦးမလို့ကွ၊ မင်းတို့အလုပ်တွေ အရေးကြီးနေကြလို့လား ...ဒီမှာကွာ မင်းသူငယ်ချင်း ကျော်

သိန်း ပြန်မရောက်သေးလို့ သူ့အမေက စိတ်ပူနေတာ ... အဲဒါ မင်းအိမ်ဘက်ကို အတင်းသွားမေးခိုင်းနေလို့ကွာ ... လာ ... လာ ... ထိုင်ကြ''

သွားပြီ ... သွားပြီကွာ ...။ ထွေးလှရယ် ငါ ဘယ်လို လုပ်ရမလဲ ... ငါဘယ်လို လုပ်ရမလဲဟင်။

ကျော်သိန်းအဖေရဲ့စကားတွေ ကြားလိုက်ရတော့ ရွှေအ ရင်တွေ ဟင်းလင်းပွင့်ထွက်သွားပြီ။

သိလိုက်ပြီလေ ... အဖြေကိုတန်းပြီး သူသိလိုက်ပြီ။

ဦးထွန်းခင်တို့သားအဖနှင့် ကျော်သိန်းတို့မိသားစု ဘာ တွေ ပြောဆိုနေကြမှန်းလည်း သူမသိတော့။ သူ ကြားလည်း မကြားချင်တော့ ... သူကိုယ်တိုင်လည်း လမ်းပေါ်ကို ဘယ်လို ပြန်ရောက်လာမှန်း မသိတော့။

ထွေးလှရယ် ... အခုမှ တကယ်ဆုံးရှုံးလိုက်ရပြီဟာ။

တကယ်တမ်း ဆုံးရှုံးရပြီဆိုတော့ သူ တကယ်မခံစားနိုင် တော့။ ငါ့ကြောင့် ... ငါ့ကြောင့်ပါ ထွေးလှရယ်။

နင့်ရဲ့သံယောဇဉ်တွေကို သိလျက်နဲ့ ငါတွေဝေခဲ့တယ် ... တွေဝေနေတာထက် ငါ့ဘဝထဲကို နင့်ကိုမခေါ်ရက်တာပါ။ နင့်ကိုလည်း အဆုံးရှုံးမခံနိုင်ဘူး ... ငါ့ဘဝထဲကိုလည်း မခေါ် ရက်ဘူး ... ငါကိုယ်တိုင် ဘာလုပ်ရမှန်းမသိသေးတဲ့ အဖြေကို





နင်က ရွေးချယ်လိုက်ပြီပေါ့။

ငါ ... ငါ တကယ်ဝမ်းသာပါတယ် ထွေးလှရယ်။

ရွှေအ, လမ်းဘေးမှာထိုင်ပြီး အားရပါးရ ငိုချလိုက်သည်။ သူ့ဘဝက ခံစားမှုတွေကိုလည်း ထုတ်မပြောနိုင်တဲ့ ဘဝ။ ဘဝ ပေးကံကြမ္မာကြောင့် သူဖြစ်ချင်တာတွေ ဖြစ်ခွင့်မရတဲ့ဘဝမို့ ရွှေအ, ဘာမှမပြောနိုင်။

ဒီလိုနဲ့ပဲ ရင်ထဲက ခံစားမှုတွေကို ကြိတ်မှိတ်မျိုသိပ်ရင်း ဘဝကို ရင်ဆိုင်ဖြတ်သန်းရမှာပါပဲလေ ...။

''ထွေးလှရယ် ... နင့်ဘဝလေး သာယာပျော်ရွှင်ပါစေ လို့ ငါ့ရင်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ ဆုတောင်းပေးလိုက်ပါတယ် ဟာ''

ဒီနေ့ ရုံးကို လရောင်စောစော ရောက်လာခဲ့သည်။ ုံးခန်းထဲရောက်တော့ ခင်လေးမှူစားပွဲကို လှမ်းကြည့်လိုက်တော့ င်လေးမှူကို မတွေ့ရသဖြင့် ရင်ထဲမှာ ဟာတာတာ ...။

ဒါပေမဲ့ သူ့ရဲ့စားပွဲပေါ်မှာတော့ ထုံးစံအတိုင်း လတ် ာတ်ဆတ်ဆတ်နဲ့ လှပသော နှင်းဆီပန်းလေး ထိုးထားတာကို တွေ့လိုက်ရတော့ စိတ်ထဲမှာ လန်းဆန်းသွားသည်။

ခင်လေးမှူရဲ့စားပွဲကို လှမ်းကြည့်လိုက်တော့ ကွန်ပြူတာ ွင့်ထားတာကို တွေ့ရသောကြောင့် ခင်လေးမှူ ရောက်နေပြီ ိုတာ သိလိုက်သည်။

ဒီကောင်မလေးက ဝီရိယတော်တော်ကောင်းသည်။

အလုပ်လည်း တော်တော်ကြိုးစားသည်။ လုပ်ငန်းတော်တော်များများကို ခင်လေးမူအား စိတ်ချလက်ချ လွှဲထား၍ရသဖြင့် လရောင်အတွက် တော်တော်အဆင်ပြေသည်။

သူ နိုင်ငံခြားက ပြန်ရောက်လာကတည်းက ခင်လေးမူနဲ့တွဲပြီး အတူတူ အလုပ်လုပ်ကိုင်နေရသောကြောင့် ဒီကောင်မလေးအကြောင်းကို တော်တော်လေး သိနေသည်။ ကားနဲ့တိုက်မိမလို ဖြစ်ကတည်းက ရင်ထဲမှာ အမှတ်တရရှိနေခဲ့ရာက အခုလို သူ့ရဲ့လက်ထောက်အဖြစ် လုပ်ငန်းအတူတူ တွဲလို့လုပ်ကိုင်နေရတော့ လရောင် စိတ်တွေ ခင်လေးမူအပေါ်ကို ယိမ်းယိုင်နေခဲ့ပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သိသည်။

ခက်တာက ကိုယ်နဲ့သူက ဆရာတပည့်လိုမျိုး ဆက်ဆံနေရတာရယ် ... ပြီးတော့ ခင်လေးမူရဲ့ အနေတည်တံ့တာရယ်ကြောင့် လရောင် ချစ်ရေးဆိုဖို့ ကြိုးစားတိုင်း နှုတ်ကပြောမထွက်ခဲ့။ တော်ကြာ ... သူ့ကို အခွင့်အရေးယူပါတယ်ဆိုပြီး မုန်းသွားရင် မခက်လား။

ကိုယ့်ကုမ္ပဏီကလူ မဟုတ်ခဲ့ဘူးဆိုရင်တော့ အခုလောက်ဆို လရောင်ပြောပြီးလောက်ပြီ။ ကိုယ့်မှာလည်း လူကြီးနေရာမှာ နေ,နေရတော့ ဟိုဟာငဲ့ရ,ဒီဟာငဲ့ရနှင့်မို့ အချိန်တွေဒီလောက်တောင် ကြာနေရခြင်း ဖြစ်သည်။





အခုတော့ သိပ်ငဲ့ဖို့ အချိန်ပေးလို့ မဖြစ်ဘူး ... ဘာဖြစ်လို့လဲဆိုတော့ မာမီတို့ သဘောကျတဲ့ ဂျူလိုင်ပွင့်က ရှေ့လဆို အမေရိကက ပြန်ရောက်တော့မှာ။

ဂျူလိုင်ပွင့်တို့ဘက်ကလည်း လရောင်ကို သဘောကျသည်။ ဂျူလိုင်ပွင့်ကိုယ်တိုင်ကလည်း လရောင်ဆို OK တဲ့။

မာမီကတော့ သဘောကျမှာပေါ့ ... ဂျူလိုင်ပွင့်က ပွစ္စာပေါ ရုပ်ချော ... ဘစ်ဦးတည်းသော ခေတ်ပညာတတ်သဌေးသမီးလေးဆိုတော့ မာမ့်ပါးစပ်ဖျားက မချတော့။ မာမီတို့က အံစဥ်အဆက် ချမ်းသာလာကြတဲ့သူတွေဆိုတော့ မာနက အရမ်းကြီးသည်။ တော်ရုံတန်ရုံဆို စကားလက်ခံပြောဖို့ မဆိုထားနှင့် လှည့်၍ပင် မကြည့် ... အဆင့်အတန်းကလည်း ခွဲခြားသလား မမေးနဲ့။

ဒယ်ဒီကတော့ မာမီလောက်တော့ မဆိုး ... လုပ်ငန်းခွင်ထဲမှာ လူတန်းစားပေါင်းစုံနှင့် တွေ့ကြုံဆက်ဆံနေကြဆိုတော့ ဒယ်ဒီက နားလည်မှုရှိသည်။ စည်းကမ်းလည်း ကြီးသည်။

ဒယ်ဒီနဲ့ လရောင်က သားအဖဆိုပေမယ့် များသောအားဖြင့် သူငယ်ချင်းတွေလိုပဲ ပွင့်ပွင့်လင်းလင်း ဆက်ဆံကြတော့ ခင်လေးမူကိစ္စအတွက် ဒယ်ဒီဘက်က ပြဿနာ မဖြစ်နိုင်။ ပြီးတော့ ခင်လေးမူ တော်တာ,ထက်တာတွေကိုလည်း ဒယ်ဒီက

သဘောကျကြောင်း ခဏခဏ ပြောဖူးသည်။ ဒယ်ဒီ့ဘက်အခြမ်းကိုတော့ စိတ်ပူစရာမလို။

အဲ ... အဓိက,က ခင်လေးမူက သူ့ကိုလက်ခံဖို့ကိစ္စနဲ့ သူကလည်း ခင်လေးမူကို ဖွင့်ပြောဖို့ကိစ္စက အရေးကြီးသည်။ အဲဒီအဆင့်ပြီးတော့မှ ကျန်တဲ့အပိုင်းတွေကို မီးစင်ကြည့်ကရမည်။ ဒီတော့ အခြေအနေပေးတာနဲ့ ခင်လေးမူကို ဖွင့်ပြောဖို့ ကြိုးစားရမည်။

"ဆရာ ... ဒီနေ့မနက်ပိုင်း အရေးတကြီးကိစ္စမရှိရင် မူ အပြင်ခဏ သွားချင်ပါတယ်"

လရောင် ကိုယ့်အတွေးနှင့်ကိုယ် စီမံကိန်းချနေတုန်း ရုံးခန်းထဲကို ခင်လေးမူဝင်လာသဖြင့် မလုံမလဲ ဖြစ်သွားရသည်။ ကြည့်လိုက်တော့ သမင်မွေးရောင် အသားဖျော့ဖျော့ပြောင်ပြောင်လေးကို ရှင်းရှင်းလေး ချုပ်ဝတ်ထားပြီး ဆံပင်များကို ခပ်မြင့်မြင့်လေး စုချည်ထားသော ခင်လေးမူကို လှပစွာ တွေ့လိုက်ရသည်။ မျက်နှာလေးက ခါတိုင်းနှင့်မတူဘဲ အနည်းငယ်ပြင်ထားသည်မို့ ပိုပြီးလှနေသလိုပင် ... ဒီလောက်အလှတွေပြင်ပြီးတော့ ဘယ်သွားမလို့ပါလိမ့်။

"သွားလေ ခင်လေးမူ ... အရေးတကြီးကိစ္စတော့ မရှိပါဘူး ... ဒါနဲ့ ဘယ်ကိုများ ..."





"ဪ ... ဆရာ မသိသေးဘူးထင်တယ် ... ဒီနေ့ ထွေးလှနဲ့ Site ထဲကကျော်သိန်းတို့ရဲ့ မင်္ဂလာဆောင်ရှိတယ်လေ ... အဲဒီကို သွားမလို့၊ ရုံးကလူတွေအတွက် အလှည့်နဲ့ သွားလို့ရအောင် နှစ်သုတ်ခွဲပြီး ကားစီစဉ်ပေးထားတယ်၊ ဆရာ့ကိုတောင် ဖိတ်ထားသေးတယ် မဟုတ်လား"

"အဲ ... ဟုတ်သားပဲ ... ကျွန်တော်မေ့နေလိုက်တာများ၊ ဒါဆို ဒီလိုလုပ်လေ ... ကျွန်တော်အရေးကြီးတဲ့ E-Mail နှစ်စောင်,သုံးစောင်လောက် ပို့လိုက်ဦးမယ်၊ ပြီးရင် ကျွန်တော့ကားနဲ့ မခင်လေးမူ လိုက်ခဲ့လေ ... အပြန်ကျတော့ စက်မှုဇုန်ဘက်ကို တန်းပြီး သွားလိုက်မယ်၊ ထွေးလှရဲ့မင်္ဂလာပွဲကိုတော့ ကိုယ်တိုင်သွားပြီး ချီးမြှင့်ရမှာပေါ့ ... ကိုယ့်တပည့်တွေပဲဟာ ..."

"ဟုတ်ကဲ့ပါဆရာ ... ဒါဆို မူလည်း စာလေးနည်းနည်း ရိုက်လိုက်ဦးမယ်"

လရောင်တို့နှစ်ယောက် အလုပ်များလက်စသတ်၍ ထွေးလှတို့ မင်္ဂလာဆောင်သွားရန်ထွက်လာခဲ့သည်။

"ဆရာ ... လမ်းမှာ စတိုးဆိုင်တစ်ခုခုတွေ့ရင် ရပ်ပေးပါနော် ... လက်ဖွဲ့ပစ္စည်းလေး ဝယ်ချင်လို့"

"ကျွန်တော်လည်း ဝယ်မယ်လေ ... ဒါဆို City Mart

ကိုပဲမောင်းလိုက်တော့မယ်''

City Mart ထဲသို့ ပစ္စည်းဝယ်ရန် ဝင်လာသော သူတို့နှစ်ယောက်ကို အားလုံးက လိုက်ဖက်သောစုံတွဲဟု အားကျစွာကြည့်နေကြသည်ဟု လရောင်ထင်မိသည်။

''မခင်လေးမူ ... ဘာဝယ်ပေးမှာလဲ''

''ဟင် ... မသိသေးဘူးဆရာ ... လျှောက်ကြည့်ရင်းနဲ့ အဆင်ပြေတာလေး ဝယ်မလားလို့ပါ''

''လာ ... ဒါဆို ကျွန်တော်ပဲ ဝယ်လိုက်တော့မယ်''

လရောင်က ပြောပြောဆိုဆို ရှေ့ကနေ ဦးဆောင်ပြီး သူဝယ်ချင်တာတွေကို ခြင်းတောင်းထဲ ကောက်ထည့်နေသည်။

အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ပန်းကန်ခွက်၊ ခါတ်ဘူး ... စသည်ဖြင့် ပစ္စည်းတော်တော်စုံသည်။

''ဒီလောက်ဆိုရင် ထွေးလှတို့အိမ်ထောင်ဦးအတွက် အဆင်ပြေလောက်မယ် ထင်တယ်နော် ''

''ရှင် ... ဟုတ် ... ဟုတ်ကဲ့''

ခင်လေးမူက ဝယ်လာသော ပစ္စည်းခြင်းကိုဆွဲပြီး ရှေ့ကတက်ကြွစွာလျှောက်သွားသော လရောင်နောက်သို့ အပြေးတပိုင်းလေး လိုက်နေရသည်။

Packing ထုပ်ပိုးပြီး၍ လက်ဖွဲ့သူနေရာ၌ ကိုလရောင်နှင့်





မခင်လေးမူဟူသော စာတန်းရေးလိုက်ချိန်၌ လရောင်က ခင်လေးမူမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ခင်လေးမူမျက်နှာက ပန်းရောင်ပြေးလျက် ခေါင်းကို အသာလေးငုံ့ထားလိုက်သည်။

''ဟော ... မူလေးပါလား ဈေးလာဝယ်တာလား''

သူတို့နှစ်ယောက် ဘေးသို့ အသံနှင့်အတူ လူရွယ်တစ်ယောက် ရောက်လာသည်။ လရောင်က လှမ်းကြည့်လိုက်တော့ အသားလတ်လတ်နှင့် တည်တံ့ချောမောသော လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

''ကိုညီပါလား ... ဟုတ်တယ် ... မူ့အသိအတွက် မင်္ဂလာလက်ဖွဲ့ လာဝယ်တာပါ''

''ပြီးရင် မူလေးက အိမ်ပြန်မှာလား ... ကိုညီ စောင့်နေမယ်လေ''

''ရတယ် ကိုညီ၊ မူက ပြီးရင် ရုံးပြန်တက်ရဦးမှာလေ ... မစောင့်နဲ့တော့ ကျေးဇူးပဲနော်''

အဲဒီလူနှင့်ရယ်ရယ်မောမောစကားပြောနေသော ခင်လေးမူကိုကြည့်ပြီး လရောင် စိတ်ပူနေမိသည်။ အခေါ်အပြောတွေကတော့ အရမ်းကို ရင်းနှီးနေသလိုပဲ။ ပြီးတော့ ခင်လေးမူမျက်နှာကလည်း ပြုံးလို့။

ဟိုလူကလည်း ခင်လေးမူကို ကြည့်နေလိုက်တာ မျက်လုံးထဲက အရောင်ကို တဖျပ်ဖျပ်လက်လို့။ နေရင်းထိုင်ရင်း လရောင် ကျွဲမြီးတိုနေမိသည်။

အရေးထဲ ငွေရှင်းကောင်တာက လူစောင့်နေရ၍ သူတို့နှစ်ယောက် စကားပြောဖို့အခွင့်အရေး ပိုရနေသလိုပင်။ ဖြစ်နိုင်လျှင် ခင်လေးမူရဲ့လက်ကိုဆွဲပြီး ဆိုင်ပြင်သို့သာ ပြေးထွက်သွားလိုက်ချင်သည်။ ငွေရှင်းပြီး၍ ခင်လေးမူကို သွားမည့်အကြောင်း အသာလှမ်းပြောပြီး သူက ရှေ့ကထွက်သွားလိုက်သည်။

တကယ်ကို ဒီလိုမြင်ကွင်းမျိုးကို မကြည့်ချင်၊ မကြည့်ချင်ပါဘူးဆိုမှ ဒီကောင်က ခင်လေးမူကို ကားနားအထိ လိုက်ပို့ပေးနေသေးသည်။ ဒုက္ခပဲ ဒီမှာခံစားရတဲ့သူကတော့ နေမထိ ထိုင်မသာ ဖြစ်နေသည်။ သူတို့ကတော့ ပြုံးပျော်ကြည်နူးနေကြသည်။

ခင်လေးမူ ကားပေါ်ရောက်တာနှင့် တစ်ပြိုင်နက် လရောင် ကားကို ဝေါခနဲမောင်းထွက်လိုက်သည်။ ဒါတောင် ဟိုလူက သူတို့ကားထွက်သွားသည့်အထိ နောက်ဆံတင်းပြီး ရပ်ကြည့်နေတာကို ကားနောက်မှန်ထဲကနေ တွေ့နေရသည်။

"သူက ဘယ်သူလဲ မခင်လေးမူ"

ရင်ထဲက သိချင်စိတ်က နှုတ်ဖျားဆီသို့ ပွင့်အံထွက်လာသည့်အထိ လရောင်မနေနိုင်တော့ ...





"ကိုညီ့ကို ပြောတာလား ... မူတို့ရပ်ကွက်ထဲကလေ၊ စာရင်းကိုင်နဲ့ပတ်သက်တဲ့ကုမ္ပဏီခွဲလေးတစ်ခု ဖွင့်ထားတယ်၊ အရမ်းတော်တယ် ... သိလား၊ မူတို့ တစ်ခါတလေ နားမလည်တဲ့ စာရင်းအင်းအကြောင်းတွေဆို ကိုညီ့ကိုသွားပြီး မေးရတယ်လေ ... စိတ်ရှည်လက်ရှည် သင်ပေးပါတယ်၊ သဘောလည်း အရမ်း ကောင်းတယ်"

လရောင်တစ်ယောက် မေးတုန်းကမေးပြီးတော့ အခု ကိုယ့်ရှေ့မှာ ခင်လေးမူနှုတ်ဖျားက တခြားယောကျ်ားလေးတစ်ယောက်ရဲ့ကောင်းကြောင်းတွေကို ပြောနေတာကိုတော့ နားမထောင်ချင်။ မှားပါတယ် ... မေးမိတာကိုက လရောင်ရဲ့အမှားပါလို့ပဲ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်မိသည်။

သေချာတာတစ်ခုကတော့ ဒီလူက ခင်လေးမူရဲ့ချစ်သူမဖြစ်သေးတာကတော့ သေချာသည်။ ဒါပေမဲ့ ဒီလူဘက်က ဖြစ်ချင်သောအရိပ်အယောင်တွေ အများကြီးကို မြွေမြွေချင်းမို့ ခြေမြင်မိလိုက်သည်။

ဒီတော့ ကိုယ့်ဘက်က ဦးအောင်ပဲ ကြိုးစားရမည်။

ထွေးလှတို့မင်္ဂလာဆောင်ကိုရောက်တော့ ကျော်သိန်းနှင့် ထွေးလှတို့စုံတွဲက ဝမ်းသာအားရ ဆီးကြိုကြသည်။

"ဟာ ... ဆရာရော ... ဆရာမလေးရော လာတယ်

. . . ဟုတ်လား . . . ဝမ်းသာလိုက်တာဗျာ''

"လာရမှာပေါ့ ကိုကျော်သိန်းရယ်၊ မူတို့က တစ်ရုံးတည်း သားချင်းပဲဥစ္စာ၊ ထွေးလှလည်း လိုတာရှိရင် မူတို့ကိုပြောနော်"

"ဟုတ်ကဲ့ပါ ဆရာမလေးရယ် ကျေးဇူးတင်ပါတယ်"

ထွေးလှက သူ့ကို လက်ဆွဲကာ စကားပြောနေသော ဆရာမလေးရဲ့ ချစ်စရာကောင်းသော မျက်နှာချောချောမွတ်မွတ် လေးကိုကြည့်ပြီး ဆရာမလေးနဲ့ ရွှေအ,အပေါ် အထင်မှားမိတာကို အားနာနေမိသည်။ ပြီးတော့ ကြီးမှတ်နှင့် ပြောခဲ့သော စကားများကိုလည်း ပြန်လည်ကြားယောင်နေမိသည်။

အဲဒီနေ့က ကြီးမှတ်တို့အိမ်ကို ထွေးလှက သူ့ရဲ့မင်္ဂလာဆောင်ဖိတ်စာ သွားပေးတုန်းကပေါ့ . . .။

"ကြီးမှတ်ရေ . . . ကြီးမှတ်''

"ဟဲ့ . . . ဘယ်သူတုံး"

"ကျွန်မပါ ကြီးမှတ်ရဲ့ . . . ထွေးလှပါ"

"ဟင် . . . ထွေးလှ ဟုတ်လား"

"ဟုတ်ပါတယ်ကြီးမှတ် . . . ထွေးလှပါ၊ မင်္ဂလာဆောင်ဖိတ်စာ လာပေးတာပါ''

ကြီးမှတ်က ထွေးလှမျက်နှာကိုကြည့်ကာ အံ့သြဝမ်းနည်းစွာဖြင့် မျက်ရည်တွေကျနေသည်။





ထွေးလှလည်း ကြီးမှတ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်ပြီး ကြီးမှတ်ကိုဖက်ကာ ငိုချပစ်လိုက်သည်။

"ကြီးမှတ် . . . ကြီးမှတ်ရယ် . . . အီး . . . ဟီး . . . ဟီး ဟင့်''

"ထွေးလှ . . . ထွေးလှရယ် . . . ဘာတွေဖြစ်ကုန်ကြတာလဲ၊ ကြီးမှတ်ကတော့ တစ်ချိန်ချိန်မှာ ထွေးလှဟာ ကြီးမှတ်ရဲ့ချွေးမ ဖြစ်လာမှာပဲထင်ထားတာ၊ လူလေးက အရမ်းခံစားနေရတယ်၊ လူမသိ,သူမသိ ကျိတ်ပြီးငိုနေတာကွဲ့''

"ဟင်''

ကြီးမှတ်စကားကြောင့် ထွေးလှ အရမ်းအံ့သြသွားမိသည်။ ကိုရွှေအ,,က သူ့အတွက် ခံစားနေရသည်တဲ့။ ပြီးတော့ ကျိတ်ပြီး ငိုနေသည်တဲ့ . . . ဟုတ်ရဲ့လား။ ထွေးလှများ နားကြားလွဲနေလေရော့သလား . . . ထွေးလှ မယုံနိုင်။

သူ့အပေါ်ကို ဆရာမလေးရဲ့ တစ်ဝက်လောက်တောင် ဂရုစိုက်ခဲ့ အလေးပေးခဲ့တာ မဟုတ်လို့ ထွေးလှ မယုံချင်။ ဆရာမလေးနဲ့ ယှဉ်လိုက်တိုင်း ထွေးလှက အမြဲတမ်း ဒုတိယ ဖြစ်ခဲ့ရတာတွေကို ကြီးမှတ် သိလို့လား။ ထွေးလှက မယုံနိုင်တာတွေရော၊ မကျေနပ်တာတွေရော စိတ်မကောင်းတာတွေရော၊ အားလုံးရောနှောပြီး ကြီးမှတ်ကို ရင်ဖွင့်လိုက်သည်။

"မဖြစ်နိုင်ပါဘူး ကြီးမှတ်ရယ်၊ ကိုရွှေအ,က ကျွန်မကို ဂရုစိုက်တာ မဟုတ်ပါဘူး၊ သူ့ခေါင်းထဲမှာ အမြဲတမ်း ဆရာမလေးက စိုးမိုးနေတာ ကြီးမှတ်ရဲ့၊ ဆရာမလေးကိုပဲ သူက ဂရုစိုက်တာ"

"ဟော ... ဘယ်သူ ... ဆရာမလေးဟုတ်လား၊ လူလေးတို့အလုပ်ထဲက အင်ဂျင်နီယာဆရာမလေးကို ပြောတာလား"

"အင်းလေ ... ဟုတ်တယ်၊ ဆရာမလေးအတွက်ဆို ပျာနေရော"

"အမလေး ... ဘုရား ... ဘုရား ... ကြားသားမိုးကြိုး ထွေးလှရယ်၊ လူလေးသိရင် ပိုပြီး စိတ်မကောင်းဖြစ်တော့မှာပဲ၊ နေဦး ... နေဦး ... ထွေးလှကို ပြစရာရှိလို့"

ကြီးမှတ်က ပြောပြောဆိုဆို ထွေးလှနှင့် စကားပြောနေရာမှ ထပြီး ဘုရားစင်အောက်တွင် အိပ်သောရွှေအ,၏ခေါင်းရင်းဘက်၌ ထောင်ထားသော ဓာတ်ပုံလေးကို သွားယူလာပြီး ထွေးလှကို လှမ်းပေးလိုက်သည်။

"ရော့ ... အဲဒီပုံကိုကြည့်ပါဦး"

ထွေးလှက ကြီးမှတ်လှမ်းပေးသော ဓာတ်ပုံကို အူကြောင်ကြောင်နှင့် လှမ်းယူကာ ကြည့်လိုက်သည်။





ဟင် ... ဆရာမလေးပုံပါလား။ ဓာတ်ပုံဟောင်းလေးထဲက ဆရာမလေးက ပြုံးရွှင်စွာဖြင့် ချောမောလှပနေသည်။ အဝတ်အစားကတော့ ဒီခေတ်အဝတ်အစားမျိုးတော့ မဟုတ်။

ထွေးလှတို့အိမ်မှာ ချိတ်ထားသော ထွေးလှရဲ့အမေငယ်စဉ်က ရိုက်ထားသော ဓာတ်ပုံထဲက ပုံစံမျိုးပင်။ ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီနှင့်။ ဆွဲကြိုးတွေ၊ လက်ကောက်တွေကလည်း အကြီးကြီးတွေဝတ်ထားသည်။ ထွေးလှ အံ့သြစွာဖြင့် ဓာတ်ပုံကို စူးစိုက်ကြည့်နေမိရင် ...

"ဒါ ... ဒါ ... ဆရာမလေးပုံ မဟုတ်လား"

"အဲဒါ ဆရာမလေးပုံတော့မဟုတ်ဘူး ... လူလေးရဲ့အမေပုံပဲ"

"ဟင်"

ထွေးလှ အံ့သြပြီးရင်း အံ့သြနေမိသည်။ ဒါ ... ဒါဆို ...

"လူလေးက သူ့အမေနဲ့တူလွန်းတဲ့ ဆရာမလေးကို သူ့အမေလိုပဲ စွဲလမ်းပြီး ဖြူဖြူစင်စင်နဲ့ သံယောဇဉ်ဖြစ်ရှာတာပါကွယ်၊ သူတစ်ခါမှ မမြင်ဖူးလိုက်ရတဲ့ သူ့အမေကိုယ်ပွားရောက်လာတာဆိုပြီး အရမ်းဝမ်းသာနေရှာတာ၊ ဆရာမလေးဘာခိုင်းခိုင်း သူ့အမေကိုယ်စား လုပ်ပေးခွင့်ရတယ်ဆိုပြီး အား

တက်သရော လုပ်ကိုင်ပေးရှာတယ်၊ လူလေးက စကားမပြော တတ်ပေမယ့် သံယောဇဉ်ကတော့ တကယ်ကြီးပါတယ်ကွယ်''

ကြီးမှတ်စကားကို နားထောင်နေရင်း ထွေးလှ မျက်ရည်များ စီးကျလာသည်။ ဒါဆို သူ အမှားကြီးမှားပြီပေါ့။ ကိုရွှေအ, အပေါ် အထင်မြင်လွဲမှားစိတ်များနှင့် မခံချင်စိတ်များကြောင့် အမှားအမှန် မခွဲခြားနိုင်ဘဲ စိတ်လိုက်မာန်ပါ ဆုံးဖြတ်မိလိုက်သော သူမရဲ့အမှားများမှာ ပြန်လည်ပြုပြင်၍မရနိုင်တော့ပြီလေ။

ကိုရွှေအ,ရယ် ... ထွေးလှကို ခွင့်လွှတ်ပါ။

''လူလေးက ထွေးလှအပေါ်မှာလည်း သံယောဇဉ်ရှိရှာပါတယ်ကွယ်၊ သူ့ရဲ့အားနည်းချက်ကြောင့် အရာရာကို စဉ်းစားနေတယ်နဲ့ တူပါတယ်၊ အဲဒီနေ့ညကလည်း ထွေးလှဖို့ဆိုပြီး မဝယ်စဖူး ဆံညှပ်တွေဘာတွေသွားဝယ်လို့ အခုတော့ အဲဒီ ဆံညှပ်လေးက ကျိုးသွားရှာပါပြီကွယ့်''

ကြီးမှတ်စကားကြောင့် ရွှေအ,ရဲ့ခေါင်းအုံးပေါ်မှာ တင်ထားသော စိမ်းပြာရောင်လိုလို ဘာလိုလို ဆံညှပ်ပြောင်ပြောင် အကျိုးပိုင်းလေးနှစ်ခုကို သတိထားမိလိုက်သည်။

ကိုရွှေအ,ရယ် ထွေးလှကို တစ်သက်လုံးခံစားသွားရအောင် လုပ်လိုက်တာလား။

ထွေးလှလေ ... ကိုရွှေအ,ကို အရမ်းချစ်ပါတယ်။





ကိုရွှေအ,ရဲ့စိတ်ကို ထွေးလှ မခန့်မှန်းမိနိုင်တာကြောင့် အခုတော့ အားလုံး ပြီး●ထုံးကုန်ပါပြီရှင်။

ထွေးလှတစ်ယောက်တည်း တွေးရင်း ဝမ်းနည်းလာကာ ရှိုက်ကြီးတငင်ငို၍ ကြီးမှတ်ရှေ့မှ ပြေးထွက်လာခဲ့တော့သည်။

''ဟင့် ... အီး ... ဟီး ... ရွတ်''

''ဟဲ့ ... ထွေးလှ ... ထွေးလှ ... နေဦးလေ၊ ဩော် ... ဒုက္ခ ... တစ်ယောက်နဲ့တစ်ယောက် ချစ်ကြရဲ့သားနဲ့ အခုတော့ ...''

''ထွေးလှ ဟိုဘက်ဝိုင်းမှာ အဖေတို့ လှမ်းခေါ်နေတယ်''

''ဟင် ... အင်း ... အင်း ... ဆရာမလေးတို့ သုံးဆောင်ကြဖါနော်၊ ထွေးလှ ဟိုဘက်ဝိုင်းကို သွားလိုက်ဦးမယ်''

ကျော်သိန်းရဲ့ခေါ်သံကြောင့် ထွေးလှ အတွေးများ ပြတ်တောက်သွားပြီး လက်ရှိဘဝကို သတိရလိုက်သည်။ သစ်လွင်တောက်ပစွာဖြင့် ဝတ်ဆင်ထားသော တက်ကြွပျော်ရွှင်နေသည့် သတို့သားကျော်သိန်း၏သတို့သမီး ဖြစ်နေရပြီလေ။

ထွေးလှ တစ်ဖက်စားပွဲဝိုင်းဆီသို့ ကူးသွားရင်း တခြားစားပွဲများအတွက် လိုအပ်သည်များကို သွက်သွက်လက်လက်နှင့် ကူညီလုပ်ကိုင်ပေးနေသော ရွှေအ,ကို မျက်စိထဲ၌ ရိပ်ခနဲတွေ့လိုက်ရသည်။

ရင်တွင်းမှ ခံစားချက်များကို ဖုံးဖိကာ ပြုံးရွှင်သော မျက်နှာဖြင့် မမောနိုင်မပန်းနိုင် လုပ်အားပေးနေသော ရွှေအ,ကို ကြည့်ပြီး ထွေးလှ သက်ပြင်းချလိုက်သည်။

"ဩော် ... ကိုရွှေအ,ရယ်"

"ဆရာ ... စက်မှုဇုန်ဘက်ကို သွားမလို့ဆို"

ထွေးလှတို့ မင်္ဂလာဆောင်မှ ပြန်ထွက်လာတော့ ဆရာကို လရောင်က စက်မှုဇုန်ဘက်ကို ကားမမောင်းဘဲ လှော်ကားဘက်ကို မောင်းနှင်နေသောကြောင့် ခင်လေးမူက လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် ကိစ္စလေးရှိလို့ပါ"

ခင်လေးမူကို လရောင်က ပြန်ဖြေလိုက်ရင်း ကားကို သာဓုကန်ဘက်သို့ မောင်းလိုက်သည်။

သာဓုကန်ဘက်ကိုရောက်တော့ ကားကိုရပ်ပြီး လရောင်က အရင်ဆင်းလိုက်သည်။

"မခင်လေးမူရော ခဏလောက်ဆင်းပါလား၊ ကျွန်တော် ပြောစရာလေးရှိလို့ပါ"

"ရှင် . . . ဟုတ်ကဲ့"

လရောင်ရဲ့စကားကြောင့် ခင်လေးမူ အူကြောင်ကြောင်နှင့် ကားပေါ်မှ ဆင်းပြီး ရှေ့က ဖြည်းဖြည်းလျှောက်သွားနေသော လရောင်နောက်သို့ လိုက်လာခဲ့သည်။

သာဓုကန်ပတ်ဝန်းကျင်က အေးချမ်းပြီး သာယာလှပနေသည်။ လတ်လတ်ဆတ်ဆတ် တိုက်ခတ်လာသော လေနုအေးလေးကြောင့်လည်း ရင်ထဲမှာ လန်းဆန်းသွားရသည်။

"လာ . . . ထိုင်လေ . . . မခင်လေးမူ"

လရောင်က သစ်သားတန်းလေးကို ခုံသဖွယ်ပြုလုပ်ထားသော ခုံတန်းလေးပေါ်မှာ ထိုင်လိုက်ရင် ခင်လေးမူကို ခေါ်လိုက်သည်။

ခင်လေးမူက တစ်ဘက်ခုံအစွန်းမှာ ထိုင်လိုက်ရင်း လေအဝေ့မှာယိမ်းခါနေသော မြက်ပင်ရှည်လေးများကိုကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။

"မခင်လေးမူ"

မြက်ပင်လေးများကို ငေးကြည့်နေသော ခင်လေးမူကို ချစ်မြတ်နိုးစွာနှင့်ကြည့်ရင်း လရောင်ခေါ်လိုက်သည်။





"ရှင် . . . ဆရာ"

လရောင်ရဲ့ခေါ်သံကြောင့် ခင်လေးမူက ပြန်ထူးရင်း လရောင်ဘက်ကို လှည့်ကြည့်လိုက်သည်။

လရောင်ကို လှည့်အကြည့်မှာ သူ့ကို ရွှန်းရွှန်းစားစားနှင့် ကြည့်နေသော လရောင်၏မျက်လုံးများကို တွေ့လိုက်ရသဖြင့် ခင်လေးမူ ရင်တွေခုန်သွားကာ ကမန်းကတန်း မျက်လွှာချလိုက်ရသည်။

"မခင်လေးမူကို ကျွန်တော် မေးစရာရှိလို့ပါ"

"ဟုတ်ကဲ့"

လရောင်ရဲ့ အသံကြည်ကြည်ကို နားထောင်ရင်း ခင်လေးမူ ခေါင်းငုံ့ကာ ဖြေလိုက်သည်။

"ဟို . . . မခင်လေးမူမှာ ချစ်ရမယ့်သူ ရှိနေပြီလား"

"ရှင်"

လရောင်ထံမှ မထင်မှတ်ဘဲ ကြားလိုက်ရသော မေးခွန်းကြောင့် ခင်လေးမူ ဘာပြန်ဖြေရမှန်း မသိအောင် ဖြစ်သွားရသည်။

"မခင်လေးမူမှာ ရည်ရွယ်ထားတဲ့သူ ရှိလားလို့ မေးတာပါ"

"ဟို . . . မရှိသေးပါဘူး ဆရာ"

ခင်လေးမူက အသံတုန်တုန်လေးဖြင့် ရှက်ရွံ့စွာ ဖြေလိုက်သည်။

"ဒါဆိုရင် ကျွန်တော် မခင်လေးမူကို လက်ထပ်ပါရစေ"

"ရှင်"

သူပြောသမျှစကားများကို နားမလည်နိုင်စွာဖြင့် တရှင်ရှင်ဖြစ်နေသော ခင်လေးမူကို လရောင်က သဘောကျစွာဖြင့် ကြည့်ရင်း ခင်လေးမူရဲ့လက်ကလေးတစ်ဖက်ကို လှမ်းပြီးဆုပ်ကိုင်ထားလိုက်သည်။

"အို"

"ဟုတ်တယ် မခင်လေးမူ ... ကျွန်တော် မခင်လေးမူကို ချစ်တယ်၊ ချစ်တယ်ဆိုတာကလည်း အခုမှ ချစ်တာမဟုတ်ပါဘူး၊ မခင်လေးမူကို စတွေ့တဲ့နေ့ကစပြီး ရင်ထဲမှာ တကယ်စွဲလမ်းခဲ့တာပါ၊ ကျွန်တော့်အချစ်ကို လက်ခံပါဗျာ"

ခင်လေးမူက သူ့လက်လေးကို ရှက်ရှက်နှင့်မသိမသာလေး ပြန်ရုန်းထွက်ရင်း ...

"ဟို ... မူ ... မူ့ကို စဉ်းစားခွင့်ပေးပါဦး ဆရာ ... မူ စဉ်းစားပါရစေဦး"

"မူရယ် ... တစ်ယောက်အကြောင်းတစ်ယောက် သိနေကြပြီပဲဟာ စဉ်းစားစရာလိုသေးလို့လား ... ကိုယ့်ကို အခုပဲ အဖြေပေးလိုက်ပါတော့ကွာ"

ရုန်းထွက်နေသော မူ့လက်နှစ်ဖက်ကို အုပ်မိုးဆုပ်ကိုင်ထားပြီး ကလေးတစ်ယောက်လို ပူဆာနေသော လရောင်ကို ကြည့်ကာ ခင်လေးမူ ရယ်ချင်သွားမိသည်။

အလုပ်ထဲမှာ ဒါရိုက်တာရာထူးကိုလည်း ရယူပိုင်ဆိုင်ထားသူ၊ လုပ်ငန်းခွင်မှာလည်း တည်တည်ကြည်ကြည်နှင့် ဦးဆောင်ဦးရွက်ပြုလုပ်နေသောသူက အခုကျတော့ ကလေး,လေးလိုပင်။

နဂိုထဲကမှ လရောင်နှင့်ပတ်သက်၍ စည်းချက်မမှန်စွာ ခုန်နေသောရင်တွေကို မနည်းထိန်းသိမ်းနေရပါသည်ဆိုကာမှ ယခုလို လရောင်က သူ့ကိုချစ်ခွင့်တောင်းသောအခါ ခင်လေးမူ ဘာပြောရမှန်း မသိတော့။ ရှက်နေတာပဲ သိသည်။ လူတစ်ကိုယ်လုံးလည်း အသက်ရှူတွေ မြန်နေသလိုလို အသက်မရှူဘဲ ရပ်နေသလိုလို ... တစ်မျိုးကြီးပဲ ခံစားနေရသည်။

"မူ ... ဖြေလေကွာ၊ မဖြေရင် ဒီနေရာက မထဘူးနော်"

လရောင်က ပြောပြောဆိုဆို ခင်လေးမူရဲ့ပေါင်ပေါ်ကို လှဲအိပ်ချလိုက်သည်။




သိန်းထိုက် စာပေ

"အို ... ဆရာ ... ဆရာ ... ထပါဦး ... ဒုက္ခပါပဲ၊ သူများတွေမြင်ရင် မကောင်းပါဘူး ဆရာရယ်"

လရောင်ရဲ့အပြုအမူကြောင့် ခင်လေးမူ ရုတ်တရက် လန့်သွားပြီး တစ်ကိုယ်လုံး ထူထူပူပူဖြစ်သွားသည်။ မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားပြီး လရောင်ကိုလည်း မငြိရဲ့၊မကိုင်ရဲ ... ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ဆရာ ... ထပါ ဆရာရယ်၊ မူ ... မနေတတ်လို့ပါ"

"ကိုယ်ပြောပြီးပြီလေ၊ မူ့မဖြေရင် ဒီနေရာက လုံးဝ မထဘူးလို့၊ ဒီအတိုင်းပဲ နေမှာပဲ၊ မြင်ချင်တဲ့သူ မြင်ပါစေ"

ဒုက္ခပါပဲ ... အခုမှပဲ ခင်လေးမူ ခြေမကိုင်မိ၊လက် မကိုင်မိ ဖြစ်နေရသည်။

လရောင်ကို မရဲတရဲငုံ့ကြည့်လိုက်တော့လည်း တကယ် ဆုံးဖြတ်ထားသလိုပင် မျက်နှာချောချောက ပြုံးနေပြီး မျက်လုံး များပင် မှိတ်ထားလိုက်သေးသည်။

ထိုအခိုက် အနောက်ဘက်နားမှ လူသံကြားသဖြင့် ခင်လေးမူ တွန့်ခနဲဖြစ်သွားသည်။ ဒီဘက်ကို လူတွေရောက်မှ ဒုက္ခပါပဲ။

"ဟို ... ဟိုလေ ... မူ ဖြေပြီးရင် ဆရာက တကယ် ထမှာလားဟင်"





"အင်း"

လရောင်က ခင်လေးမူစကားကို မျက်လုံးမှိတ်မပျက် ပြန်ဖြေသည်။

ခင်လေးမူက ရင်ခုန်သံပရမ်းပတာကို အသာထိန်းရင်း အသံတိုးတိုးစုန်တုန်လေးဖြင့် ...

"မူ ... မူ ... ဆရာ့ကို လက်ခံပါတယ် ဆရာ"

ခင်လေးမူထံမှ အသံကြားသော်လည်း လရောင်က တုတ်တုတ်မှ မလှုပ်။

အယ် ... အိပ်များပျော်သွားပြီလား မသိဘူး။ ဒုက္ခပဲ။

"ဆရာ ကြားလားဟင် ... မူ ... ဆရာ့ကိုချစ်ပါတယ် ဆရာ"

ခင်လေးမူက သူ့စကားကို လရောင်မကြားဘူးထင်၍ ခေါင်းကို ငုံ့ကာ ထပ်ပြောလိုက်သည်။

"ဟေး ... တကယ်လားဟင်"

ခင်လေးမူထံမှ ဒုတိယမြောက် ပြောလိုက်သောအသံ ကို ကြားလိုက်ရတော့မှ လရောင်က ဝမ်းသာအားရ အော်ပြီး ခင်လေးမူကို သိမ်းကျုံးဖက်ထားလိုက်သည်။

"မူ ... မူ တကယ်ပြောတာနော်၊ မူ ကိုယ့်ကို ချစ်တယ် နော် ... ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"ကိုယ် အရမ်းဝမ်းသာတာပဲကွာ၊ ပျော်လည်း အရမ်းပျော်တယ်"

သူ့ထံမှ အဖြေကြားရ၍ ဝမ်းသာပျော်ရွှင်နေသော လရောင်ကိုကြည့်၍ ခင်လေးမူလည်း ကြည်နူးရပါသည်။

"မူ ... ဘယ်တော့မှ မပြောင်းကြေးနော်၊ ကိုယ့်ကို ကတိပေးနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဟာ ... မူကလည်းကွာ၊ ကိုယ့်ချစ်သူနဲ့ စကားပြောတာကို အလုပ်ကိစ္စပြောနေသလိုပဲ ... ဆရာ .. ဆရာနဲ့ မခေါ်စမ်းပါနဲ့ကွာ၊ အဲဒီဆရာဆိုတာကြီးကြောင့် မူ့ကို ရည်းစားစကားပြောဖို့ ဒီလောက်ထိ အချိန်တွေ ကြာသွားရတာ၊ နို့မို့ဆို အစော ကြီးကတည်းက ကိုယ်ပြောပြီးနေပြီ၊ ဆရာအစား တခြားတစ်ခု ပြောင်းခေါ်ကွာ"

"မူ ကြိုးစားကြည့်ပါ့မယ် ဆရာရယ်၊ လောလောဆယ် တော့ မူရှက်လို့ပါ"

"ရှက်လို့ ... ဟုတ်လား၊ ဒါဆို ခဏပဲ ရှက်ရမယ်နော်၊ အကြာကြီး ရှက်မနေနဲ့၊ နောက်ဆို ကိုယ်တို့ရဲ့ သားပေါ့,သမီး တွေနဲ့ ..."





"ဟာ ... ဆရာကလည်း ဘာတွေပြောနေမှန်းလည်း မသိဘူး ... သွား ..."

"ဟား ... ဟား ... ဟား ... ကောင်မလေးတစ်ယောက် အခုမှ တကယ်ရှက်သွားပြီကွ ... ဟား ... ဟား ... ဒါတွေက နောက်ဆို တကယ်ဖြစ်မယ့်ကိစ္စတွေ"

"ဆရာကလည်း တော်ပါတော့ဆို ... ပြန်ကြမယ်လေ"

မျက်နှာတစ်ခုလုံး နီရဲနေအောင် ရှက်နေသော ခင်လေးမူက လရောင်ကို ပြန်ဖို့ပဲ တွင်တွင်တိုက်တွန်းနေသည်။

လရောင်ကတော့ ပျော်လွန်းလို့ အိမ်တောင်မပြန်ချင်တော့။ ခင်လေးမူရဲ့ မျက်နှာနီနီလေးကိုပဲ ချစ်မြတ်နိုးစွာ ကြည့်နေသည်။

"ကိုယ်တော့ အိမ်တောင်မပြန်ချင်တော့ဘူးကွာ"

"အိုး ... ဘယ်ဖြစ်ပါ့မလဲ ... ဆရာရဲ့"

လရောင်စကားကြောင့် မျက်လုံးလေးပြူးကာ အလန့်တကြား ပြန်ပြောလိုက်သော ခင်လေးမူရဲ့ခေါင်းကို လက်ဖြင့် အသာပုတ်ပြီး လရောင်က သဘောကျနေသည်။

"အလကားစတာပါ မူရယ်၊ တကတဲမှပဲ မျက်လုံးပြူး, မျက်ဆံပြူးနဲ့ ... ဟား ... ဟား"

ပြီးတော့ ခင်လေးမူရဲ့လက်လေးကိုဆွဲကာ ကားဆီသို့ ပျော်ရွှင်ကြည်နူးစွာ လျှောက်သွားကြလေသည်။

ချစ်ကြပြီဆိုတော့လည်း လရောင်နှင့် ခင်လေးမူတို့ နှစ်ယောက် ချစ်သူတို့ထုံးစံအတိုင်း သာယာကြည်နူးစရာလေးများ နှင့် အရာရာတိုင်းသည် လှပ၍နေပေသည်။

လရောင် Site ထဲပတ်၍ လုပ်ငန်းခွင်ကိစ္စများကို လှည့် လည်ကြည့်ရှုရင်း ရွှေအ, အလုပ်,လုပ်နေသောနေရာသို့ ရောက် သွားသည်။

ခင်လေးမူကတော့ တခြားအထပ်တွင် ရှိနေပေလိမ့်မည်။ ရွှေအ,က သူ အချောကိုင်နေသော နံရံကို မျဉ်းတံဖြင့် စစ်ဆေး နေသည့်အတွက် နောက်မှာ လရောင်ရောက်နေသည်ကို သတိ ထားမိ။

လရောင်ကလည်း အသံမပေးဘဲ ရွှေအ,လုပ်ဆောင်နေသည်များကို တိတ်တိတ်လေးရပ်ကြည့်နေမိသည်။

လရောင်တို့ကုမ္ပဏီ၌ အမျိုးမျိုးအစားစားသောဝန်ထမ်းများ ပေါင်းစုံရှိပေသည်။ အားလုံးသောလူများမှာ လူတော်များဖြစ်ပြီး အလုပ်ကို သေသေချာချာလုပ်ကိုင်ကြသောသူများ ဖြစ်သဖြင့် လရောင်တို့မှာ ဝန်ထမ်းကောင်းများ ရရှိထားကြပေသည်။

အားလုံးထဲမှာထက် ကိုရွှေအ,ကို ဘာကြောင့်မှန်းမသိ လရောင်က ပိုပြီး ခင်တွယ်မိသည်။ စကားမပြောတတ်ပေမယ့် အလုပ်,လုပ်ရာတွင် သေသေချာချာနှင့် စေတနာပါစွာ လုပ်ဆောင်ပေးသော ကိုရွှေအ,ကို လရောင်ခင်သည်။

ပြီးတော့ ရွှေအ,၏မျက်လုံးအကြည့်များကို ကြည့်ရသည်မှာ သူနှင့်ရင်းနှီးသလို ခံစားရသည်။ ကိုရွှေအ,ကလည်း လရောင်အပေါ် ခင်တွယ်ပါသည်။ လုပ်ကိုင်လာသော နှစ်တွေပင် တော်တော်ကြာခဲ့လေပြီ။

အခု မှူ့အပေါ်တွင်လည်း ကိုရွှေအ,က အထူးပင် လေး စားခင်မင်သည်ကို တွေ့ရသည်။ မှူကိုယ်တိုင်ကလည်း သူ့ကို ပြောဖူးသည်။ ကိုရွှေအ,ကိုမြင်တိုင်း အလိုလို သူ့ရင်ထဲမှာ ရင် နှီးနေသည်ဟု ပြောဖူးသည်။

လရောင်ကိုယ်တိုင်လည်း ဒီလိုပဲခံစားရသည်။





ပြီးတော့ ရွှေအ,က သစ္စာရှိသည်။ ပေးထားသောတာဝန်ကိုလည်း ကျေပွန်အောင် ဆောင်ရွက်တတ်သည်။ ဒီလောက် နှစ်တွေကြာအောင် လုပ်လာခဲ့ပေမယ့် ကိုရွှေအ,ကြောင့်ဟူ၍ မည်သည့်ပြဿနာအကြောင်းကြောင်းများလည်း မပေါ်ပေါက်ခဲ့။

"ကိုရွှေအ,"

လရောင်က ရွှေအ,အနောက်ဘက်မှနေ၍ အသံပေးလိုက်သဖြင့် ရွှေအ,က လှည့်ကြည့်လိုက်သည်။

"အဲ ... အဲ"

လရောင်ကိုမြင်လိုက်ရ၍ ရွှေအ,က လုပ်လက်စအလုပ်ကို ရပ်လိုက်ပြီး လရောင်ရှေ့သို့ ကမန်းကတန်းပြေးလာပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ ရိုရိုသေသေ လေးလေးစားစားဖြင့် လရောင်ပြောမည့်စကားများကို ခေါင်းငုံ့ကာ နားစွင့်နေလိုက်သည်။

"ကိုရွှေအ,ကို မေးစရာရှိလို့ပါ"

"အဲ ... အဲ"

"ကိစ္စအထွေအထူးတော့ မဟုတ်ပါဘူး၊ ကိုရွှေအ,တို့ရဲ့ ဆရာမလေးနဲ့ အလုပ်အတူတူလုပ်ရတာ အဆင်ပြေရဲ့လားလို့ သိချင်လို့ပါ"

"အဲ ...အဲ"

ရွှေအ,က ဆရာမလေးနှင့် အလုပ်,လုပ်တာ အဆင်ပြေကြောင်းကို ကမန်းကတန်း ခေါင်းညိတ်ကာ အဖြေပေးလိုက်သည်။ ဆရာလေးက ဘာဖြစ်လို့ မေးတာပါလိမ့်။ ဆရာမလေးကို များ တခြား Site ထဲကို ရွှေ့မလို့လား။ ဒီလိုဆိုရင်တော့ မဖြစ်ဘူး။

ဆရာမလေးကို သူနေ့တိုင်း မြင်တွေ့နေခွင့်ရတာကို သူ ပျော်သည်။ ဆရာမလေးကို မြင်လိုက်တိုင်း သူ့ရင်မှာ အေးချမ်းရသည်။ ခွန်အားတွေ ရှိလာရသည်။ ဘုရား ... ဘုရား ... သူထင်ထားသလို မဟုတ်ပါစေနဲ့ဟု ရွှေအ, ဆုတောင်းနေမိပြီး ခေါင်းကိုလည်း အဆက်မပြတ် ညိတ်နေမိသည်။

"ရပါပြီ ကိုရွှေအ,ရယ် ... ကိုရွှေအ,ရဲ့ခေါင်းလည်း ညိတ်ရလွန်းလို့ ပြုတ်ကျသွားပါဦးမယ်၊ ဘာလဲ ... ကိုရွှေအ,က ဆရာမလေးကို Site ပြောင်းပြီး အလုပ်ခိုင်းမှာ စိုးလို့လား ... ဟုတ်တယ်မဟုတ်လား ကိုရွှေအ,"

ရွှေအ,က လူမိသွားသလိုမျိုး ရှက်ကျဲကျဲနှင့် ရယ်နေလိုက်ပြီး ခေါင်းကိုညိတ်ပြလိုက်သည်။

"Site ပြောင်းခိုင်းလို့ ဘယ်ဖြစ်ပါ့မလဲဗျ၊ ကျွန်တော်လည်း ကိုရွှေအ,လိုပဲ ဆရာမလေးကို ဘယ်မှပို့လို့ မဖြစ်ဘူးဗျ"

"အဲ"





ဆရာလေးရဲ့စကားကို ရွှေအ,က နားမလည်သလို ဖြစ်သွားပြီး ဆရာလေးတို့ မော့ကြည့်လိုက်သည်။

"အင်း ... ကျွန်တော့်စကားကို ကိုရွှေအ, နားမလည်ဘူး ထင်တယ်၊ ဒီမှာ ကျွန်တော် ကိုရွှေအ,ကို တစ်ခုမေးဦးမယ်၊ ကိုရွှေအ,တို့ ဆရာမလေးနဲ့ ကျွန်တော်နဲ့ကို သဘောတူလား"

"အဲ"

ဆရာလေးနဲ့ ဆရာမလေးကိုလား။ ဟာ ... သဘောတူတာပေါ့ ဆရာလေးရယ်။ ဒီလိုမျိုးသာဆိုရင် ရွှေအ,လောက် ပျော်တဲ့သူ ဒီကမ္ဘာမှာ ရှိတော့မှာတောင်မဟုတ်ဘူး။ ဆရာလေးနဲ့ ဆရာမလေးကလည်း တကယ့်ကို ရွှေသွားနောက်လိုက်ညီကြပါပေတယ်။

ရွှေအ,က ဝမ်းသာအားရနဲ့ ခေါင်းညိတ်ပြပြီး ထုံးစံအတိုင်း လက်မ,ထောင်ပြလိုက်သည်။

"ဒါဆို ကိုရွှေအ,က သဘောတူတယ်ပေါ့ ... ဟုတ်လား"

"အဲ ...အဲ"

"သဘောတူတယ်ဆိုရင် ကိုရွှေအ,ရဲ့ အကူအညီလိုတယ် ... ကူညီမှာလား"

ဟာ ... တကယ်လိုရင် ကူညီမှာပေါ့၊ ရွှေအ,က

တကယ်ကို ဆရာလေးနဲ့ ဆရာမလေးကို သဘောတူနေတာ။

"အဲ ...အဲ"

"ကိုရွှေအ, ...သေသေချာချာ နားထောင်နော်၊ ကျွန်တော်က ကိုရွှေအ,ကို ကိုယ့်ညီအစ်ကိုလိုဖြစ်နေလို့ တိုင်ပင်ပြီး အကူအညီတောင်းတာနော် ...တိုးတိုးတိတ်တိတ်နော်"

ရွှေအ,က စိတ်ဝင်တစားနှင့် နားစွင့်ထားလိုက်သည်။

"အခု ကျွန်တော်နဲ့ ဆရာမလေးက ကိုရွှေအ, သဘောတူထားသလို ချစ်သူတွေ ဖြစ်နေကြပြီ၊ ဒါပေမဲ့ အခုရက်ပိုင်းမှာ ကျွန်တော့်မှာ အခက်အခဲတွေ ရှိတယ်၊ အရင်တုန်းက ကုမ္ပဏီကို ခဏခဏလာနေတဲ့ ဂျူလိုင်ပွင့်ဆိုတဲ့ ကောင်မလေးကို သိတယ် မဟုတ်လား"

ဂျူလိုင်ပွင့် ...သိတာပေါ့။ ဂျူလိုင်ပွင့်ဆိုရင်တော့ ရွှေအ,က အသေကို မှတ်မိသည်။ အရင်တုန်းကဆို ဆရာလေး ရုံးခန်းကို ခဏခဏလာပြီး ဆရာလေးကို ပတ်ချွဲနပ်ချွဲ လုပ်နေ တတ်သူ။ ထွေးလှတို့ကတော့ သူ့ကို နောက်ကွယ်မှာ မယ်ပက်ကျ ဟု ခေါ်ကြသည်။

အဝတ်အစားကို အမြဲတမ်း ခေတ်မီဆန်းပြားစွာ ဝတ် ဆင်တတ်ပြီး မျက်နှာလေးကလည်း ဘိုမရုပ်ကလေးတစ်ရုပ်လို လှပလေသည်။





ဒါပေမဲ့ လှပသောမျက်နှာလေးနှင့် မလိုက်ဖက် အောင်ပင် မှောက်မှာလွန်းလှသည်။

ကုမ္ပဏီတွင် ဆရာကြီးနှင့် ဆရာလေးကလွဲ၍ ကျန်တဲ့ သူတွေကို ရှိတယ်လို့ပင် မထင်။ ထွေးလှကို့ ရွှေအ,တို့လို လူမျိုး တွေကိုဆိုရင်တော့ ပြောမနေတော့။

"အဲဒါ အဲဒီဂျူလိုင်ပွင့်က ဒီတစ်ရက်နှစ်ရက်မှာ နိုင်ငံ ခြားက ပြန်ရောက်လာလိမ့်မယ်၊ သူလာရင်တော့ ထုံးစံအတိုင်း ကျွန်တော့်ဆီကို ရောက်လာမှာပဲလေ၊ အဲဒါ သူနဲ့ မူနဲ့ကို ထိပ် တိုက်မတွေ့စေချင်ဘူး၊ အမိက,က မူ့ကို စိတ်မညစ်စေချင်ဘူး ဗျာ၊ ဒါကြောင့် မူ့ကို နောက်ရက်တွေကျရင် စက်မှုဖုန်ဘက်မှာ ခဏလှည့်ပြီး ဒလုပ်တွေကူလုပ်ပေးပါ ...ကျွန်တော် စိတ်ချ ပါရစေနော်၊ ကျွန်တော်လည်း လစ်တာနဲ့ ဝင်လာခဲ့မှာပါ၊ လော လောဆယ်တော့ ဒီလိုပဲလုပ်ရမှာပဲ၊ ဂျူလိုင်ပွင့်ကိစ္စကို မူ မသိဖို့ အရေးကြီးတယ်"

စိတ်ညစ်စွာဖြင့် သူ့ကိုပြောပြနေသော ဆရာလေးကို ကြည့်ပြီး ရွှေအ, စိတ်မကောင်းဖြစ်သွားသည်။ ဟုတ်သည်။ လောလောဆယ်ဆရာလေးစီစဉ်ထားသလို ဆရာမလေးကို စက်မှုဖုန်ဘက်မှာ တာဝန်ပေးထားတာက ပိုကောင်းမည်။

နို့မို့ ကုမ္ပဏီမှာသာဆိုရင် ဟိုကောင်မလေးရောက်လာ

တာနှင့် ဓာတ်လမ်းတွေက ပိုပြီးရှုပ်လာနိုင်သည်။ အဲဒီဂျူလိုင်ပွင့်ကလည်း လူရှေ့မရှောင် သူရှေ့မရှောင် ဆရာလေးကို လက်မောင်းချိတ်လိုက်၊ ခါးဖက်လိုက်နှင့် ရဲရဲတင်းတင်းနေတတ်သည်ဆိုတော့ ဆရာမလေးရင်ထဲမှာ ခံစားရပေလိမ့်မည်။

ရွှေအ,ကိုယ်တိုင်လည်း ခံစားခဲ့ရဖူးသူဆိုတော့ ဒီဝေဒနာရဲ့ခံစားမှုကို ကောင်းကောင်းသိသည်။ ဆရာမလေး ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ ဆရာမလေးကိုလည်း မခံစားစေချင်။ သူလည်းတတ်နိုင်သရွေ့ ဆရာမလေး စိတ်ချမ်းသာအောင် လုပ်ပေးမည်ဟု ဆုံးဖြတ်ထားသည်။ ရွှေအ, ... ဆရာလေးရဲ့လက်ကို ဆုပ်ကိုင်ပြီး သက်မ,ထောင်ပြလိုက်သည်။

"ကျေးဇူးပါပဲ ကိုရွှေအ,ရယ်၊ ကိုရွှေအ,တို့ဆရာမလေးကို စိတ်ချမ်းသာအောင် ထားပါ့မယ်လို့ ကျွန်တော် ကတိပေးပါတယ်၊ ကိုရွှေအ,ကလည်း မူ့ကို တတ်နိုင်သရွေ့ စောင့်ရှောက်ပေးပါဗျာ"

"အဲ ... အဲ"

ဆရာလေးရဲ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသော ရွှေအ,ရဲ့ အတွေးထဲမှာတော့ သူ့ဆရာမလေးအတွက်ဆိုရင် သူ ဘာပဲဖြစ်ဖြစ် လုပ်ပေးမည်ဟူ၍ပင် ...။

စက်မှုဖုန်ရှိအဆောက်အအုံကို အရေးကြီးသည် ဆို၏။ ကိုရွှေအ,နှင့်အတူ ခင်လေးမူ စက်မှုဖုန်ကို လာပြီး ကြီးကြပ်ပေးနေရသည်။ လရောင်ကတော့ ဒီရက်ပိုင်းမှာ နိုင်ငံခြားက ဧည့်သည်တွေ ရောက်နေလို့ဆိုပြီး အလုပ်များနေသည်။

အလုပ်များနေသည့်ကြားထဲက ခင်လေးမူဆီကို တစ်နေ့တစ်ခေါက်တော့ အပြေးအလွှားလေး ရောက်အောင်လာရှာပါသည်။

"ကိုရယ် ... အလုပ်တွေရှုပ်နေရင်လည်း မူ့ဆီကို မလာပါနဲ့၊ ဖုန်းပဲ လှမ်းဆက်လိုက်ပါလား၊ ကို့ကိုကြည့်ပြီး ပင်ပန်းလိုက်တာကွယ်"

"ဟာ ... လာရမှာပေါ့ မူကလဲ၊ ကိုယ့်ဘာသာ ဘယ်လောက်ပဲ ပင်ပန်း,ပင်ပန်း ကိုယ့်ချစ်သူလေးရဲ့မျက်နှာလေးကို တွေ့လိုက်ရရင် ပင်ပန်းသမျှတွေအားလုံး ပြေပျောက်သွားရတာပဲလေ၊ လာမှာပဲ ... ဘာလဲ ... မူက ကိုယ့်ကိုမတွေ့ချင်ဘူးလား ... ပြော"

"ကြည့် ... မူက ကို့အတွက် အကောင်းပြောနေတာပါ ကိုရယ်၊ ကို ပင်ပန်းမှာစိုးလို့ပါ"

"ရတယ် ... ရတယ်၊ ဒီလောက်ကတော့ လရောင်တို့က အပျော့ပဲ၊ နောက်ဆို သားကိစ္စ, သမီးကိစ္စနဲ့ ပိုပြီးအလုပ်တွေလုပ်ရဦးမှာဆိုတော့ ဒီလောက်ကတော့ မိုင်နာပါ"

"ဒါပဲ ... သူပြောလိုက်ရင်"

ခင်လေးမူက ချစ်စဖွယ်မျက်စောင်းလေးထိုးရင်း ပြုမ်း ပြောလိုက်သည်။

"မူနော် ကိုယ့်ကို အသည်းယားအောင်မလုပ်နဲ့၊ အလုပ်ထဲတွေ,ဘာတွေ နားမလည်ဘူးနော် ... ဖက်နမ်းပစ်လိုက်မယ် ... ဘာအောက်မေ့နေလဲ"

"ကိုနော် ... ဘယ်လိုဖြစ်နေတာလဲမသိဘူး"

"ရောဂါသည်းနေတာလေ တကယ်ပဲကွာ၊ ခါတိုင်း တစ်နေကုန် တွေ့နေရပြီး အခု ခဏလေးပဲတွေ့ရတော့ တကယ်ညစ်





တယ်ကွာ၊ မူ့ကို ကိုယ် အရမ်းသတိရတာပဲ"

"မူလည်း ဒီလိုပါပဲ ကိုရယ်၊ ဒါနဲ့ ကို့ညှော်သည်တွေက ကြာဦးမှာလားဟင် ... အလုပ်ကိစ္စနဲ့ပဲလား၊ မူရော ပိုင်းကူလုပ်ပေးရမလားဟင်"

"ဟာ ... ရတယ် ... ရတယ်၊ မူ မလိုဘူး ... ကိုယ်တစ်ယောက်တည်းနဲ့တင် ရတယ်"

ခင်လေးမူအမေးကို လရောင်က ကမန်းကတန်းပြန်ဖြေလိုက်သည်။

အမလေး ... မူ လာကူလို့ မဖြစ်။ ဂျူလိုင်ပွင့်နဲ့တွေ့လို့ကတော့ အားလုံးရှုပ်ကုန်မယ်။ အခုတောင် အဲဒီမချောကို အလုပ်ကိစ္စ လုပ်ကြံပတ်ပြောဆိုပြီး မူ့မျက်နှာလေးကို တွေ့ရအောင် ပြေးထွက်လာရခြင်းဖြစ်သည်။

ဂျူလိုင်ပွင့်က မလွယ်။ မိုးလင်းတာနဲ့ ကုမ္ပဏီကိုဖြစ်စေ၊ အိမ်ကိုဖြစ်စေ ရောက်နေပြီ၊ ပြီးတော့ တစ်နေကုန် သူ ဘယ်သွားသွား လိုက်နေတော့သည်။ လရောင် တော်တော်စိတ်ညစ်နေပြီ။ ဒီကိစ္စကို ဘယ်လိုရှင်းရမှန်း မသိအောင်ပင်။ မြန်မြန်လည်း ရှင်းချင်လှပြီ၊ ခက်နေတာက မာမီ။

မာမီက ဂျူလိုင်ပွင့်မှဂျူလိုင်ပွင့် ဖြစ်နေသလို ဂျူလိုင်ပွင့်ကလည်း လရောင်မှလရောင် ဖြစ်နေသည်။

မာမီတို့နှစ်ယောက်က OK နေပေမယ့် ဒုက္ခရောက်နေ
တာက လရောင်။ နဂိုကတည်းက ဂျူလိုင်ပွင့်ကို စိတ်မဝင်စား၍
တမင် ရှောင်နေခဲ့တာ။ အခု သူ့မှာ တစ်သက်စာအတွက်
ချစ်ရမယ့် မူလေးကလည်း ရှိနေပြီဆိုတော့ ဂျူလိုင်ပွင့်နှင့်ကိစ္စက
လုံးဝကို မဖြစ်နိုင်တော့။

ဒီတော့ လရောင် တစ်ခုခုတော့ ဆုံးဖြတ်ချက်ချရပေ
လိမ့်မည်။ တစ်ခုခုတော့ လုပ်မှပဲ ဖြစ်တော့မည်။ ဒက်ဒီ့ကိုပဲ
ဖွင့်ပြောပြရင် ကောင်းမလား။ မူ့ကိုတော့ ပြောပြလို့ရမှာ မဟုတ်။

သူ့အပေါ်ချစ်တဲ့စိတ်နဲ့ မူထက်အဆင့်မြင့်သော၊ ဥစ္စာ
ပေါ,ရုပ်ချော၊ မိဘကသဘောတူထားသည့် ဂျူလိုင်ပွင့်နှင့်သာ
လက်တွဲလိုက်ပါဆိုပြီး သဘောထားကြီးစွာဖြင့် နောက်ဆုတ်ပေ
မည့်သူဆိုတာ မပြောဘဲနှင့် လရောင်သိသည်။ တော်ကြာ အဲဒီ
အကြောင်းတွေ သိသွားခဲ့ရင် ဘာမပြောညာမပြောနှင့် အလုပ်
ထွက်ပြီး သူ့ရှေ့က ပျောက်သွားနိုင်သည်။

အခုလောက်လေးတွေးကြည့်နေရတာနဲ့တင် လရော
ရင်တွေပူပြီး စိုးရိမ်နေရသည်။ တကယ်သာဖြစ်သွားမယ်ဆိုရင်
တွေးတောင်မတွေးရဲတော့။

ခင်လေးမူက သူ့မေးခွန်းကို ထိတ်လန့်တကြားနှင့်ကမန်း
ကတန်းဖြေနေသော လရောင်ကို အံ့ဩသလို ကြည့်နေမိသည်





ကို ဘာဖြစ်နေသလဲ၊ ဘာတွေအခက်အခဲတွေ ဖြစ်နေ
လို့လဲ ... မူ သိချင်နေမိသည်။

ခါတိုင်း အလုပ်ကိစ္စတွေမှာဆိုရင် မူ,မပါလျှင်မဖြစ်။
နိုင်ငံခြားသားနှင့်ဖြစ်စေ၊ တခြားကုမ္ပဏီများနှင့်ဖြစ်စေ တွေ့ဆို
ပြောဆိုလုပ်ကိုင်ကြလျှင် မူက အမြဲတမ်း ကို့ဘေးနားမှာ ရှိစမြဲ။
အတူတွဲ၍တိုင်ပင်ကြ။ လုပ်ကိုင်ကြစမြဲမို့ ဒီတစ်ခါတော့ တော်
တော်ထူးဆန်းနေသည်ဟု ထင်သည်။

အခုဆို ကြည့်လေ ... ကုမ္ပဏီဘက်ကိုမရောက်တာ
ဘယ်နှစ်ရက်ရှိပြီလဲ။ မနက်မိုးလင်းလျှင် မူ့အိမ်ကို ကုမ္ပဏီက
ကားကိုလွှတ်ပေးပြီး စက်မှုဖုန်ကို တန်းပြီးပို့ပေးသည်။ အပြန်ဆို
လည်း ကားက စက်မှုဖုန်ကို လာကြိုပြီး အိမ်ကိုပြန်ပို့ပေးသည်။
တစ်ခုခုတော့ ထူးခြားနေတာ သေချာသည်။

"ကို ... ဘာတွေဖြစ်နေတာလဲ၊ မူက တကယ်ကူညီ
ပေးဖို့မေးတာပါ၊ ကို့ကိုကြည့်ရတာ ပြူးတူးပြဲတဲနဲ့၊ မူ့မေးခွန်းက
ကို့အတွက် အဲဒီလောက်တောင် ဖြစ်သွားသလား ကို၊ ကို ဘာ
ဖြစ်နေလဲ ... မူ့ကို ပြောစမ်းပါ၊ တစ်ခုခုတော့ မှားနေသလိုပဲ"

ဟိုက် ... သွားပြီ။ သူ့မျက်နှာရိပ်,မျက်နှာကဲကို အမြဲ
ဂရုတစိုက်ကြည့်နေတတ်သော မူ့ရှေ့ကျမှ သူက ရုတ်တရက်
လန့်ပြီး ကမန်းကတန်းပြန်ဖြေလိုက်သောကြောင့် မူ့မျက်စိထဲမှာ

ရုပ်ပျက်ဆင်းပျက်နှင့် ဖြစ်သွားနိုင်သည်။

ဒုက္ခပဲ ... သူကိုယ်တိုင်ကလည်း ညံ့ကိုညံ့လွန်းတယ်။

လရောင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း မှုံ့ကို ပြန်ဖြေရှင်းဖို့ စကားလုံးတွေကို အမြန်ရွေးချယ်နေရသည်။

"မဟုတ်ပါဘူး မှုံရယ်၊ ကိုယ်လည်း ဘာမှမဖြစ်ပါဘူး။ အခု ဧည့်သည်တွေဆိုတာက အလုပ်နဲ့လည်း မပတ်သက်ပါဘူး။ မာမီ့ဧည့်သည်တွေပါ၊ သူတို့ကိစ္စတွေကို လိုက်ပြီးကူညီလုပ်ကိုင်ပေးနေရတာပါ၊ ဒါကြောင့် မှုံ့ကို, ကိုယ် ဘာမှမပြောတာပေါ့ မှုံရယ်၊ နို့မို့ဆို ကိုယ် ဘယ်သွားသွား မှုံက အမြဲတမ်း ကိုယ့်ဘေးနားက ပါပြီးသားပဲမဟုတ်လား။ အခုတောင် ကိုယ် ဘယ်လောက် မှုံ့ကို သတိရတမ်းတနေရတယ်ဆိုတာ မှုံသိလား၊ သူတို့ကိစ္စတွေ မြန်မြန်ပြီးသွားပါစေလို့တောင် ဆုတောင်းနေရတယ်ကွာ၊ ကိုယ် တကယ်စိတ်တွေညစ်နေလို့"

"ဆောရီး ကိုရယ် ...မှုံက မသိလို့ မေးမိတာပါ၊ မှုံ့ကို စိတ်မဆိုးနဲ့နော်၊ ကို အရမ်းစိတ်ညစ်နေလားဟင် ...မှုံ ဘာလုပ်ပေးရမလဲ"

မှုံက စိတ်မကောင်းတဲ့မျက်နှာပေးနဲ့ ကပျာကယာ တောင်းပန်စကား ဆိုလိုက်သည်။ သူ့အပေါ် အလိုက်သိစွာဖြင့် ချစ်တတ်လွန်းသော မှုံ့ကိုကြည့်ပြီး လရောင် တကယ် စိတ်





မကောင်းဖြစ်သွားရသည်။ မလွှဲသာမရှောင်သာ၍ လုပ်ပတ်ပြော နေရခြင်းအပေါ်ကိုလည်း စိတ်ပျက်မိသည်။

မဖြစ် ...ဒီကိစ္စကို မြန်မြန်ဖြေရှင်းမှ ဖြစ်တော့မည်။

"ရပါတယ် မှုံရယ်၊ ကိုယ် မှုံ့အပေါ် ဘယ်တော့မှ စိတ်မဆိုးပါဘူးကွာ၊ ကိုယ့်ဘေးနားမှာ မှုံရှိနေရင် ကိုယ် ကျေနပ်ပြီ၊ ကိုယ့်အမောတွေ ပြေပျောက်သွားပါပြီ မှုံရယ်"

"စိတ်ချပါ ကိုရယ်၊ မှုံ ကို့ဘေးနားမှာ တစ်သက်လုံး ရှိနေမှာပါ"

ခင်လေးမှုံက လရောင်ကို အားပေးသည့်အနေဖြင့် လရောင်ရဲ့လက်မောင်းကို သူ့လက်ကလေးနှင့် ဖျစ်ညှစ်လိုက် သည်။ မှုံရဲ့အားပေးမှုက လက်မောင်းမှတစ်ဆင့် တစ်ကိုယ်လုံး သို့ ပျံ့နှံ့သွားသလို ခံစားလိုက်ရပြီး လရောင်တစ်ယောက် ပင်ပန်း မှုတွေ ပျောက်ကွယ်သွားရသည်။

"ဒါနဲ့ မှုံ ဒီစက်ရုံပိုင်ရှင်နဲ့ရော အဆင်ပြေရဲ့လား ... ကိုယ် ဘာလုပ်ပေးရဦးမလဲ"

"ပြေပါတယ် ကိုရဲ့၊ လုပ်ငန်းက ပြီးခါနီးပြီဆိုတော့ သူတို့လည်း ပျော်နေကြတယ်လေ၊ သူတို့ရုံးခန်းအတွက် လိုအပ် တဲ့ လိုက်ကာတွေ လိုက်ဝယ်ပေးဖို့တောင်မှ မှုံ့ကို အကူအညီ တောင်းနေသေးတယ်၊ အခု အပေါ်ဆုံးထပ်မှာ သူတို့ရောက်

နေကြတယ် ...ကို စကားသွားပြောလိုက်ပါဦးလား''

''ဟုတ်လား ... ဒါဆိုရင် ကိုယ် အပေါ်တက်သွားလိုက်ဦးမယ်နော်၊ မှုက အခုမှ ဆင်းလာတာမဟုတ်လား၊ မလိုက်ရင်လည်း မလိုက်နဲ့တော့လေ ... ပင်ပန်းဟာယ်၊ ကိုယ် ခဏစကားပြောပြီး ပြန်ဆင်းလာခဲ့မယ်နော်၊ ကိုယ့်ဖုန်းတွေ, ဖိုင်တွေ ထားခဲ့မယ် ... ခဏလေးပဲနော်မှု''

လရောင်က ခင်လေးမှုကိုပြောပြီး မျက်စိတစ်ဖက်မှိတ်ပြကာ အပေါ်ထပ်ကို ပြေးတက်သွားသည်။ ခင်လေးမှုက သူ့ကို ချစ်တတ်လွန်းသော လရောင်ကို ပြုံးပြလိုက်ပြီး လုပ်စရာရှိသည့် စာရင်းများကို ရေးမှတ်နေလိုက်သည်။

တော်ကြာဆိုရင် သူ့ကို လာကြိုမည့်ကားက ရောက်တော့မည်လေ။ သူ့ဘက်က မပြီးသေးရင် အကြာကြီး စောင့်နေရမှာ အားနာဖို့ကောင်းသည်။ လရောင်ကလည်း ရသည့်အချိန် ပြေးလာရတာဆိုတော့ ဒီနေ့ ရုံးဆင်းချိန်နားကျမှ ရောက်လာသည်။

'တီ ... တီ ... တီ'

စားပွဲပေါ်တွင်တင်ထားခဲ့သော လရောင်ရဲ့ဖုန်းထံမှ ဖုန်းမြည်သံတီးလုံးလေး ထွက်ပေါ်လာသဖြင့် ခင်လေးမှု ဖုန်းကို ကိုင်ပြီး ဖြေလိုက်သည်။





ခဏလောက်ကြာတော့ လရောင် အပေါ်ထပ်မှ ပြန်ဆင်းလာသည်။

''မှုရေ ... ပိုင်ရှင်တွေကတော့ အရမ်းကို သဘောကျနေကြတယ် ... သိလား၊ မှု့ကိုလည်း အရမ်းတော်တယ်လို့ ချီးကျူးနေကြတယ်ကွ''

အပေါ်မှ ပြုံးပြုံးရွှင်ရွှင်နှင့် ပျော်ရွှင်တက်ကြွစွာဆင်းလာသော လရောင်ကိုကြည့်ပြီး ခင်လေးမှုက ပြုံးပြလိုက်သည်။

''ကဲ ... ကို ... မှု့ကို ကြိုတဲ့ကားလည်းရောက်နေပြီ မှု သွားတော့မယ်နော်၊ ကိုလည်း ပြန်တော့လေ၊ တော်ကြာ ကို့ကိစ္စတွေ နောက်ကျနေဦးမယ်''

''အင်းပါ ... မှု့ကို အရင်ကားပေါ်လိုက်ပို့ဦးမယ်လေ မနက်ဖြန်ကျရင်လည်း ကိုယ်လာခဲ့ဦးမယ်''

''ကို အားမှလာပါ ကိုရယ်''

''အားအား,မအားအား လာမှာပဲကွာ၊ မှု့ကို သိပ်ချစ်တယ်''

ခင်လေးမှုရဲ့အနားကို ကပ်ပြီး တိုးတိုးလေးပြောလိုက်သော လရောင်ကို မှုက မျက်လုံးရွှဲကြီးများဖြင့် စိုက်ကြည့်ပြီး တိုးတိုးလေး ပြန်ဖြေလိုက်သည်။

''me too ...''

ခင်လေးမူ ကားပေါ်ရောက်တော့ ကားထွက်ခါနီးမှာ လရောင်ကို လှမ်းပြောလိုက်သည်။

"စောစောတုန်းက ဖုန်းတစ်ခု ဝင်လာတယ်၊ ဂျူလိုင်ပွင့်တဲ့ … မြန်မြန်ပြန်လာခဲ့ပါတဲ့"

"ဟင်"

ခင်လေးမူ ပြောလိုက်သောစကားကြောင့် ရုတ်တရက် လရောင် ခေါင်းကို မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရသည်။ ခင်လေးမူကို ဘာပြန်ပြောရမှန်း မသိအောင်ပင် ခေါင်းတွေက ထူပူနေသည်။ လရောင့်ထံမှ ဘာစကားမှ ထွက်မလာခင်မှာပဲ ခင်လေးမူတို့ကားက မောင်းထွက်သွားလေသည်။

"ဟူး … ဒုက္ခပဲ"

ဒါကြောင့် သူ အပေါ်ထပ်က ပြန်ဆင်းလာတော့ မူ သူ့ကို စိုက်ကြည့်နေသော မျက်လုံးရွဲကြီးကို ပြန်မြင်ယောင်မိပြီး သူ့ကို မျက်လုံးတွေနဲ့ စကားပြောသွားတာကိုး။

သူကတော့ လုံးဝမရိပ်မိခဲ့။ မူတစ်ယောက် တော်တော် စိတ်မကောင်းဖြစ်သွားမည်ထင်သည်။

"မူရယ် … ကိုယ့်ကိုတော့ စိတ်မဆိုးလိုက်ပါနဲ့ကွာ"

မနေ့ညကတည်းက စိတ်ရှုပ်စိတ်ညစ်နေသော လရောင်မှာ ဒီနေ့မနက်အလုပ်မသွားခင် အိမ်ကို အစောကြီးရောက်ချလာသော ဂျူလိုင်ပွင့်ကြောင့် ပိုပြီး စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။

"ကိုကိုလရောင် … ဒီနေ့ ဂျူလိုင့်ကို မိုလ်ချုပ်ဈေး လိုက်ပို့ပေးနော် … ဂျူလိုင် ဝယ်စရာလေးတွေရှိလို့၊ ပြီးတော့ ရွှေဘုံသာလမ်းဘက်ကိုလည်း ပို့ပေးပါဦး၊ မာမီ့မိတ်ဆွေတစ်ယောက်ဆီမှာ စိန်လက်ကောက်မှာထားလို့ သွားယူရဦးမယ် … ပို့ပေးနော်"

"ကျွတ်"

လရောင် တော်တော်စိတ်ညစ်သွားသည်။ အလကား နေ အားအားရှိ အပြင်ထွက်၊ ဝယ်ချင်တာဝယ်၊ သွားချင်ရာသွား နေသည့် ဂျူလိုင်ပွင့်ကို စိတ်မရှည်ချင်တော့။ သူ့အလုပ်ကိစ္စ လုပ်ရတယ်ကို မရှိ။

ဂျူလိုင်ပွင့် ပြန်ရောက်ကတည်းက ကုမ္ပဏီကို ရောက် လာမှာစိုး၍ မနှင့်တွေ့မှာစိုးရိမ်ပြီး ဂျူလိုင်ပွင့်ရဲ့အကြိုက်ကို အထိုက်အလျောက် လိုက်လျောပေးနေရသည်။

ဒါကိုပင် မာမီနှင့် ဂျူလိုင်ပွင့်တို့က ကျေနပ်မဆုံး။

လရောင်မှာတော့ စိတ်ရှုပ်လွန်း၍ ရှူးတောင်ရှူးချင်နေပြီ။

"ဒီနေ့တော့ ကိုယ်မအားဘူးကွာ၊ ဂျူလိုင့်ဘာသာပဲ သွားလိုက်တော့နော်၊ ဒီနေ့ ကုမ္ပဏီမှာ အလုပ်ကိစ္စလေးတွေ ရှိသေးလို့"

"ဟင် … ကိုကိုလရောင်ကလည်း လုပ်ပြီ၊ အန်တီခင် ရေ … ဒီမှာ ကိုကိုလရောင်ကို ပြောပါဦး … မာမီက ကိုကို လရောင်နဲ့ပဲ သွားခိုင်းတာ၊ ပြီးတော့ မာမီ့စိန်လက်ကောက်ကိစ္စ ကလည်း သူများနဲ့သွားလို့ ဘယ်ဖြစ်ပါ့မလဲလို့"

ဂျူလိုင်ပွင့်က နှုတ်ခမ်းလေးကို လှုပသွားအောင် စူလိုက် ပြီး လရောင်ရဲ့မာမီကို လှမ်းတိုင်လိုက်သည်။

မာမီက ပြုံးပြုံး၊ပြုံးပြုံးနှင့် သဘောအကျကြီးကျနေကာ





ဂျူလိုင်ပွင့်ဘက်မှ ရပ်တည်ပေးနေသည်။

"ဟုတ်သားပါကွယ် … သားကလည်း ဂျူလိုင်လေးက တစ်ယောက်တည်း ဖြစ်နေတဲ့ဟာ … လိုက်ပို့ပေးလိုက်ပါကွယ်၊ ပြီးတော့ သားရဲ့အလုပ်ကိစ္စတွေအတွက်ကိုလည်း သားရဲ့ Secretary က လုပ်ပေးထားမှာပေါ့ကွဲ့၊ သူ့ကို လုပ်ညှော်ကိုင်ရည် ရှိလို့ ပိုက်ဆံပေးပြီး ခန့်ထားတာပဲကွဲ့၊ ဒီလောက်တော့ သူလုပ် တတ်ရမှာပေါ့၊ သားတို့သားအဖပြောတော့ အဲဒီ Secretary က အရမ်းတော်တယ်ဆို … ဒါဆို စိတ်ချရပြီပေါ့ သားရယ်"

မာမီပြောမှပဲ လရောင်တစ်ယောက် ခင်လေးမူကို ငိုပြီး သတိရလာမိသည်။

"တော်,မတော်တော့ မသိပါဘူး အန်တီရယ်၊ ဒါပေမဲ့ ဒူးနေရာဒူး တော်နေရာတော် မနေတတ်သေးတော့ သာချာ တယ်၊ ဒါကြောင့် မနေ့က သမီး သူ့ကို ပညာတော်တော်လေး ပေးခဲ့သေးတယ်"

"ဟင်"

ဂျူလိုင်ပွင့်စကားကြောင့် လရောင် သောက်လက်စ ကော်ဖီ သီးမတတ်ဖြစ်သွားသည်။

"ဘယ်လိုပညာပေးခဲ့တာလဲသမီးရဲ့ ပြောစမ်းပါဦး"

"မနေ့က သမီး ကိုကိုလရောင်ဆီကို ဖုန်းဆက်တော့

ဖုန်းကို အဲဒီ Secretary က လာကိုင်တယ်လေ၊ ဒါ့ရုံးဖုန်းမှ မဟုတ်တာ၊ ကိုယ်ပိုင် Hand Phone ကို ဆက်တာလေ၊ သူကိုင် စရာ ဘာအကြောင်းမှမရှိဘူး၊ နေရာတကာဝင်ပြီး ပါချင်နေမှာ စိုးလို့ သမီး တော်တော်လေး ပြောပစ်လိုက်တယ်''

''ကောင်းတယ် ဂျူလိုင်လေး၊ ဒင်းတို့ကို ဒါမျိုးလုပ်ထား ပေးမှ တော်ရာကျမယ်၊ တော်ကြာ Secretary ရာထူးကနေ MD နေရာကို လိုချင်နေဦးမယ်၊ အိမ်ကလူတွေကိုလည်း ပြော ထားရဦးမယ် ... သိပ်ပြီးမြှောက်စားမပေးဖို့လေ''

တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်ညီစွာဖြင့် ပြောဆိုနေကြသော မာမီနှင့်ဂျူလိုင်ပွင့်တို့ စကားတွေကြောင့် လရောင် တုန်တုန်လှုပ်လှုပ်ဖြစ်သွားသည်။

''ဘာ ... ဘယ်လို ... ဘယ်လိုပြောလိုက်တယ် ဂျူလိုင် ... မနေ့က ... ဟုတ်လား ... ပြန်ပြောစမ်းပါဦး''

''ဟုတ်တယ်လေ ... မနေ့ညနေက ကိုကိုလရောင်ဆီ ဖုန်းလှမ်းဆက်တော့ အဲဒီအမျိုးသမီးက ဖုန်းလာကိုင်တယ်၊ ကိုကိုလရောင်အပေါ်တက်သွားလို့တဲ့၊ သူများရဲ့ Hand Phone ကို သူကိုင်စရာလား၊ ကိုကိုလရောင် မအားလို့ ဖုန်းမကိုင်နိုင်ရင် ဂျူလိုင်က Message ပို့ထားခဲ့မှာပေါ့၊ သူ ကိုင်စရာမလိုပါဘူး၊ ဒါကြောင့် မှတ်လောက်သားလောက်အောင် ကောင်းကောင်းလေး





ပြောဖြစ်ခဲ့လိုက်တယ်''

''ဟာ ... သွားပါပြီ ဂျူလိုင်ရာ၊ ဘာဖြစ်လို့ ဒီလိုလုပ် ရတာလဲ၊ ကိုယ့်မျက်နှာ ဘယ်မှာသွားထားရမလဲ''

လရောင်က မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ဒေါသတွေ ထွက်နေသည်။

ကြည့်စမ်းပါဦး ... မနေ့က ဂျူလိုင်ပွင့် ဘာတွေများ ပြောလိုက်သည်မသိ။ မှုံ့မျက်နှာက လရောင်မသိအောင် ဖုံးဖိ ထားလျက် ကြွေမြေမပျက်ဟန်ဆောင်ကာ နေသွားပေမယ့် မှုံ့ မျက်လုံးတွေကတော့ သူ့ကို စကားတွေအများကြီး ပြောသွား ခဲ့သည်ပဲ။ ဒါကို လရောင်မသိခဲ့။

သနားလိုက်တာ မှုံရယ်။ မှုံ့ခမျာ တော်တော်လေး စိတ် မကောင်းဖြစ်ပြီး ခံစားသွားရမှာပဲ။ လရောင် ချက်ချင်းပင် ခင် လေးမှုထံသို့ ပြေးသွားချင်စိတ်တွေ ပေါက်လာသည်။ ရှေ့မှာ ရှိနေသော ဂျူလိုင်ပွင့်ကို စိတ်ရှိလက်ရှိ ကိုင်ဆောင့်ပစ်လိုက်ချင် စိတ်တွေကို မနည်းချိုးနှိမ်ထားရသည်။

ဂျူလိုင်ပွင့်ကတော့ လရောင်ရဲ့မျက်နှာအနေအထားကို ဂရုမစိုက်။ သူ့လုပ်ရပ်ကိုသူ ကျေနပ်နေပုံပင်။

''ဟွန်း ... ကိုကိုလရောင်ကလည်း ကိုယ့်မျက်နှာကိုယ် အရင်အတိုင်းပဲ ထားလိုက်ပေါ့၊ ဘာမှမျက်နှာပူစရာမလိုပါဘူး၊

ကိုယ်က သူ့ကို ပိုက်ဆံပေးပြီး ခိုင်းထားတာပဲ၊ ကိုယ်ပြောချင်တာ ပြောမှာပေါ့၊ ဒါတောင် ဂျူလိုင်က အလျှော့ပေးထားတာ၊ ကိုကိုလရောင်နဲ့ ဂျူလိုင်နဲ့ လက်ထပ်ပြီးလို့ကတော့ ဒီလို နေရာတကာဝင်ပါချင်တဲ့သူမျိုးကို ကုပ်ကနေဆွဲပြီး အလုပ်ထုတ်ပစ်လိုက်မှာ ... သိလား"

"ဂျူလိုင်ရာ ... မင်း ပြောလေကဲလေပါလား၊ ကိုယ့်အလုပ်ကိစ္စက မင်းနဲ့ ဘာမှမပတ်သက်ဘူး၊ မင်း ဝင်ပြောစရာမလို ..."

"ကိုကိုလရောင်နော် ... ဂျူလိုင့်ကို အဲဒီလေသံမျိုးနဲ့ မပြောနဲ့၊ ဂျူလိုင်မကြိုက်ဘူး"

"ဩော် ... ကိုယ့်ကိုပြောတော့ မကြိုက်ဘူး၊ သူများကိုကျတော့ ပြောချင်ရာပြောပြီးတော့၊ ဂျူလိုင်ရာ ... မင်းနည်းနည်းလောက် ကိုယ်ချင်းစာကြည့်ပါဦး"

"ဘာမှကိုယ်ချင်းစာစရာမလိုပါဘူး၊ အဆင့်အတန်းချင်းက တခြားစီပဲဟာ၊ ခေါင်းထဲမှာ ထည့်ပြီးစဉ်းစားစရာ လုံးဝမရှိ"

လရောင်နှင့် ဂျူလိုင်တို့ရဲ့ ကတောက်ကဆအနေအထားကို လရောင်ရဲ့မာမီက ဝင်ထိန်းလိုက်သည်။ မထိန်းလို့က မဖြစ်တော့။ သားလရောင်ကလည်း တကိုယ်လုံး ရှူးရှူးရှားရှားနှင့် ဒေါသတွေ ထွက်နေသည်။





လရောင်ရဲ့ပုံစံကိုကြည့်ပြီး ဂျူလိုင်ပွင့်ကလည်း တစ်စက်ကလေးမှ မလျှော့။ ဟုတ်တယ်လေ ... လျှော့စရာလား။ ဘာမဟုတ်တဲ့ Secretary တစ်ယောက်အတွက်နဲ့များ သူ့လိုလူကို ပြန်ပြီး နိုင်းယှဉ်ပြောနေသော လရောင်ကို ဂျူလိုင်ပွင့်က လုံးဝမကျေနပ်။

"ကဲပါ သားရယ် ... သမီးကို ဒီလောက်စ,ရရင် တော်ရောပေါ့၊ သွားကြတော့လေ ... တော်ကြာ အားလုံးနောက်ကျကုန်လိမ့်မယ်၊ ဂျူလိုင်လေးကလည်း စိတ်မကောက်နဲ့တော့နော်၊ သမီးရဲ့ကိုကိုက သမီးကို တမင်တကာ စနေတာကွယ်၊ ကဲ ... ကဲ ... သွားကြတော့"

မာမီက ကြားက လေပြေသွေးပြီး သူတို့နှစ်ယောက်ကို အတင်းတွန်းလွှတ်နေသည်။ ဂျူလိုင်ပွင့်က မာမီ့ကို ပြေးဖက်လိုက်ပြီး မာမီ့ပါးကို ဘယ်ပြန်ညာပြန်နမ်းလိုက်သည်။

မာမီကတော့ သဘောကျမဆုံး။

"ဟား ... ရွှတ် ... အန်တီပဲကောင်းတယ်၊ မှန်မှန်ကန်ကန်မြင်တတ်ပြောတတ်တာ၊ ဒါကြောင့် သမီးက အန်တီ့ကို ချစ်တာ ... သိလား၊ နောက်ဆိုရင်လည်း အန်တီ သမီးဘက်က နေ ပါပေးရမယ်နော်"

"ပါပေးမှာပေါ့ ဂျူလိုင်လေးရယ် ... ဟင်း ... ဟင်း"

တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်ညီနေကြသော မာမီနှင့်ဂျူလိုင်ပွင့်ကို စိတ်ညစ်ညူးစွာဖြင့် ကြည့်လိုက်ရင်း လရောင် ကားထဲ ဝင်ထိုင်နေလိုက်သည်။

လိုက်မပို့လို့လည်း မရမယ့်အတူတူ စောစောလိုက်ပို့လိုက်လျှင် ဇာတ်လမ်း မြန်မြန်ပြတ်သွားနိုင်သည်။ သူက မှူ့ဆီကို မြန်မြန်ရောက်မှဖြစ်မည်။

မနေ့ကကိစ္စအတွက် မှူ့ကို သေသေချာချာရှင်းပြရမည်။ တောင်းပန်ရမည်။ မှူ့ကို သူ ဘာမှမခံစားစေချင်။ အားလုံးရှင်းပြမှဖြစ်တော့မည်။ ဒါကြောင့် မှူ့ထံ မြန်မြန်ရောက်ချင်နေပြီ။

ဗိုလ်ချုပ်ဈေးသွားရာ လမ်းတစ်လျှောက်မှာလည်း ဂျူလိုင်ပွင့်က သူ့လက်မောင်းကို မလွှတ်တမ်း ဖက်တွယ်ထားသဖြင့် လရောင် တော်တော်စိတ်ညစ်ရသည်။ ဂျူလိုင်ပွင့်စတိုင်က အမြဲတမ်း ဒီလိုပင်။

ဗိုလ်ချုပ်ဈေးကနေ ရွှေဘုံသာလမ်းဘက်ကိုကူးတော့ ဂျူလိုင်ပွင့်က အအေးသောက်ချင်သည်ဆိုပြီး J-Donut ထဲဝင်ကာ အအေးသောက်ကြသည်။ လရောင်တို့ အအေးသောက်နေတုန်း ဆိုင်ထဲသို့ ဝင်လာသူများကို လရောင်က ဘာရယ်မဟုတ် စိတ်ရှုပ်ပြေ စိတ်ညစ်ပြေစေရန် အကြည့်ကို ပွတ်ထားလိုက်သည်။





ဘေးက ဂျူလိုင်ပွင့်ကတော့ သာလီကာရွှေအောင်ပင် တတွတ်တွတ်နှင့်ပြောနေသည်။ ဘာတွေပြောနေတာလဲဆိုတာ လရောင် စိတ်မဝင်စား။

"ဟိုက် . . . ဘုရား . . . ဘုရား . . . ဒုက္ခပဲ"

ဝင်လာသောသူများကို ကြည့်နေသော လရောင်တစ်ယောက် ဘုရားတမိပြီး ယောင်ရမ်းကာ မတ်တတ်ရပ်မိမလို ဖြစ်သွားရသည်။ ဆိုင်ထဲကို ကျော့ကျော့မော့မော့တန်းခနဲ ဝင်လာသူကတော့ ခင်လေးမှူ။

"မှူ . . . မှူပါလား . . . ဒုက္ခပါပဲ၊ သူက စက်မှုဇုန်ကနေ ဘယ်ကဘယ်လို ဒီကိုရောက်လာတာလဲ မသိဘူး၊ မမြင်ပါစေနဲ့၊ မမြင်ပါစေနဲ့ဘုရား"

လရောင်တစ်ယောက် ထိုင်ရမလို,ထရမလိုနှင့် ဇောချွေးတွေ ပြန်နေမိသည်။ မှူကတော့ အခုထက်ထိ သူတို့ကို တွေ့ပုံမပေါ်သေး။ ကောင်တာမှာ အအေးနှင့်မုန့်သွားယူပြီး ထိုင်ခုံတွေဘက်ကို လျှောက်လာတော့ လရောင် လန့်ဖျပ်သွားသည်။

ခင်လေးမှူကတော့ ဘယ်သူ့ကိုမှ မကြည့်ဘဲ စားပွဲလွတ်ရှိရာသို့သာ လျှောက်သွားသည်။ လရောင် ကံဆိုးချင်တော့ ခင်လေးမှူထိုင်လိုက်သောနေရာမှာ သူတို့နောက်ဘက် ခပ်စောင်းစောင်း စားပွဲဝိုင်းနေရာဖြစ်နေသည်။

အမလေး ... တကယ့်နေရာကောင်းပါလား မူရယ်။ အကြီးအကျယ်တော့ ပြဿနာတက်တော့မှာပဲ။

ခင်လေးမူက မစပ်စုတတ်လို့ ပတ်ဝန်းကျင်စားပွဲတွေကို မကြည့်ဘူးပဲ ထားဦး ... ချွဲပျစ်ပျစ်ပြောဆိုနေသော ဂျူလိုင်ပွင့်ရဲ့ အသံကတော့ မကြားချင်လည်း နားထဲကို အတင်းထိုးဖောက်ဝင်ရောက်နေမှတော့ ဘယ်သူမဆို အသံလာရာကို ကြည့်မိမည်မှာ မလွဲပေ။

အခုလည်း ခင်လေးမူရဲ့နားထဲကို အလိုလိုဝင်ရောက်လာနေမှတော့ ခင်လေးမူလည်း မော့ကြည့်မိပြီပေါ့။

"ဟင်"

မိန်းကလေးတစ်ယောက်ရဲ့ ချိုသာလွန်းစွာ ချွဲပျစ်ပျစ်ပြောဆိုနေသောအသံတစ်သံက ခင်လေးမူရဲ့နားထဲကိုရောက်လာသောကြောင့် ဘာရယ်မဟုတ် ခင်လေးမူ လှမ်းကြည့်မိလိုက်သည်။ တကူးတကကြည့်စရာတော့ မလို။ ကိုယ်ထိုင်နေသောခုံနှင့်မျက်စောင်းထိုးနေရာလောက်တွင် ထိုင်နေသောစုံတွဲတစ်တွဲထံမှ ထွက်ပေါ်လာခြင်းဖြစ်၍ မျက်လုံးအကြည့်ရွှေ့လိုက်တာနှင့်မြင်လိုက်ရသည်။

"ကိုပါလား"

ရုတ်တရက် ရင်ထဲမှာ ဒိုင်းခနဲ မြည်ဟည်းသွားသလို





ခင်လေးမူ ခံစားလိုက်ရသည်။ ကိုကတော့ ခင်လေးမူကို အစောကြီးကတည်းက မြင်ပုံရသည်။ မူ့ဘက်ကိုလည်း မျက်စိပျက်မျက်နှာပျက်နှင့် လှမ်းကြည့်နေသည်။

မိန်းကလေးကတော့ တစ်လောကလုံးမှာ သူတို့နှစ်ယောက်ပဲရှိနေသလိုပင်။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်။ မျက်နှာလှလှလေးကလည်း မာန်ချီထားပုံရသည်။ မူ့ရင်တွေဟင်းလင်းပွင့်ကုန်အောင် ခံစားလိုက်ရသည်။

မနေ့က ဖုန်းထဲမှာ ပိုင်စိုးပိုင်နင်းနှင့် ပြောသွားသောသူမှာ ဒီမိန်းကလေးပင် ဖြစ်လိမ့်မည်။ ခင်လေးမူ ငိုချင်စိတ်ကို မနည်းကြိတ်မှိတ်မျိုသိပ်ထားရသော်လည်း မျက်ရည်များက ဝေ့ဝဲတက်လာသဖြင့် အမြင်အာရုံများ ဝေဝါးနေသည်။

ချက်ချင်းပင် လရောင်တို့နှင့်ဝေးရာသို့ ထွက်ပြေးလိုက်ချင်သည်။ လူလယ်ကောင်မို့လို့ ဣန္ဒြေမပျက်ထိုင်နေရသော်လည်းသက်မဲ့ရုပ်ထုလိုဖြစ်နေသည်။ ခဏကြာတော့ လရောင်တို့ ဆိုင်ပြင်သို့ ထွက်သွားသည်။

စိတ်က တင်းထားသော်လည်း အလိုက်မသိ လိုက်ကြည့်မိသည့် မျက်ဝန်းထဲတွင် လရောင်၏လက်မောင်းကို ဖက်တွယ်လျက် ပျော်ရွှင်မြူးတူးစွာဖြင့် ထွက်သွားသောမိန်းကလေးနှင့် လရောင်တို့၏ပုံရိပ်များက စွဲထင်ပြီး ကျန်နေခဲ့သည်။

ဂျူလိုင်ပွင့်ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နှင့်ပါလာ
သော လရောင်မှာတော့ တအံ့တသြမျက်နှာလေးနှင့် မျက်ရည်
များပိုင်းကာကျန်နေခဲ့သော မှူ့မျက်နှာလေးကိုသာ စိတ်မကောင်း
ခြင်းများစွာဖြင့် မြင်ယောင်နေမိသည်။

မှူ့ခမျာ မနေ့ကလည်း ဂျူလိုင်ပွင့်ရဲ့ ပါးစပ်သေနတ်ပစ်
တာကိုလည်းခံရ၊ ဒီနေ့ကျတော့လည်း မျက်စိရှေ့တည့်တည့်မှာ
တွေ့လိုက်ရဆိုတော့ မှူ့ခမျာ တော်တော်စိတ်မကောင်းဖြစ်နေမှာ
သေချာသည်။ လရောင် ဘာလုပ်ရမှန်းမသိအောင်ပင် လူက
ထူပူနေသည်။

"ဟော . . . ကိုလရောင်ပါလား ဈေးလာတာလားဗျ"

လရောင်တို့ ကားနားအရောက်မှာ နှုတ်ဆက်လိုက်တဲ့
အသံကြောင့် မော့ကြည့်လိုက်တော့ စက်မှုဖုန်က စက်ရုံပိုင်ရှင်
ဦးသန်းထွန်း။

"ဟုတ်ကဲ့ . . . ဦးသန်းထွန်း"

"ဒါနဲ့ ကိုလရောင်ရဲ့ ဆရာမလေးကို မတွေ့ကြဘူးလား
ဗျ။ ဒီနေ့မနက် စက်ရုံအတွက် လိုအပ်တဲ့လိုက်ကာပစ္စည်းတွေ
ကို ဝယ်ချင်လို့ ဆရာမလေးကို အကူအညီတောင်းလာခဲ့ရတာ၊
အားလုံးတော့ ဝယ်ပြီးသွားပါပြီ . . . ကျွန်တော်က ဝယ်စရာလေး
တစ်ခုရှိလို့ ဆရာမလေးက ရှေ့ကသွားပြီး J-Donut ကနေ





စောင့်နေမယ်ဆိုပြီး ရှေ့ကထွက်သွားလေရဲ့၊ ကိုလရောင်တို့ရော
အအေးလိုက်သောက်ပါဦးလား"

"အား . . . တော်ပါပြီ ဦးသန်းထွန်းရယ်၊ ကျေးဇူးတင်
ပါတယ်၊ နောက်တစ်ခါ ကြုံတော့မှပဲ သောက်ပါ့မယ်၊ အခုတော့
သွားစရာလေးတွေရှိလို့ သွားလိုက်ဦးမယ်နော်"

ဦးသန်းထွန်းကို နှုတ်ဆက်ပြီး လရောင် ကမန်းကတန်း
ကားပေါ်တက်ထိုင်လိုက်သည်။ တော်ကြာ ဦးသန်းထွန်းက မှူ့
အကြောင်း စကားတွေထပ်ရှည်နေရင် ဂျူလိုင်ပွင့်နဲ့ မလွယ်ကြော
မှာ မျှော်သွားနိုင်သည်။

မှူက ဦးသန်းထွန်းအတွက် လိုက်ကာစတွေ လာဝယ်
တာကိုး။ ချိန်ထားရင်တောင် လွဲရင်လွဲနေဦးမယ်။ အခုဟာက
လုံးဝ အံကိုက်ကွက်တိ။ မှူ့ကို ဘယ်လိုရှင်းပြရမှန်းတောင် မသိ
တော့။ ရှုပ်ပြီးရင် ရှုပ်လာပြီ။

ဒီတော့ မှူ့ဆီကို မြန်မြန်ရောက်မှ ဖြစ်မည်။ အခု
လောက်ဆို မှူလည်း စက်မှုဖုန်ဘက်ကို ပြန်သွားလောက်ပြီထင်
သည်။ သူသာ ဂျူလိုင်ပွင့်အလစ်ချောင်းပြီး လစ်ထွက်ဖို့ ကြံစည်
နေသည်။ ရုံးက မြို့ထဲမှာဆိုရင်လည်း ကိစ္စမရှိ။ ကားနဲ့ ခဏ
လောက်ပတ်လိုက်လို့ ရသည်။

အခုဟာက ရန်ကုန်မြို့လယ်ကောင်နှင့် စက်မှုဖုန်ဆို

တော့ သူ ဘယ်လိုလုပ်ရမှန်းကိုမသိတော့။ ဂျူလိုင်ပွင့်ကလည်း စိန်ရောင်းသည့်ဆိုင်ထဲကို ဝင်သွားတာ တော်တော်နဲ့ကို ပြန်ထွက်မလာနိုင်။ သူ့ကိစ္စပြီးသွားရင်တောင် ဟိုသွားမယ်၊ ဒီသွားမယ်နဲ့ ဖယားက ရှုပ်လာနိုင်သည်။

ဒီလိုသာဆိုရင်တော့ လရောင် မှူ့ဆီကို ဒီနေ့တစ်နေ့လုံး ရောက်မှာ မဟုတ်တော့။ ဖြစ်ချင်ရာဖြစ် ... လရောင် ကားစက်နှိုးကာ စက်မှုဇုန်ဘက်သို့ ဦးတည်ပြီး မောင်းချလာခဲ့သည်။ လမ်းရောက်မှ ဂျူလိုင်ပွင့်ဆီကို အရေးကြီးကိစ္စပေါ်လာလို့ ထွက်သွားပြီဖြစ်တဲ့အကြောင်း ဖုံးလှမ်းဆက်လိုက်မည်။

ဂျူလိုင်ပွင့်ကတော့ ဆွေ့ဆွေ့ခုန်နေမှာတော့ သေချာသည်။ မတတ်နိုင်ဘူး ... နောက်ပြဿနာ နောက်မှပဲ ရှင်းတော့မည်။ အခုလောလောဆယ် မှူ့ဆီကို အမြန်ဆုံးရောက်ဖို့ အရေးကြီးသည်။ လရောင်တစ်ယောက် ကားကို အမြန်ဆုံးနှုန်းဖြင့် စက်ရုံဘက်ကို မောင်းလာခဲ့သည်။

စက်ရုံရောက်တော့ အောက်ထပ်မှာ အလုပ်,လုပ်နေသော ရွှေအ,ကို တွေ့လိုက်ရသဖြင့် မှူ့ကို အလောတကြီး လှမ်း မေးလိုက်သည်။

"ကိုရွှေအ, ... ခင်ဗျားတို့ဆရာမလေးရောဗျ"

"အဲ ... အဲ"





ရွှေအ,က ဆရာမလေး ငါးထပ်မှာ ရှိကြောင်းကို လက်ငါးချောင်းထောင်ပြလိုက်ပြီး အပေါ်ဘက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ငါးထပ်မှာလား ... ဒါဆို ကျွန်တော် လိုက်သွားလိုက်ဦးမယ်ဗျာ"

ကမန်းကတန်းပြောပြီး အပေါ်ထပ်သို့ ပြေးတက်သွားရန် လရောင် ဦးတည်ပြီးကာမှ ရွှေအ,ဘက်သို့ ပြန်လှည့်လာကာ ထပ်ပြောလိုက်သည်။

"သြော် ... ဒါနဲ့ ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ဧည့်သည်တွေလာရင် မရောက်သေးဘူးလို့သာ ပြောလိုက်ပါနော်၊ ကျွန်တော်တို့ဆီကို မလွှတ်လိုက်နဲ့နော် ... သိလား၊ ကူညီစမ်းပါ ကိုရွှေအ,ရယ် ... မှူနဲ့ကျွန်တော်နဲ့ ရှင်းစရာကိစ္စလေးတွေ ရှိနေလို့ပါ ... စိတ်ချမယ်နော်"

သုတ်သုတ်ပြောကာ သုတ်သုတ်ပြေးတက်သွားသော လရောင်ကို ရွှေအ,က တအံ့တသြကြည့်နေလိုက်ပြီး ဟစ်ယောက်တည်း စဉ်းစားနေမိသည်။

အင်း ... ဆရာလေးနဲ့ ဆရာမလေးကတော့ ပြဿနာတစ်ခုခုဖြစ်လာပြီထင်တယ်။ စောစောကလည်း ဆရာမလေးက သူ့ကို ညွှန်ကြားချက်များပေးကာ အပေါ်ငါးထပ်သို့ တက်သွား

သည်။ ဆရာမလေးကို ကြည့်ရသည်မှာ မျက်နှာသိပ်မကောင်း။

အခုလည်း ဆရာလေးက မျက်စိပျက်,မျက်နှာပျက်နှင့် ကမန်းကတန်း ပြေးလွှားပြီး လိုက်လာနေပြန်သည်။ တစ်ခုခု တော့ တစ်ခုခုပဲ။ ဆရာလေးနဲ့ဆရာမလေးကို သူ အဆင်ပြေပြေ နှင့် ပျော်ရွှင်နေတာကိုပဲ တွေ့မြင်ချင်သည်။

သူ ကူညီပေးနိုင်မည့်ကိစ္စရှိလျှင်လည်း သူ အတတ်နိုင် ဆုံး ကူညီပေးလိုက်ချင်သည်။ ယုတ်စွအဆုံး ဆရာမလေးအတွက် ဆိုလျှင် သူ့ရဲ့အသက်ပင်သေသေ သူဆောင်ရွက်ပေးလိုက်ချင် သည်။

"ဟိတ် ... ဒီမှာ ... ဒီမှာ"

သူ့ကို လှမ်းခေါ်လိုက်သည်ဟု ယူဆရသော အသံမှာ ဆတ်ဆတ်ကြောင့် ရွှေအ,, အလုပ်လုပ်နေရာမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ဟင် ... လာပြန်ပြီနောက်တစ်ယောက်။ ဂျူလိုင်ပွင့်ပါ လား။ ဒါဆို ဆရာလေးနဲ့ဆရာမလေးတို့ ပြဿနာဖြစ်နေတာ ဂျူလိုင်ပွင့်ကြောင့် ဖြစ်နိုင်သည်။

ဂျူလိုင်ပွင့်က လှည့်ကြည့်လာသော ရွှေအ,ကို မှုန်ကုပ် ကုပ် ခပ်ထန်ထန်ဖြင့် ကြည့်လိုက်ပြီး မာမာထန်ထန်မေးလိုက် သည်။





"ဩော် ... ရွှေအ,ကိုး၊ ဟဲ့ ... ရွှေအ ... နင်တို့ ဆရာ ဘယ်မှာလဲ ... ငါ့ကို လိုက်ပို့ပေးစမ်း"

"အဲ ... အဲ"

ရုတ်တရက်မေးလာသော ဂျူလိုင်ပွင့်ရဲ့မေးခွန်းကို ရွှေအ ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွားသည်။ ဆရာလေးတို့ဆီကိုတော့ လိုက်ပို့လို့ ဖြစ်မှာမဟုတ်။ တော်ကြာ ဆရာလေးနှင့်ဆရာမလေး တို့နှစ်ယောက်ကို တွေ့သွားရင် ပြဿနာက အကြီးအကျယ် တက်မှာသေချာသည်။

ဂျူလိုင်ပွင့်ကတော့ အမြဲတမ်း အနိုင်ယူမယ့်သူဆိုတော့ သူ့ဘက်ကတော့ လျှော့မှာမဟုတ်။ ကြားထဲက ဆရာလေးနှင့် ဆရာမလေးတို့သာ ခံစားနေကြရလိမ့်မည်။

"ဟဲ့ ရွှေအ ... ဒီမှာ ငါမေးနေတယ်လေ၊ နင်တို့ဆရာ ဆီကို လိုက်ပို့ပေးစမ်းပါလို့၊ နင် နားပါလေးသွားပြီလား ... ငါ စိတ်တိုနေတာနော်"

ဂျူလိုင်ပွင့်က ပြောလိုက်ရင် အမြဲတမ်း ဒီလိုမျိုးချည်းပဲ။ လူတစ်ဖက်သားအပေါ် တစ်ခါမှ ပြေပြေပြစ်ပြစ် ချိုချိုသာသာ မရှိခဲ့ဘူး။ အမြဲတမ်း အပေါ်စီးကသာကြည့်ပြီး အပေါ်စီးကပဲ အမြဲတမ်း ဆက်ဆံတတ်သည်။

"အဲ ... အဲ"

ရွှေအ,က ဘာပြန်ပြောရမှန်းမသိဖြစ်နေ၍ ခေါင်းကုတ်ကာ စဉ်းစားနေမိသည်။

"ကဲ ... နေတော့ ... မေးလိုက်ရင် တအဲအဲနဲ့ ... ဒါပဲ ပြောတတ်တယ်၊ တစ်စက်မှ အသုံးမကျဘူး။ ကိုကိုလရောင်တို့ကလည်း ဘာဖြစ်လို့ ဒီဒုက္ခတကိုများ အလုပ်ခန့်ထားရသလဲ မသိပါဘူး။ စိတ်တိုရတဲ့ကြားထဲ သူက တအင်းအင်း,တအဲအဲပဲ တတ်တယ်"

ဘာမှတော့မဆိုင် ... မွေးကတည်းက အခုအချိန်အထိ စကားမပြောတတ်သော ရွှေအ,ကို မဆီမဆိုင်ကြားထဲက ခလုတ်တိုက်သွားသော ဂျူလိုင်ပွင့်ကို ရွှေအ,က အံ့သြစွာဖြင့် ကြည့်နေမိသည်။

"တော်ပြီ ... ကိုယ့်ဘာသာပဲ တက်ရှာတော့မယ်၊ အသုံးကိုမကျဘူး ... ဟွန်း"

သူ့ကို မျက်စောင်းထိုးပြီး အပေါ်ထပ်ကို တက်သွားသော ဂျူလိုင်ပွင့်ကို ရွှေအ, မတားလိုက်နိုင်။ တားလို့လည်း ရမည်မဟုတ်။ သူ့မှာလည်း တားခွင့်မရှိ။ ရွှေအ, စိတ်ညစ်စွာဖြင့် အလုပ်,လုပ်သောနေရာမှာ ကျန်နေခဲ့သည်။

ရွှေအ,ကို လောလောဆယ် ထွက်ပေါက်အဖြစ် ပြောဆိုခဲ့ပြီး အပေါ်ထပ်တွေဆီသို့ ဂျူလိုင်ပွင့်တစ်ယောက် ဘောက်ဆတ်





ဖြင့် တက်လာခဲ့သည်။

ကိုကိုလရောင်လုပ်ပုံကို ကြည့်ဦးလေ ... သူက အထဲမှာ မာမီ့စိန်လက်ကောက်အကြောင်း နိုင်ငံခြားက အကြောင်းတွေကို စကားကောင်းနေတုန်း ရှိသေးတယ်။ ကိုကိုလရောင်က ကားမောင်းပြီး ထွက်သွားပြီ။

သူ့ကိုတော့ လမ်းကနေ လှမ်းပြီးဖုန်းဆက်သည်။ ဘာတဲ့ ... အလုပ်ကိစ္စအရေးတကြီးပေါ်လာလို့ ထွက်သွားပြီတဲ့။ ဂျူလိုင့်ဘာသာ အဆင်ပြေသလို ပြန်လိုက်ပါတဲ့။

ဒါ ဘာသဘောလဲ။ ဂျူလိုင်ပွင့်ဆိုတဲ့ မိန်းမကို ဂရုမစိုက်၊ အရေးမလုပ်တဲ့ သဘောလား။ ဒါမျိုးတော့ ဂျူလိုင်ပွင့်ကို လာမလုပ်နဲ့ ... နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်မယ်။ သိမယ် ... ကိုကိုလရောင် ဘယ်လောက်ပြေးပြေး ဂျူလိုင်ပွင့်ရဲ့လက်က မလွတ်စေရဘူး ... စောင့်ကြည့်နေ။

အခုလည်း အိမ်ပြန်ကားယူပြီး လရောင်ရဲ့ကုမ္ပဏီကတစ်ဆင့် ဒီစက်ရုံရဲ့လိပ်စာကိုယူပြီး လိုက်လာခြင်းဖြစ်သည်။ စက်ရုံရှေ့ရောက်တော့ ထင်တဲ့အတိုင်း လရောင်ရဲ့ကားရပ်ထားတာကို တွေ့လိုက်ရသည်။

ဘာကိစ္စတွေကများ သူ့ထက် အရေးပိုကြီးနေရသလဲဟု သိချင်စိတ်၊ မခံချင်စိတ်များနှင့်အတူ ဒေါသတွေရဲ့ ရှေ့

ဆောင်မှုကြောင့် စက်ရုံရဲ့အပေါ်ထပ်တွေကို ဟက်လာခဲ့သည်။ အထပ်တိုင်းမှာ ရှာသော်လည်း ကိုကိုလရောင်ကို မတွေ့။ ကိုယ့်ဒေါသနှင့်ကိုယ် တက်လာခဲ့ပေမယ့် ဒုတိယထပ်အရောက်လောက်တွင် ဂျူလိုင်ပွင့် ဟိုက်နေပြီ။

မောနေပေမယ့် ဂျူလိုင်ပွင့် မလျှော့။ ကိုကိုလရောင်ကို တွေ့မှဖြစ်မည်။ ဂျူလိုင်ပွင့် ဖွဲနှင့်ဆက်တက်လာခဲ့သည်။

"မူရယ် တကယ်ပြောတာပါ၊ ကိုယ် ပြောတာကို ယုံပါကွာ"

"ဟင် ...ဒါ ကိုကိုလရောင်အသံပဲ"

စတုတ္ထထပ်အရောက်တွင် အခန်းတစ်ခုထဲမှ လရောင်အသံကို ကြားလိုက်ရသဖြင့် ဂျူလိုင်ပွင့် ခြေလှမ်းတို့ တုံ့ခနဲဖြစ်သွားသည်။

အသံကြားရာအခန်းဆီသို့ အသာလေးကပ်သွားပြီး နားစွင့်နေလိုက်သည်။ ဟော ... အမျိုးသမီးတစ်ယောက်ရဲ့အသံကို ကြားရသည်။

"ကိုရယ် ...ကိုပြောတာကို မူယုံပါတယ်၊ ဒါပေမဲ့ မူနဲ့ကိုနဲ့က ဒီလောက်အဆင့်အတန်းတွေ ကွာခြားနေတော့ မူ့စိတ်ထဲမှာ စိုးရိမ်နေမိတယ်"

"မူကလည်းကွာ ... အဓိက,က မူ့ကို ကိုယ် ယုံတယ်





ဆိုရင် လုံလောက်ပြီ၊ ကျန်တဲ့ကိစ္စတွေကို မူ ခေါင်းထဲမထည့်နဲ့၊ ကိုယ်ချစ်တာ မူတစ်ယောက်တည်းကိုပါကွာ၊ အဲဒီဂျူလိုင်ပွင့်ဆိုတာကို, ကိုယ် ဘယ်လိုမှ စိတ်မဝင်စားဘူး၊ သူ့အပေါ်ကိုလည်း ညီမလေးတစ်ယောက်လို ခင်မင်မှုမျိုးထက် ဘယ်တော့မှ မပိုဘူး၊ အခုဟာက မာမီတို့ကသာ သဘောတူနေကြတာပါ၊ ကိုယ်မှ သူ့ကို မချစ်ဘဲ"

ဟင် ... ပြောရက်လိုက်တာ ကြည့်စမ်း။ ငါ့ကိုများ မချစ်ဘူးလေး, စိတ်မဝင်စားဘူးလေးနဲ့၊ ကိုယ့်နားနဲ့ ဆတ်ဆတ်သာ မကြားခဲ့လျှင် ဂျူလိုင်ပွင့်တစ်ယောက် ယုံမယ်မထင်။ အခုတော့ နားနဲ့ဆတ်ဆတ်ရော၊ မျက်ဝါးထင်ထင်ရော ကြုံတွေ့နေရပြီမို့ လူက ဆောက်တည်ရာမရ ကတုန်ကယင်တောင် ဖြစ်ချင်လာသည်။

ဒေါသထွက်တာရော၊ မခံချင်တာရော ... အားလုံးရောပွမ်းနေသည်။ ဒါ ဟို .. Secretary ဆိုတဲ့မိန်းမပဲ ဖြစ်ရမည်။ ကိုကိုလရောင်တို့များ ကိုယ့်အဆင့်အတန်းနဲ့ တခြားစီတစ်ကန့်စီ ဖြစ်နေတဲ့ မိန်းမမျိုးကိုမှ ရွေးပြီး ကြိုက်ရသလား။

ပြီးတော့ ဒီလိုမိန်းမျိုးနဲ့များ လာပြီး အယှဉ်ခံ၊ အပြိုင်ခံလိုက်ရတော့ ဂျူလိုင်ပွင့် ဆွေ့ဆွေ့ခုန်နေသည်။

လက်ရှိအနေအထားအရ ဒီပွဲမှာ သူက ရှုံးနိမ့်နေပြီ။

ဒီလိုလူမျိုးနှင့်တော့ ယှဉ်ပြီး အရှုံးမခံနိုင်။ ဂျူလိုင်ပွင့်တို့ ရာဇဝင်ရိုင်းသွားမှာပေါ့။ လရောင်သည် ဂျူလိုင်ပွင့်အတွက်ပဲ ဖြစ်ရမည်။

ဒီစက်ရုံကနေ ပြန်တာနဲ့ ကိုကိုလရောင်ရဲ့မာမီဆီဝင်ပြီး ဒီကိစ္စကို ပြောကိုပြောရမည်။ ပြီးတော့ လရောင်နဲ့ သူနဲ့ ကိစ္စကိုလည်း အမြန်ဆုံးစီစဉ်နိုင်းရမည်။

လရောင်က မိဘစကားကို နားထောင်တဲ့သားလိမ္မာဆိုတော့ မဖြစ်မနေ လရောင် ခေါင်းညိတ်ရမှာပဲလေ။

ဟင်း ... ဟင်း ... ဂျူလိုင်ပွင့်အကြောင်း ကောင်းကောင်းသိစေရမှာပေါ့ ကိုကိုလရောင်ရယ်။

အခုတော့ မျက်မြင်သက်သေရှိပါတယ်ဆိုတာ သက်သေပြရအောင် လူလုံးတော့ ထွက်ပြရဦးမှာပေါ့လေ။

"ဟင်း ... ဟင်း ... ကိုကိုလရောင် ... ကိုကိုလရောင် ... အလုပ်ကိစ္စ အရေးကြီးတယ်ဆိုတာ ဒါကို ပြောတာလား မသိဘူး ... ဟင်း ... ဟင်း"

မခိုးမခန့်ရယ်သံနှင့်အတူ ရုတ်တရက်ထွက်ပေါ်လာသော ဂျူလိုင်ပွင့်ကို တွေ့လိုက်ရသဖြင့် လရောင်နှင့်ခင်လေးမူတို့နှစ်ဦး လန့်ဖျပ်သွားသည်။

"ဟင် ... ဂျူလိုင်ပွင့်"





"ဟုတ်ပါတယ်ရှင့် ... ဂျူလိုင်ပွင့်ပါရှင် ... တို့ကိုကိုလရောင်တစ်ယောက် အရေးတကြီးကိစ္စတွေ ရှိနေတယ်ဆိုလို့ ပင်ပန်းနေမှာစိုးလို့ စိတ်ပူပြီး လိုက်လာခဲ့တာပါ၊ ကိုယ့်ရဲ့ Secretary လေးကို ချော့ရတာလည်း တော်တော်ပင်ပန်းမှာပဲနော် ... ကျွတ် ... ကျွတ်"

လရောင်နှင့်ခင်လေးမူမှာ သူတို့ရှေ့၌ တတွတ်တွတ်ပြောနေသော ဂျူလိုင်ပွင့်ကို မျက်လုံးအပြူးသားနှင့်သာ ကြည့်နေကြပြီး ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေကြသည်။

ခင်လေးမူမှာလည်း ရှက်တာတွေရော၊ မျက်နှာပူတာတွေရောကြောင့် တုန်တုန်ရီရီ ဖြစ်နေရသည်။

"ဒီမှာ ... မင်းကိုလည်း ပြောထားရဦးမယ်၊ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေရတယ်၊ အနူလက်နဲ့ ရွှေခွက်နှိုက်ချင်လို့မရဘူးဆိုတာ ... သိတယ်မဟုတ်လား၊ ဒီတော့ မင်း ကိုယ့်အကြောင်းကိုယ်သိရင်, ကိုယ့်အပြစ်ကိုယ်သိရင် မနက်ဖြန်က စပြီး အလုပ်ထွက်စာတင်ပြီး မင်းသွားတော့၊ မင်းကို ရင်းနှီးစားသောက်လို့ရအောင် လစာ တစ်နှစ်စာပေးလိုက်မယ် ... ကြားလား"

"ဟာ ... ဂျူလိုင်ပွင့် ဘာတွေလျှောက်ပြောနေတာလဲ၊

မင်း တော်တော့နော်၊ ငါနဲ့ပတ်သက်တဲ့ကိစ္စတွေကို မင်း ဘာမှ ဝင်စွက်ဖက်စရာမလိုဘူး၊ ပြီးတော့ မင်းနဲ့ငါနဲ့လည်း ဘာမှပတ်သက်တာမဟုတ်ဘူး ... မင်းပြန်တော့''

''ဂျူလိုင့်ကို နှင်စရာမလိုဘူး ကိုကိုလရောင်၊ အင်း ... ကိုကိုလရောင်နဲ့ ဂျူလိုင်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ဘယ်လိုပုံစံမျိုး ပတ်သက်ရလိမ့်မယ်ဆိုတာ အိမ်ရောက်ရင် သိရပါလိမ့်မယ် ... ဟင်း ... ဟင်း''

သူပြောချင်ရာပြောပြီး ခင်လေးမူကို အခိုးထွက်မတတ် မျက်လုံးများနှင့် စိုက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားသော ဂျူလိုင်ပွင့်ကိုကြည့်နေရင်း ခင်လေးမူတစ်ယောက် အားအင်ကုန်ခန်းသွားသလိုဖြစ်ကာ ခွေခနဲ ကျသွားတော့သည်။

''ဟာ ... မူ ... မူ ... သတိထားလေ ... မူ ... ဒုက္ခပါပဲ''

လရောင်က စိုးရိမ်တကြီးဖြင့် ခင်လေးမူကို ထွေးပွေ့ထားလိုက်သည်။ ခင်လေးမူက လရောင်ရဲ့ရင်ခွင်ကျယ်ကြီးထဲတွင် ခိုဝင်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်သည်။

''ကို ... ကိုရယ် ... မူလေ ဘာပြောရမှန်း ဘာလုပ်ရမှန်း မသိအောင်ပါပဲ ... ဟင့် ... ဟင့် ... မူ ... မူ အရမ်းခံစားနေရတယ် ... သိလား ... မူ ဘာလုပ်ရမလဲဟင်''





လရောင်က ခင်လေးမူရဲ့မျက်နှာကို သနားကြင်နာစွာဖြင့် ငုံ့ကြည့်လိုက်ရင်း မေးဖျားလေးကိုကိုင်ကာ ပြောလိုက်သည်။

''မူ ဘာမှလုပ်စရာမလိုပါဘူးကွယ်၊ မူ ... ကိုယ့်ကို ယုံတယ်မဟုတ်လား''

''ယုံပါတယ် ကိုရယ်''

''ချစ်ရော ချစ်လား''

''ချစ်တာပေါ့''

''ဟုတ်ပြီ ... ဒါဆိုရင်ရပြီ ... မူ ဘာမှလုပ်စရာမလိုဘူး၊ ကိုယ့်ဘာသာ စီစဉ်မယ်၊ မူ စိတ်အေးအေးထားနော်''

လရောင်က ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်ပြီး မူ့ကို လက်တွဲခေါ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်ရောက်တော့ မူ့ကို စားပွဲတွင်ထိုင်စေပြီး သူကတော့ လုပ်စရာရှိသည်များကို သွက်သွက်လက်လက်ဖြင့် လှုပ်ရှားလိုက်သည်။ မူကတော့ ရွှေအ,ကို သေသေချာချာစကားတွေ ပြောနေလိုက်၊ ဖုန်းတွေဆက်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသော လရောင်ကိုကြည့်ကာ စိတ်ထဲမှာ နွမ်းနယ်နေမိသည်။

လရောင်အပေါ်ကို နှစ်နှစ်ကာကာချစ်ခဲ့မိသောကြောင့်လည်း လရောင်နှင့်ခွဲရမည်ကို ကြောက်ရွံ့နေမိသည်။

မနေ့ကတည်းက အခုအချိန်ထိ တောက်လျှောက် စိတ်မကောင်းခြင်းများစွာကို ခံစားနေရသောကြောင့်လည်း လူက မလှုပ်ချင်မကိုင်ချင်နှင့် စိတ်နှင့်ကိုယ် မကပ်ဘဲ ဖြစ်နေသည်။

"ကဲ ... မူ ... ကားပေါ်တက် ... သွားရအောင်"

"ဟုတ်ကဲ့"

လရောင်က မူ့ကို ကားတံခါးဖွင့်ပေးသဖြင့် မူ ဝင်ထိုင်လိုက်သည်။ လရောင်ဘက်က ကားတံခါးကို လာဖွင့်ပေးသော ရွှေအ,ကို လရောင်က ထပ်မှာနေသည်။

"ကိုရွှေအ, ... ကျွန်တော် စိတ်ချမယ်နော်"

"အဲ ... အဲ"

ရွှေအ,က ဝမ်းသာအားရမျက်နှာနှင့် ခေါင်းညိတ်ပြီး လရောင်ကို လက်မ,ထောင်ပြလိုက်သည်။ ရွှေအ,ကိုကြည့်ပြီး ခင်လေးမူ မျက်မှောင်ကြုတ်လိုက်မိသည်။

သူများတွေက ဒီလောက်စိတ်ရှုပ်နေရတဲ့အထဲ ရွှေအ,က ဘာတွေများ အူမြူးနေလဲ,မသိ။ မျက်နှာပေါ်မှာ ပျော်ရွှင်မှုတွေက အတိုင်းသား။ အင်း ... ကိုယ်တစ်ယောက် ရွှေအ,ကို မုန့်ဖိုးတွေ,ဘာတွေ ပေးလိုက်လို့များလား မသိဘူး။ အို ... တော်ပြီ သူတို့ဆရာတပည့်နှစ်ယောက် ဘာဖြစ်ဖြစ် မူကတော့ စိတ်ရှုပ်ပြီး ကားထိုင်ခုံကို နောက်လှန်ကာ မျက်စိမှိတ်ထားလိုက်သည်။





ခဏကြာတော့ လရောင်ကားစက်နှိုးပြီး ကားမောင်းထွက်လာခဲ့သည်။ လရောင်ဖွင့်ထားသော ကားထဲမှ သီချင်းသံ တိုးတိုးလေးက ခင်လေးမူနားထဲကို ဖြည်းဖြည်းလေး တိုးဝင်လာသည်။

သီချင်းနာမည်က 'ကမ္ဘာ့အပြင်ဘက်' တဲ့။ ဖြစ်နိုင်လျှင် အဲဒီသီချင်းထဲကအတိုင်း သူနှင့်လရောင်တို့နှစ်ယောက် ကမ္ဘာ့အပြင်ဘက်ဆီသို့ အေးအေးချမ်းချမ်းသွားချင်ပါသည်။

သီချင်းလေးကို နားထောင်ရင်း မနေ့ညကတည်းက တစ်မှေးမှ မအိပ်ခဲ့ရသေးသောကြောင့် တစ်ကြောင်း၊ လူပင်ပန်း, စိတ်ပင်ပန်းမှုများကြောင့်တစ်ကြောင်း ခင်လေးမူ မှေးခနဲ အိပ်ပျော်သွားသည်။

"မူ ... ရောက်ပြီကွ ... ထ ... ထ"

"အင်း"

ခင်လေးမူတစ်ယောက် သူ့လက်မောင်းကိုကိုင်ပြီး နှိုးလိုက်တော့ လရောင်ရဲ့အဲသံကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။

ဟုတ်ပါရဲ့ ... စိတ်မောလူမောနှင့် ခင်လေးမူတစ်ယောက် တော်တော်ကြာအောင် အိပ်ပျော်သွားမိသည်ထင်သည်။

အခုမှပဲ ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။

ဟင် ... မူ့အိမ်လည်း မဟုတ်ပါလား။

ကားက ခြံကျယ်ကျယ်နှင့် လှပစွာ ဆောက်ထားသော တစ်ထပ်တိုက်ပုလေးရှေ့မှာ ရပ်ထားသည်။

"ကို ... မူတို့ ဘယ်ရောက်နေတာလဲဟင်"

ခင်လေးမူက သူ့ကို လရောင်အိမ်ပြန်ပို့ပေးသည့်အထင်နှင့် မျက်စိမှိတ်ကာ လိုက်လာခြင်းဖြစ်သည်။

"ကိုယ့်သူငယ်ချင်းတစ်ယောက်အိမ်လေ ... လာ ... ဆင်းဦး ... ပြီးမှ ကိုယ်ရှင်းပြမယ်"

ခင်လေးမူ ကားပေါ်မှဆင်းတော့ အိမ်ထဲမှ အသားဖြူဖြူဝဝနှင့် သဘောကောင်းမည့်ပုံပေါက်သော လူတစ်ယောက် ထွက်လာသည်။

"ဟေး ... လာကွ လရောင်၊ ငါ့ကောင်ကြီး မတွေ့ရတာ တော်တော်တောင်ကြာသွားပြီကွ ... နော်"

ထိုလူက လရောင်ကို ဖက်လှဲတကင်း နှုတ်ဆက်လိုက်ပြီး မူ့ဘက်ကိုလှည့်ကာ ပြုံးပြလိုက်သည်။

"ကိုအောင်ကြီး ... ဒါ ကျွန်တော့်ချစ်သူလေ ... ခင်လေးမူတဲ့၊ ဘယ်လိုလဲ ... ကျွန်တော်နဲ့ လိုက်ရဲ့လား"

"လိုက်ပ့ါဗျာ ... လိုက်ပါ့၊ တကယ့်ကို နေနဲ့လ,ရွှေနဲ့မြပါပဲ၊ ငါ့ကောင်ကြီးရဲ့ရင်ကို ထိသွားအောင် လုပ်နိုင်တဲ့သူဆိုမှတော့ ကြိုတင်ပြီးမှန်းဆထားပြီးသားပါကွာ"





အာပေါင်အာရင်းသန်သန်နှင့် ဝမ်းသာအားရပြောဆိုနေသော ကိုအောင်ကြီးကို မူက ရှက်ပြုံးလေးနှင့် တုံ့ပြန်ပြုံးပြလိုက်သည်။

"လာ ... လာ ... အထဲဝင်ကြ၊ မင်းမှာထားတာတွေလည်း ငါ အားလုံးလုပ်ထားပြီးပြီ၊ ထမင်းစားခန်းထဲမှာ စားစရာတွေ အဆင်သင့်ပဲ"

"ကျေးဇူးပဲ ကိုအောင်ကြီးရာ"

"ဟ ... မင်းနဲ့ငါက ပြောစရာလူတွေလားကွ ... မင်းကလဲ"

"ဟုတ်ပါပြီဗျာ ... ဒါဆိုလည်း မပြောတော့ပါဘူး"

"လာ ... မူ ... ထမင်းသွားစားရအောင်၊ မူလည်း ဆာရောပေ့ါ၊ ကိုယ်ကတော့ ကားတောက်လျှောက်မောင်းလာရလို့လား မသိဘူး ... ဗိုက်တော်တော်ဆာနေပြီ"

ခင်လေးမူက အခုအချိန်အထိ အူကြောင်ကြောင်နှင့် လရောင်လုပ်သမျှကို နားမလည်စွာဖြင့် လိုက်ကြည့်နေသည်။

"လာ ... မူ ... ထိုင် ... စားရအောင်၊ ထမင်းကလည်း ပူပူနွေးနွေးပါလား၊ ဟား ... ဟင်းတွေကလည်း စုံလို့၊ ဒါကြောင့် ကိုအောင်ကြီးက အားကိုးရတာ ... မူ စား"

လရောင်က ပြောလည်းပြော၊ ခင်လေးမူကိုလည်း ထည့်

ပေးရင်း သူကိုယ်တိုင်ကလည်း အားရပါးရစားနေသည်။ လရောင်ကိုကြည့်ရသည်မှာ ပျော်ရွှင်တက်ကြွနေသလိုပင်။

ခင်လေးမူလည်း ဆာဆာနှင့် တော်တော်လေး စားလိုက်သည်။

ဟင်းတွေက ဆိုင်ကဝယ်လာသောဟင်းများဖြစ်ပေမယ့် ဟင်းချက်အစပ်အဟပ်ကောင်းသဖြင့် စား၍ကောင်းလှသည်။

သူတို့ထမင်းစားနေစဉ်တွင် အိမ်ရှင်ကိုအောင်ကြီးက ဝင်ရောက်စားသောက်ခြင်းမရှိသလို ထမင်းစားပြီးတော့လည်း အသံလည်း ပျောက်၊ လူလည်းပျောက်ဖြစ်နေသဖြင့် ခင်လေးမူ အံ့သြနေမိသည်။

"ကို ... ဒါနဲ့ ကို့သူငယ်ချင်းရော မတွေ့ပါလား"

"ဘယ်တွေ့တော့မလဲ မူရဲ့၊ သူက တခြားကို ရှောင်သွားပြီလေ"

"ဟင် ... ဘယ်လို ... ဘယ်လို"

လရောင်၏စကားကို ခင်လေးမူက နားမလည်၍ နောက်တစ်ခေါက်ထပ်မေးလိုက်သည်။

"ဟုတ်တယ်လေ မူရဲ့၊ မူ့ကို, ကိုယ်က ခိုးပြေးလာပါတယ်ဆိုမှ တခြားသူတွေရှိဖို့ ဘယ်လိုပဲ့မလဲကွ"

"ဟင်"





ခင်လေးမူက လရောင်ရဲ့မျက်နှာကို အလန့်တကြားနှင့် မျက်လုံးပြူး,မျက်ဆံပြူး လှမ်းကာကြည့်လိုက်တော့ လရောင်ရဲ့ ပုံစံက အတည်ပေါက်ပြောနေသည့်ပုံစံပေါက်သည်။

"ကို ... နောက်မနေနဲ့နော်၊ တော်ကြာ ဖေဖေ စိတ်ပူနေလိမ့်မယ် ... ပြန်ကြရအောင်နော်"

"ကိုယ် နောက်နေတာမဟုတ်ဘူးမူ ... ကိုယ် တကယ်ပြောနေတာ၊ ဒီလိုမှမလုပ်ရင် ကိုယ်နဲ့မူ ဝေးကြလိမ့်မယ်၊ အခုလောက်ဆို ဂျူလိုင်ပွင့်က အိမ်မှာ သွားပြောလောက်ပြီ၊ မာမီနဲ့သူနဲ့ပေါင်းပြီး ကိုယ် ကုမ္ပဏီက ပြန်ရောက်တာနဲ့ ကိုယ့်ကိုမလှုပ်နိုင်အောင် အပိုင်ချည်ကြလိမ့်မယ်၊ ဒီတစ်ခါတော့ ဂျူလိုင်ပွင့်က ကိုယ့်ကို အလွတ်ပေးမှာမဟုတ်တော့ဘူး ... သေချာတယ်"

"ဒါ ... ဒါပေမဲ့ ... ဖေဖေက အရမ်းစိတ်ပူနေမှာပေါ့၊ ပြီးတော့ အိမ်မှာက ဖေဖေတစ်ယောက်တည်းရယ်၊ မူ စိတ်မချပါဘူး ကိုရယ်"

တကယ်ကို စိုးရိမ်ထိတ်လန့်ဟန်ပေါက်နေသော ခင်လေးမူကိုကြည့်ပြီး လရောင် သနားသွားမိသည်။

ခင်လေးမူရဲ့လက်လေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး လရောင်က ဖြည်းဖြည်းချင်း ရှင်းပြလိုက်သည်။

"မူရယ် ... သိပ်လည်း စိတ်ပူမနေပါနဲ့၊ အဲဒီကိစ္စတွေအတွက် ကိုယ် အားလုံးစီစဉ်ပြီးပါပြီ ... အခုလောက်ဆို မူ့ရဲ့ဖေဖေ, ကိုယ့်ယောက္ခမကြီးက ကိုယ်တို့အကြောင်း သိနေလောက်ပြီ"

"ဟင် ... ဘယ်လိုသိမှာလဲ"

"ကိုယ်က စက်ရုံက မထွက်ခင်ကတည်းက မူ့ဖေဖေ့ဆီကို စာရေးပြီး ရွှေအ,ကို သွားပေးခိုင်းထားတယ်၊ ကိုယ့်ဘက်က လောလောဆယ် ပြဿနာရှိလို့ မဖြစ်မနေ ဒီလိုလုပ်လိုက်ရတာကို ခွင့်လွှတ်ဖို့အကြောင်းနဲ့ မူ့ကို တစ်သက်လုံးသစ္စာရှိစွာနဲ့ ခင်ပွန်းကောင်းတစ်ယောက်ပီသစွာ ချစ်ခင်စောင့်ရှောက်ပါမယ်ဆိုတဲ့အကြောင်းတွေကို စာရေးပြီး ရွှေအ,ကို သွားပေးခိုင်းလိုက်တယ်၊ ပြီးတော့ ဒီရက်ပိုင်းမှာလည်း ရွှေအ,ကို မူ့ဖေဖေနဲ့အဖော်ရအောင် သွားနေခိုင်းထားတယ်၊ ဒီတော့ နောက်ပိုင်းကိစ္စတွေကို မူ ဘာမှစိတ်မပူနဲ့ ... ဟုတ်လား၊ ယောက္ခမကြီးကအခုလောက်ဆို ကိုယ်တို့နှစ်ယောက်အတွက်တောင် ဆုတောင်းပေးနေဦးမှာ"

"သွား ... ပေါက်ကရတွေ"

ခင်လေးမူက ရှက်ကိုးရှက်ကန်းနှင့် လရောင်ကို မျက်စောင်းလှမ်းထိုးလိုက်သည်။





လရောင်က ခင်လေးမူထိုင်နေသော ဆိုဖာပေါ်သို့ပြောင်းထိုင်လိုက်ပြီး ခင်လေးမူရဲ့ပခုံးလေးကို ညင်သာစွာထွေးပွေ့ထားလိုက်သည်။

"မူရယ် ... ကိုယ်တော့ အရမ်းပျော်တာပဲ ... သိလား၊ မူနဲ့ ဒီလောက်မြန်မြန်ဆန်ဆန် နီးကြရလိမ့်မယ်လို့ မထင်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ ဂျူလိုင်ပွင့်ကြောင့် ဖြစ်ရတာဆိုတော့ သူ့ကိုတောင် ကျေးဇူးတင်ရဦးမယ်နော်"

"အင်း ... ဟုတ်တော့ဟုတ်ပါတယ် ကိုရယ်၊ ဒါပေမဲ့ ... သူ့အပေါ်ကို မူ ကိုယ်ချင်းစာတယ်၊ သနားလည်း သနားတယ်၊ အားလည်း အားနာမိတယ်၊ သူက ကို့ကို တော်တော်ချစ်ခဲ့တယ်မဟုတ်လား"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ ကိုယ်မှ သူ့ကိုမချစ်ခဲ့တာ၊ ကိုယ်ချစ်တာက ဟောဒီက မူတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ, ချစ်နေတာ, ချစ်ဦးမှာလေ ... ယုံတယ်မဟုတ်လား"

"ယုံပါတယ် ကိုရယ် ... ကို့ကို မူ့ရင်ထဲ, အသည်းထဲက စွဲစွဲနစ်နစ်နဲ့ ယုံကြည်ပါတယ်"

လရောင်က သူ့အပေါ် ယုံကြည်စွာဖြင့် ချစ်ခဲ့သော ခင်လေးမူရဲ့ပါးလေးကို မြတ်မြတ်နိုးနိုး နမ်းရှိုက်လိုက်သည်။

"ဒါနဲ့ ကို ... မူတို့ အခုရောက်နေတာ ဘယ်နေရာလဲ ... ဟင်"

"ဟား ... ဟား ... ဟား ... အခုမှ မေးရလား မူရယ် ... သားတွေ,သမီးတွေ, မြေးတွေရမှပဲ မေးပါတော့လား။ ဟား ... ဟား ... သူကဖြင့် တစ်လမ်းလုံးအိပ်လာပြီးတော့ ဘယ့်နှယ့်ဗျာ ... မိန်းမလေးတစ်ယောက် နိုးပြေးပါတယ်၊ ကောင်မလေးက ဘေးက အိပ်ပျော်နေရတယ်လို့ ... မကြုံဖူးပေါင် ... ဟား ... ဟား"

ခင်လေးမူက တဟားဟားနှင့် သဘောကျနေသော လရောင်ကို ရှက်ရှက်နှင့် ဆွဲဆိတ်နေသည်။

"ဟော့ ... ဆိတ်မလေး အားလားလား ... နာတယ်ကွ ... ကိုယ်က ချစ်လို့ စတာပါကွာ၊ မူ အိပ်ပျော်လာတာလည်း တစ်ခုတော့ ကောင်းတာပဲ ... နို့မို့ဆို ကိုယ်ခေါ်ရာနောက်ကို မလိုက်ဘူးဆိုပြီး ဖွတ်ငြင်းနေရင် ဘယ်လိုလုပ်မလဲနော်၊ အိပ်ပျော်နေတာလည်း ကိုယ့်အတွက် ကံကောင်းတာပဲ၊ မူလည်း အားရှိသွားတာပေါ့"

"အာ ... ဘာ အားရှိသွားတာလဲ ... ကိုနော်"

ခင်လေးမူက လရောင်စကားကို အတွေးတစ်မျိုးပေါက်သွားပြီး မျက်နှာနီနီနှင့် လရောင်ကို လိုက်ထုနေသည်။





"ဟာ ... ဟော့ ... ကိုယ်က ရိုးရိုးသားပြောတာနော်၊ မူ့ဘာသာ အတွေးတွေချော်နေရင်တော့ မသိဘူး"

"ကိုရာ ... စကားကောင်းကောင်းပြောပါကွာ၊ မူ သိချင်တာလေးတွေ ရှိလို့ပါ"

"အင်းပါ ... စကားကောင်းကောင်းပြောပါ့မယ်၊ ကိုယ်တို့ အခုရောက်နေတာက ပဲခူးက ကိုယ့်သူငယ်ချင်း ကိုအောင်ကြီးရဲ့ အိမ်၊ စက်ရုံမှာကတည်းက မူ့ကို နိုးပြေးမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ သူ့ဆီကို ဖုန်းဆက်ပြီး အကြောင်းကြားထားလိုက်တာပဲ၊ စားစရာ တစ်ပတ်စာလောက်လည်း မီးဖိုထဲ, ရေခဲသေတ္တာထဲမှာ ဖြည့်ခိုင်းထားတယ်၊ ကိုယ်တို့အတွက် တစ်ပတ်စာ အဝတ်အထည်တွေကိုလည်း သွားဝယ်ပြီး ဖြည့်ခိုင်းထားတယ်"

"ဟယ် ... ဟုတ်လား ... အားနာစရာကြီး"

"အားမနာပါဘူး ... ဒီကောင်ကြီးက ခင်ဖို့ကောင်းတယ်၊ သူ မိန်းမခိုးတုန်းကလည်း ကိုယ်တို့ ကူညီပေးဖူးတယ်၊ ဒီလိုပေါ့ ... တစ်ယောက်တစ်လှည့်လေ၊ ပြီးတော့ ဒယ်ဒီ့ဆီကို လည်း မနက်ဖြန်ကျရင်ပေးဖို့ စာရေးပြီး ရွှေအ,ဆီမှာ ပေးခဲ့တယ်၊ အိမ်ကအခြေအနေတွေကို ထိန်းပေးဖို့နဲ့ အခြေအနေကောင်းရင် ဖုန်းဆက်ဖို့လေ၊ ဒယ်ဒီက အေးဆေးပါ ... ရပါတယ်၊ သူက

နားလည်မှု အများကြီးရှိတယ်လေ၊ မူနဲ့ဆိုရင်လည်း ဒယ်ဒီက သဘောကျမှာပါ၊ သူ့ချွေးမကို တော်ကြောင်း ခဏခဏ ချီးမွမ်းဖူးတယ် ... သိလား''

''ကိုက အားလုံး အကွက်စေ့နေအောင် လုပ်ထားတာပဲ နော်''

''ဒီလိုအကွက်စေ့အောင်လုပ်ထားမှ ခင်ဗျားလေးနဲ့ ကျုပ်နဲ့ အေးအေးဆေးဆေးနေလို့ရမှာပေါ့ဗျ၊ နို့မို့ဆို အနှောင့်အယှက်တွေ အများကြီးနဲ့ ... ချစ်ရတာ ဖိမ်မရှိဘူးဖြစ်နေမှာပေါ့ ... ဟုတ်တယ်မဟုတ်လား''

''သွား ... မသိဘူး''

''မသိတဲ့ကောင်မလေး လာခဲ့၊ သိသွားအောင် သင်ပေးရမယ်''

''အို ... ကိုနော်''

နောက်သုံးရက်လောက်ကြာတော့ လရောင်ဆီကို ဒယ်ဒီဆီမှ ဖုန်းဝင်လာသည်။ ဒယ်ဒီကတော့ ထုံးစံအတိုင်း အေးအေးဆေးဆေး။

''ဟော့ ... သား လရောင် ... အဆင်ပြေကြရဲ့လားဟော့၊ သမီးရော နေကောင်းရဲ့လား''

''ဟုတ်ကဲ့ဒယ်ဒီ၊ အိမ်မှာရော အခြေအနေကောင်းရဲ့လား''

''အေး ... အိမ်မှာကတော့ မေးမနေနဲ့ကွ၊ မင်းမာမီအကြောင်းကို သိရဲ့သားနဲ့ကွာ ... ထုံးစံအတိုင်းပေါ့၊ စိတ်တွေတအားဆိုးနေတယ်၊ ဒါပေမဲ့ ဖြစ်ပြီးသွားတာက ပြီးပြီပဲမို့ မင်းတို့ မနက်ဖြန် ပြန်လာကြတော့ကွာ''

"ဟာ ... မာမီနဲ့ဖြစ်ပါ့မလား ဒယ်ဒီရယ်၊ တော်ကြာ သားတို့နှစ်ယောက်ကို ထပ်ပြီးခွဲနေမှဖြင့် ..."

"မခွဲပါဘူးကွာ ... နည်းနည်းတော့ နားပူခံရမှာပေါ့၊ သမီးကိုသာ နားလည်အောင် ပြောပြထားလိုက် ... ဟုတ်လား"

"မင်းတို့ မလာလို့လည်း မဖြစ်ဘူးကွ၊ အခု ကုမ္ပဏီမှာ ပြဿနာတက်နေတယ်"

"ဟင် ... ဟုတ်လား ... ဘာဖြစ်လို့လဲ ဒယ်ဒီ"

"အေး ... အဲဒီကိစ္စက တွေ့မှပဲ ပြောကြတာပေါ့ကွာ၊ မင်းတို့သာ မနက်ဖြန်ကျရင် အိမ်ကို ပြန်လာကြတော့ ... ဟုတ်လား၊ ဒယ်ဒီလည်း အိမ်မှာ စောင့်နေပေးမယ်"

"ဟုတ်ကဲ့ ဒယ်ဒီ"

လရောင်တို့သားအဖ ဖုန်းပြောနေတာကို စိတ်ပူစွာဖြင့် နားစွင့်နေသော ခင်လေးမူက အမောတကောမေးရှာသည်။

"ကို ... ဘာတဲ့လဲဟင် အဆင်ပြေရဲ့လား"

"ပြေပါတယ် မူရယ်၊ ဒယ်ဒီက မနက်ဖြန်ပြန်လာကြတော့တဲ့၊ ကုမ္ပဏီမှာလည်း ကိစ္စတွေရှိတယ်တဲ့"

"ကို့မာမီကရော ကျေနပ်ရဲ့လားဟင်၊ မူ ... မူ ... ကြောက်တယ် ကိုရယ် ... ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မူရယ် ... ဒယ်ဒီလည်း ရှိနေတာပဲဟာ၊





ပြီးတော့ ကိုယ်တို့က သားသမီးတွေဆိုတော့ အမှားရှိရင် ရှိခိုးတောင်းပန်ရမှာပဲလေ၊ တစ်ခုတော့ရှိတယ် .. မာမီက မာန်မာနကြီးတော့ မူ့အတွက် ကသိကအောက်ဖြစ်နိုင်တယ်၊ မာမီ့အပေါ်ကိုတော့ အတတ်နိုင်ဆုံး သည်းခံပေးပါကွာ၊ တဖြည်းဖြည်းနဲ့ အဆင်ပြေအောင် ကိုယ် ကြည့်ပြီးစီစဉ်ပေးပါ့မယ် ... နော်"

"ရပါတယ် ကိုရယ် ... ကို့မာမီဟာ မူ့မာမီပဲပေါ့၊ မူ့ဘေးနားမှာ ကို အမြဲရှိနေရင် မူ ဘယ်အရာကိုမဆို ရင်ဆိုင်ရဲပါတယ် ကိုရယ်"

"ကျေးဇူးတင်လိုက်တာ မူရယ်၊ စိတ်ချ ... မူ့ဘေးနားမှာ အသက်ထက်ဆုံး ကိုယ် အမြဲတမ်းရှိနေမယ်ဆိုတာ ယုံနော်"

"ယုံပါတယ် ကိုရယ်"

"မာမီက ဒီလိုပဲကွ ... ဟိုအစဉ်အဆက်ကတည်းက ချမ်းသာတဲ့မျိုးရိုးလည်း ဖြစ်ပြန်၊ အခုအချိန်အထိ သူ့ခြေ သူ့လက်ဆိုတော့ မာန်မာနက တအားကြီးတာ၊ ဒီတော့ မာမီ့ရဲ့မာန်မာနတွေ ပျော့ပျောင်းလာအောင် ကိုယ်တို့က မာမီ့အတွက် မြေးတွေ အများကြီးမွေးပေးရမယ်၊ ဒါမှ မာမီတစ်ယောက် သူ့မြေးတွေနဲ့ ချာလပတ်လည်နေပြီး မာန်မာနတက်ဖို့ မေ့နေမှာကွ"

"ဟွန်း ... ပြောပြီ ပေါက်ကရကတော့ ..."

နောက်နေ့ မနက်စာ စားပြီးသည်နှင့် လရောင်တို့

နှစ်ယောက်သား ရန်ကုန်သို့ ပြန်ဆင်းချလာကြသည်။ လရောင်တို့ ခြံဝင်းထဲကို ကားဆိုက်လိုက်သည်နှင့် ခင်လေးမူတစ်ယောက် ခြေဖျားလက်ဖျားတွေအေးပြီး လရောင်၏လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားလိုက်သည်။

"ဟော ... သားနဲ့သမီးနဲ့ လာကြပြီလား ... လာ ... လာ"

ဧည့်ခန်းထဲလှမ်းဝင်လိုက်တော့ လရောင်ရဲ့ဒယ်ဒီက ဝမ်းသာအားရ ဆီးကြိုလိုက်သည်။

ခင်လေးမူ ဧည့်ခန်းထဲကို အကဲခတ်လိုက်တော့ ဆက်တီပေါ်မှာ ထိုင်နေသော အသားဖြူဖြူခန့်ခန့်နှင့် ရွှေတွေ,စိန်တွေ ညွတ်နေအောင် ဝတ်ဆင်ထားသော အမျိုးသမီးခပ်ဝဝ တစ်ယောက်ကို တွေ့လိုက်ရသည်။ ကြမ်းပြင်ပေါ်ခြေတစ်ချောင်းချပြီး ကိုယ်လုံးနှင့်မျက်နှာကို တစ်ခြမ်းလိမ်ကာ ထိုင်နေသော ထိုအန်တီကြီးသည် လရောင်၏မာမီဖြစ်ပေလိမ့်မည်။

သူတို့ကို မျက်နှာချင်းမဆိုင်ချင်ဘူးဆိုသောသဘောမျိုးနှင့် ဘေးတိုက်ထိုင်နေခြင်း ဖြစ်ပေလိမ့်မည်။ စကတည်းက ယဉ်သကိုဆိုသလို ခင်လေးမူတို့ကို ပညာသားပါစွာဖြင့် နှိပ်ကွပ်နေသလိုပင်။

ဆက်တီခုံတွေနားရောက်တော့ လရောင်နှင့်ခင်လေးမူ





က ကြမ်းပြင်ပေါ်မှာထိုင်ပြီး လရောင်ရဲ့ဒယ်ဒီနဲ့မာမီကို ကန်တော့ကြသည်။

"အေး ... ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ပြည့်ပြည့်စုံစုံ ကျန်းကျန်းမာမာ, ချမ်းချမ်းသာသာနဲ့ ဒီလင်ဒီမယား အိုအောင်မင်းအောင်ပေါင်းသင်းနိုင်ကြပါစေကွယ်၊ ဟော့ ... အမေကြီး ... ဒီမှာ ကလေးတွေ ကန်တော့နေတယ်လေ၊ ဆုလေး,ဘာလေးပေးဦးမှပေါ့"

လရောင်ရဲ့ဒယ်ဒီက ဆုပေးရင်း ဘေးမှာ တစောင်းထိုင်နေသော လရောင်ရဲ့မာမီကို လှမ်းပြောလိုက်သည်။ ဒီတော့မှ တစောင်းထိုင်နေရာမှ လှုပ်ရှားလာပြီး ...

"ဆုတော့မပေးနိုင်ဘူး၊ ဒါပေမဲ့ ပြောစရာရှိတာကတော့ ပြောရမှာပဲ၊ ဟော့ ကလေးမ ... ငါ့ကို သေသေချာချာ မော့ကြည့်စမ်း"

အသံနှင့်လူ လိုက်ဖက်လှစွာ ဟန်ကြီးမာန်ကြီးလှသော လရောင်ရဲ့မာမီ၏ဦးတည်ရာက သူ့ထံကို တန်းတန်းမတ်မတ်ဖြစ်နေတာမို့ ခင်လေးမူ အလန့်လန့်အဖျပ်ဖျပ်ဖြင့် ကြောက်လန့်တကြား မော့ကြည့်လိုက်မိသည်။

"ဟော့ ... ဒီမှာ ... ဟင်"

သူ့ကို ထိတ်လန့်တုန်လှုပ်စွာဖြင့် မော့ကြည့်လိုက်သော

ကလေးမလေးကို မြင်တွေ့လိုက်ရချိန်မှာတော့ ...

ဟင် ... ဒီမျက်လုံး ဒီမျက်နှာမျိုးကို ရင်ထဲမှာ စွဲနေအောင် မှတ်မိနေသူမို့ ဒေါ်ခင်လေးကြီးတစ်ယောက် နှလုံးခုန်ရပ်မတတ်ဖြစ်သွားကာ လူကလည်း မိုက်ခနဲဖြစ်ကာ လဲကျသွားလေသည်။

"ဟင် ... ညည်း .. ညည်း .. ခင် .. လေး .. ငယ်"

"ဟာ ... ဟော့ ... ဘယ်လိုဖြစ်တာလဲ"

"မာမီ ... မာမီ ... ဒုက္ခပါပဲ၊ ဒယ်ဒီ နေဦး ... သားဒေါက်တာ့ကို ဖုန်းလှမ်းဆက်လိုက်ဦးမယ်"

ဒေါ်ခင်လေးကြီးကြောင့် အားလုံးစိုးရိမ်တကြီးနှင့် ပျာပျာသလဲ ရှုပ်ယှက်ခတ်သွားကြသည်။

မိသားစုဆရာဝန် အန်ကယ်လှဦးလည်း အပြေးအလွှားရောက်ချလာပြီး လိုအပ်သည်များကို စမ်းသပ်ကုသပေးသွားသည်။

"ဘယ်လိုဖြစ်သွားရတာတုံး မောင်လရောင်ရယ်၊ သူ့စိတ်ကို ဒီလောက်ဖြစ်သွားရလောက်အောင် ပြဿနာတွေ ရှိနေလို့လား"

"အဲဒီလောက်ကြီးလည်း ပြဿနာမဟုတ်ရပါဘူး အန်ကယ်ရယ် ... ကျွန်တော် မိန်းမယူတဲ့ကိစ္စနဲ့ ပတ်သက်တာပါ"





"ဟော ... မောင်လရောင်က မိန်းမယူတော့မလို့လားကွ၊ အေး ... ဒါပေမဲ့ ဒီကိစ္စကလည်း မောင်ရင့်မာမီ အဲဒီလောက်ဖြစ်စရာမလိုဘူးကွ၊ ဖြစ်မယ်လို့လည်း အန်ကယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ချွေးမကို အနိုင်ယူဦးမှာလေ၊ ဒီအိမ်မှာ သူနိုင်ရမယ့်နောက်တစ်ယောက် တိုးလာပြီဆိုတော့ ပိုတောင်ပျော်နေဦးမှာ ... ဟုတ်တယ်မဟုတ်လား ... ဟား ... ဟား။ အဲ ... အခုဟာက သူ့ကို ထိတ်လန့်စရာ၊ အံ့သြစရာ တစ်ခုခုကြောင့် ဖြစ်ရတာမျိုးကွ၊ နှလုံးခုန်နှုန်းတောင် မမှန်ဘူး"

"စိုးရိမ်ရပါသလား ဒေါက်တာ"

"အခုတော့ မစိုးရိမ်ရတော့ပါဘူး ဦးတိုးတက်ရယ်၊ တော်ကြာ ပြန်သတိရလာမှာပါ၊ ကျွန်တော် ဆေးတစ်လုံးလည်း ထိုးပေးခဲ့ပါတယ်၊ သောက်ဆေးတွေလည်း ပေးခဲ့တယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

မကြာမီ ဒေါ်ခင်လေးကြီး သတိရလာသည်။ သတိရလာသည်နှင့် မျက်လုံးများက တစ်စုံတစ်ယောက်ကို ရှာဖွေနေတော့သည်။ ပါးစပ်ကလည်း ...

"ဟိုကလေးမ ... ဟိုကလေးမရော"

ခင်လေးမှူမှာ သတိရ,ရချင်း သူ့ကို အငမ်းမရတန်းပြီး မေးနေသော လရောင်၏မာမီကိုကြည့်ကာ ကြောက်လန့်လာ၏။

လရောင်၏နောက်နားဆီသို့ မသိမသာတိုးကပ်နေလိုက်သည်။

"မာမီ . . . မာမီ သတိရပြီလား . . . ဒီမှာ အားလုံးရှိတယ်လေ"

"ဟို ကလေးမရော . . . အနားကို ခေါ်လိုက်စမ်းပါဦး"

လရောင်က ထိတ်လန့်ကြောက်ရွံ့နေသော ခင်လေးမူရဲ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ အားပေးလိုက်ပြီး မာမီ့ရှေ့သို့ ပို့ပေးလိုက်သည်။

လရောင်၏မာမီက ခင်လေးမူရဲ့မျက်နှာကို သေသေချာချာစိုက်ကြည့်ပြီး မျက်ရည်များ စီးကျလာသည်။ နှုတ်ဖျားမှလည်း တိုးတိတ်လှုပ်ခါစွာ နာမည်တစ်ခုကို ရေရွတ်နေသံကို ကြားရသည်။

"ခင် . . . လေး . . . ငယ် . . . ခင် . . . လေး . . . ငယ်"

လရောင်ရဲ့မာမီကိုကြည့်ပြီး ခင်လေးမူက ဘာမှနားမလည်နိုင်ပေမယ့် ဦးတိုးတက်နှင့် လရောင်ကတော့ နားလည်လိုက်ပါသည်။ လရောင်လည်း အခုမှ သတိရမိလိုက်သည်။

ခင်လေးမူကို စတွေ့တုန်းက ဒီမျက်နှာမျိုးကို ရင်းရင်းနှီးနှီးမြင်ဖူးပါသည်ဟု ထင်ခဲ့မိဖူးသည်။ စဉ်းစား၍မရတာနှင့် နောက်ပိုင်း မစဉ်းစားမိတော့။





အခု မာမီ့နှုတ်ဖျားမှ တတွတ်တွတ်ရွတ်ဆိုနေသောအသံကို ကြားတော့မှ မျက်စိထဲတွင် ဧည့်ခန်းထဲ၌ အလှချိတ်ထားသော မာမီနှင့်မာမီ့ညီမနှစ်ယောက် တွဲရိုက်ထားသော ဓာတ်ပုံကို မြင်ယောင်မိသည်။ ဟုတ်သားပဲ . . . ဓာတ်ပုံထဲက မာမီ့ညီမပုံနဲ့ မူနဲ့က တစ်ပုံစံတည်း ချွတ်စွတ်။ ဒါကြောင့် လရောင်စိတ်ထဲမှာ မြင်ဖူးပါတယ်လို့ ထင်နေတာကိုး။

"ဒီနားကို ခဏလောက်လာစမ်းပါဦး"

လရောင် မာမီက လှမ်းခေါ်လိုက်သဖြင့် ခင်လေးမူ ကြောက်ကြောက်နှင့် အနားတိုးကပ်သွားလိုက်သည်။ အနားရောက်လာသော ခင်လေးမူကို လရောင်၏မာမီက ဝမ်းသာအားရ လှမ်းဖက်ထားလိုက်သည်။

ပြီးတော့ ရှိုက်ကြီးတငင်ငိုကာ ပါးစပ်မှလည်း ဗလုံးဗထွေးနှင့် ပြောဆိုနေသည်များကို ခင်လေးမူ နားမလည်နိုင်စွာဖြင့် အူကြောင်ကြောင်ဖြစ်နေသည်။

"ခင်လေးငယ် . . . ခင်လေးငယ် . . . ညည်း တကယ်ပြန်လာပြီနော်၊ ငါထင်တယ် . . . ညည်းပြန်ကို ပြန်လာလိမ့်မယ်လို့၊ ငါ အရမ်းဝမ်းသာတာပဲ . . . သိလား"

"အေး . . . ဟေး . . . ဟေး ဒါကြောင့် ငါလည်း ညည်းကို အင်တာဗျူးလုပ်ကတည်းက စိတ်ထဲမှာ ရင်းရင်းနှီးနှီးရှိပါ

တယ်လို့ ထင်နေတာကိုး၊ အခုမှပဲ အဖြေက ရှင်းတော့တယ်ကွာ၊ ဟား ... ဟား ... ဒီနေ့တော့ တို့မိသားစုအတွက် မင်္ဂလာနေ့ပဲဟေ့''

လရောင်နှင့်ခင်လေးမူတို့ စိတ်ပူစိုးရိမ်နေသော ဒေါ်ခင်လေးကြီးကိစ္စကတော့ လုံးဝထင်မှတ်မထားလောက်အောင် အဆင်ပြေချောမောသွားတော့သည်။ အဓိက,ကတော့ မူက ဒေါ်ခင်လေးကြီး၏ညီမ ခင်လေးငယ်နှင့်ခွဲမရအောင် တူနေသောကြောင့်ပင်။

ဒေါ်ခင်လေးကြီးတွင် ခင်လေးငယ်ဟူသော ညီမတစ်ယောက်ရှိသည်။ မွေးချင်းညီအစ်မနှစ်ယောက်တည်းရှိ၍ တစ်ယောက်နှင့်တစ်ယောက် အရမ်းချစ်ကြသည်။

ခင်လေးကြီးက သူ့ညီမအပေါ်ကို ပိုချစ် ပိုကြင်နာသည်။ ပိုပြီးချောမောလှပသည်။ နဂိုကတည်းက မာနကြီးပြီး ခက်ထန်သော၊ အဆင့်အတန်းခွဲခြားတတ်သော ခင်လေးကြီးက သူ့ညီမ ခင်လေးငယ်ကို တော်ရုံယောကျာ်းနှင့်သဘောမတူ။

မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖူးဖူးမှုတ်ထားသည်။ ဒီကြားထဲကမှ ခင်လေးငယ်က အိမ်က ဒရိုင်ဘာနှင့် အိုးချင်းထားအိုးချင်းထိပြီး ခိုးရာလိုက်ပြေးသွားလေသည်။

ခင်လေးကြီးတစ်ယောက် ဒေါသူပုန်ထသည်မှာ ပြော





မနေနှင့်တော့။ တွေ့အောင်လိုက်ရှာပြီး မဖြစ်,ဖြစ်အောင် ခွဲပစ်ဖို့ကို တပင်တပန်းကြိုးစားတော့သည်။

မခွဲလို့ရော ရမလား။ ဒီလောက်အဆင့်အတန်းချင်းကွာခြားနေတဲ့ဟာကို မိဘမျိုးရိုးကို ဂုဏ်သိက္ခာတော့ အကျမခံနိုင်။ ရအောင်ခွဲဖို့ ခင်လေးကြီး ကြိုးစားသည်။

ဒါပေမဲ့ ခင်လေးကြီးရဲ့အကြောင်းကိုသိသော ခင်လေးငယ်ကတော့ သူ့အစ်မ လက်လှမ်းမမီနိုင်လောက်သော နေရာမျိုးတွင် အခြေချဇာတ်မြှုပ်နေထိုင်ခဲ့ခြင်းကြောင့် ခင်လေးကြီး ဘယ်လိုမှစုံစမ်း၍ မရနိုင်ခဲ့ဘဲ အခုအချိန်အထိ ရှာမတွေ့ဘဲ အဆက်အသွယ် လုံးဝပြတ်တောက်ခဲ့ရသည်။

တစ်ဦးတည်းသော အချစ်ဆုံးညီမလေးမို့လည်း ခင်လေးကြီးတစ်ယောက်မှာ ဖြေမဆည်နိုင်ဘဲ နေ့စဉ်နေ့တိုင်း သတိရ တမ်းတလျက်ရှိခဲ့သည်။ ယခင်က ညီအစ်မနှစ်ယောက် ရိုက်ထားသော ဓာတ်ပုံများကိုကြည့်ကာ အမြဲပူဆွေးလွမ်းမောနေခဲ့ရသည်။

တစ်ခါတလေတော့လည်း သူ့ကို ဒီလောက်အထိအောင် အဆက်အသွယ်ဖြတ်ထားခဲ့သော ညီမဖြစ်သူကို ဒေါသထွက်မိပေမယ့်လည်း ကိုယ့်ညီမလေးအပေါ်ကိုတော့ သူ့ဘက်က စိမ်းစိမ်းကားကား မပြတ်ရက်ပါ။

ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်ပဲရှိတဲ့အတွက်လည်း ခင်လေးကြီးတစ်ယောက် ခင်လေးငယ်ကို သူ့အနားမှာပဲ အမြဲတမ်း ရှိနေစေချင်သည်။ မပြောကောင်းမဆိုကောင်း ခင်လေးငယ်များ ဒီလောကကြီးထဲမှာ မရှိတော့ပြီလား။

ဒီလိုမျိုးအဖြစ်ကိုလည်း ခင်လေးကြီး လက်မခံနိုင်ပါ။ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ သူ့ဆီကို ခင်လေးငယ်တစ်ယောက် ပြန်ရောက်လာလိမ့်မည်ဟု တစ်ထစ်ချမှတ်ယူထားပြီး သူ့စိတ်ကို အမြဲတမ်းဖြေတွေးနေခဲ့သည်။

အခုတော့ ခင်လေးငယ် အသွေးစားလေးတစ်ယောက်၊ ခင်လေးငယ်ရဲ့ ကိုယ်ပွားလေးတစ်ယောက် သူ့ရှေ့မှောက်သို့ မထင်မှတ်ဘဲ ရောက်ရှိလာပြီ။ ဘာပဲဖြစ်ဖြစ် သူကျေနပ်သည်။ ညီမလေးရဲ့ကိုယ်စား သူချစ်ရမည်။ စောင့်ရှောက်ရမည်။

အခုတော့ သူ့ရှေ့ကို သမီးချွေးမအနေဖြင့် ရောက်ရှိလာသော ခင်လေးမူကို သူ့ဘက်က အစွမ်းကုန် တာဝန်ကျေစေဖို့ ဒေါ်ခင်လေးကြီး ဆုံးဖြတ်ထားလိုက်သည်။

ဂျူလိုင်ပွင့်လာပြောတုန်းကတော့ ဒေါ်ခင်လေးကြီးမှာ ဒေါသတွေထွက်ပြီး ဆွေ့ဆွေ့ခုန်နေခဲ့ရသည်။ သူ့ရဲ့သားလေး လရောင်နဲ့များ မတန်မရာ။ အဆင့်အတန်းချင်းကလည်း တခြားစီ။ သူကတော့ ဂျူလိုင်ပွင့်နဲ့ပဲ သဘောတူသည်။





ဖြစ်ချင်တော့ သူသိသောနေ့မှာပဲ လရောင်က ဒီကောင်မလေးကို ခိုးပြေးသွားသည်ဆိုတော့ ဒေါ်ခင်လေးကြီးရဲ့ ဒေါသများက ထိန်းမရတော့။

ဒါ သားလေးလရောင်ကို အပိုင်ဖမ်းသွားတာ။ အပိုင်ကိုင်သွားတာ။ လောလောဆယ်တော့ လုပ်စမ်းပါစေ။ နောက်မှ သူတို့နှစ်ယောက်ကို တစ်နည်းနည်းနဲ့ ခွဲထုတ်ပစ်ဖို့ကို ဒေါ်ခင်လေးကြီး စဉ်းစားထားသည်။ ဘယ့်နှယ့် . . . ဆွမ်းဆန်ထဲ ကြွက်ချေးရောလို့ ဘယ်ဖြစ်ပါ့မလဲ။ ခင်လေးကြီးတို့ ရာဇဝင်ရိုင်းသွားမှာပေါ့။

ဒီလိုပဲ အပြတ်မောင်းတင်ပြီး စီမံကိန်းတွေ ရေးဆွဲထားသည့် ဒေါ်ခင်လေးကြီးတစ်ယောက် သူ့ချစ်လှစွာသောညီမခင်လေးငယ်နှင့် ခွဲမရအောင်တူသော ခင်လေးမူကို တွေ့မြင်လိုက်ရသည့်အချိန်မှာတော့ သူ့စီမံကိန်းတွေ အကွက်ချထားတာတွေအားလုံး ကြက်ပျောက်ငှက်ပျောက်ဖြစ်ကာ အဝေးသို့လွင့်စဉ်ပျောက်ကွယ်သွားပြီး ခင်လေးမူကို သူ့ညီမငယ်ရဲ့ကိုယ်စား မျက်စိအောက်ကပင် အပျောက်မခံလောက်အောင် ချစ်ခင်တွယ်တာခဲ့သည်။

ဦးတိုးတက်နှင့် လရောင်ပင် ဒေါ်ခင်လေးကြီးကို အံ့သြယူရသည်အထိပင်။

အခုတော့လည်း လရောင်နှင့်ခင်လေးမူတို့ဘဝလေးက သာယာပျော်ရွှင်ဖွယ်ရာများနှင့် ပြည့်လျှံနေတော့သည်။ ခင်လေးမူ၏ဖခင်ကလည်း သမီးလေး၏ရေ့ရေးကို စိတ်ချရပြီဖြစ်သည့်အတွက် သာသနာ့ဘောင်ထဲသို့ ရာသက်ပန်ခိုလှုံသွားပြီဖြစ်သည်။

တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလိုပင် ခင်လေးမူကလည်း လရောင်၏မာမီကို မိခင်ရင်းတစ်ယောက်ပမာ သဘောထားပြီး လေးစားချစ်ခင်စွာဖြင့် သားသမီးဝတ်ကျေပွန်စွာဖြင့် နေထိုင်ဆက်ဆံသကဲ့သို့ ဒေါ်ခင်လေးကြီးကလည်း ခင်လေးမူအပေါ်ကို သမီး ... သမီးနှင့် ပါးစပ်ဖျားက မချတော့။

ဒီတော့လည်း ဦးတိုးတက်နှင့်လရောင်တို့နှစ်ယောက်လုံး စိတ်ချမ်းသာရသည်ပေါ့။

"သား ... လရောင်ရေ မင်းမာမီရဲ့ပြောင်းလဲချက်ကတော့ အံ့မခန်းပါပဲလားကွ ... ဟေ"

"ဟုတ်တယ် ဒယ်ဒီရေ၊ သားတောင် တစ်ခါတလေ မနာလိုဖြစ်ချင်လာပြီ ... ဟား ... ဟား"

"လွှတ်ထားလိုက် ... လွှတ်ထားလိုက် ... ဟား ... ဟား"

လရောင်တို့ကုမ္ပဏီတွင် လရောင်နှင့်ခင်လေးမူတို့ ပဲခူး၌ ခေတ္တနေထိုင်စဉ်အချိန်အတွင်း ပြဿနာတစ်ခုပေါ်လာ၍ ဦးတိုးတက်ကိုယ်တိုင် ဖြေရှင်းလိုက်ရသောကိစ္စတစ်ခုရှိသည်။

ထိုကိစ္စမှာ ဦးတိုးတက်၏ရှယ်ယာဝင်တစ်ယောက်၏တူဖြစ်သူ မောင်သိန်းဇော်ကို အလုပ်မှထုတ်ပစ်လိုက်ခြင်းဖြစ်သည်။

မောင်သိန်းဇော်မှာ လရောင်ထက် ငါးနှစ်၊ခြောက်နှစ်ခန့် အသက်ကြီးမည်။ ရှယ်ယာဝင်တစ်ယောက်၏ တူလည်းဖြစ်၊ မောင်သိန်းဇော်ကိုယ်တိုင်မှာလည်း လုပ်ရည်ကိုင်ရည်ရှိသောလူတော်တစ်ယောက်ဖြစ်သောကြောင့် မန်နေဂျာရာထူးဖြင့် ကုမ္ပဏီတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်နေသူတစ်ယောက်ဖြစ်သည်။

"ဒယ်ဒီ ... အစ်ကိုသိန်းဇော်ကို အလုပ်ဖြုတ်ပစ်လိုက်တယ်ဆို ... ဘာပြဿနာဖြစ်လို့လဲဟင်"

"အေးကွာ ... ဒယ်ဒီလည်း စိတ်မကောင်းပါဘူး သားရား ဒါပေမဲ့ မဖြုတ်မဖြစ်လို့ ဖြုတ်လိုက်ရတာကွ၊ အဲဒီအချိန်မှာလည်း သားတို့က မရှိဘူးလေ"

"ဘာကိစ္စတွေဖြစ်လို့လဲ ဒယ်ဒီ"

"အင်း ... ပြဿနာကတော့ အများကြီးပဲကွ၊ ကုမ္ပဏီအတွက် Site တွေအတွက် အဝယ်စာရင်းတွေ၊ အဝင်စာရင်းတွေ ကစားထားတယ်၊ အဲဒါကလည်း အားလုံးပြန်စစ်လိုက်တော့ သိန်းကို ရာချီနေပြီ၊ ပြီးတော့ အဓိကအဆိုးဆုံးပြဿနာတစ်ခုက ဒယ်ဒီတို့ကုမ္ပဏီနာမည်ကို အများကြီး အလွဲသုံးစားလုပ်ထားတာ တွေ့ရှိတယ်"

"ဟာ ... ဟုတ်လားဒယ်ဒီ၊ အစ်ကိုသိန်းဇော်က ဘာဖြစ်လို့ ဒီလိုလုပ်ရတာဗျာ၊ မိသားစုဝင်တွေလို ဖြစ်နေကြတဲ့ဥစ္စာ"

"အေး ... ဒယ်ဒီကလည်း အဲဒါပြောတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒယ်ဒီတို့ကို ပွင့်ပွင့်လင်းလင်းပြောပေါ့၊ လစာကောင်းကောင်း၊ ရာထူးကောင်းကောင်းနဲ့ အခွင့်အရေးတွေ အများကြီးပေးထားတာပဲ၊ လုပ်လာခဲ့တဲ့နှစ်တွေကလည်း နည်းတာမှမဟုတ်တာ၊ ဒီလိုလုပ်ဖို့ မကောင်းဘူးပေါ့ငလ၊ ဒါတောင် ဒယ်ဒီ့





ကို မိတ်ဆွေတစ်ယောက်က ပြောပြလို့သိရတာ၊ သူ့ကိုစိတ်ချလွန်းလို့ တော်တော်များများ လွှဲထားပေးခဲ့တာကို လုပ်ရက်တယ်ကွာ၊ ဒယ်ဒီ့မှာ စိတ်လည်းဆိုးတယ်၊ စိတ်လည်းမကောင်းဖြစ်ရတယ်"

"အစ်ကိုသိန်းဇော်ကရော ဝန်ခံလား ဒယ်ဒီ"

"အင်း ... သက်သေအထောက်အထားအပြည့်အစုံနဲ့ တိတိကျကျဆိုတော့ သူငြင်းလို့မရဘူးလေ၊ ဒယ်ဒီ့ဘက်ကတော့ ကိုယ့်ဝန်ထမ်းကို မတရားမလုပ်ပါဘူးကွာ၊ သူ့ကို ဟိုတိုင်ဒီတိုင် တရားစွဲတာမျိုးတောင် မလုပ်တော့ဘဲ တစ်နှစ်စာ လစာပေးပြီးတော့ အလုပ်ဖြုတ်ခဲ့တာ"

"အစ်ကိုသိန်းဇော်တော့ တော်တော်ခံစားရနေမလားပဲ"

"မတတ်နိုင်ဘူးလေကွာ၊ ဒယ်ဒီတို့ဘက်ကတော့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့တာပဲ၊ ဒါပေမဲ့ မောင်သိန်းဇော်ကိုကြည့်ရတာ သိပ်ပြီးတော့ ကျေနပ်ပုံတော့မရဘူးကွ"

"ဖြစ်မှဖြစ်ရလေ အစ်ကိုသိန်းဇော်ရာ"

လရောင်က စိတ်မကောင်းခြင်းများစွာဖြင့် ရေရွတ်မိသည်။ ကုမ္ပဏီတွင် နှစ်ပေါင်းများစွာအတူလုပ်ကိုင်လာကြသောကြောင့်လည်း ညီအစ်ကိုတွေလို သံယောဇဉ်ဖြစ်မိသည်။ လူပုံကခန့်ချောချောနှင့် အမြဲတစေပျော်ရွှင်သွက်လက်စွာနေတတ်သော

အစ်ကိုသိန်းဇော်ကို မြင်ယောင်မိကာ နှမြောမိသည်။

"ဆရာ ... ဆရာ"

ရုံးခန်းထဲသို့ တံခါးခေါက်ကာ သုတ်သီးသုတ်ပျာပြေး ဝင်လာသော ထွေးလှကိုကြည့်ကာ လရောင်က မေးလိုက်သည်။

"ဟဲ့ ... ထွေးလှ အရေးတကြီးနဲ့ ဘာဖြစ်လာတာလဲ"

"ဟို ... ဟို ... ကိုရွှေအ,က ဘယ် Site ထဲမှာလဲ ဆရာ"

"ကိုရွှေအ,က သူ့ဆရာမလေးနဲ့ စက်မှုဇုန်ဘက်ကို သွားကြတယ်၊ ဘာဖြစ်လို့လဲ"

"ကို ... ကိုရွှေအ,အမေဆုံးလို့ သူ့အိမ်နားက လာ ပြောလို့ပါဆရာ၊ လုပ်ပါဦး ... ကြီးမှတ် ... ကြီးမှတ်ဆုံးပြီတဲ့ ... အီး ... ဟီး ... ဟီး"

ပြောပြောဆိုဆို ရှိုက်ကြီးတငင်ငိုချနေသော ထွေးလှကို ကြည့်ကာ လရောင်တစ်ယောက် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

ဦးတိုးတက်က ထွေးလှအငိုရပ်သွားသည်အထိ ခေတ္တ စောင့်လိုက်ပြီးမှ ...

"နေစမ်းပါဦး ထွေးလှရဲ့ ... ရွှေအ,ရဲ့အမေက ဘာ ဖြစ်လို့ ဆုံးတာလဲ ... နေမကောင်းလို့လား၊ ရွှေအ,ကရော





မသိဘူးလား၊ ငါတို့ကို သေသေချာချာ ရှင်းပြစမ်းပါဦး"

"ဟင့် ... ဟင့် ... ကြီးမှတ်က မနေ့ညကတည်းက တော်တော်လေး နေမကောင်းဖြစ်နေတာပါ၊ ဒါကြောင့် ဒီနေ့ ဆေးရုံသွားပို့မယ်ဆိုပြီး ရုံးကို ခွင့်လာယူတာပါ"

"ဟင် ... ငါတို့ကို ရွှေအ,က ဘာမှလည်း မပြောပါ လား၊ ဘာမှမပြောလို့ သူ့ဆရာမလေးနဲ့ အရေးတကြီးလုပ်ငန်း ကိစ္စ ဖြတ်စရာရှိလို့ ထည့်လိုက်တာ၊ ဘာဖြစ်လို့ ငါတို့ကို မပြော ရတာလဲ၊ ဒီရွှေအ,တစ်ယောက်ကတော့ကွာ ... တောက်"

လရောင်က စိတ်ထဲ မချိတင်ကဲဖြင့် ပြောမိသည်။ ထွေးလှက ဆက်ရှိုက်ပြီး ...

"ဟင့် ... ဟီး ... လာတုန်းကတော့ ခွင့်ယူဖို့လာတာ ပါ ဆရာလေးရယ်၊ ဒီရောက်တော့ ဆရာမလေးက ကိုရွှေအ,ရေ ဒီနေ့ အရေးကြီးတဲ့ကိစ္စလေးတွေ လုပ်စရာရှိတယ်လို့ဆိုပြီး ပြော လိုက်တော့ သူက ဘာမှမပြောတော့ဘဲနဲ့ ဆရာမလေးနဲ့ လိုက် သွားတာဖြစ်မှာပေါ့ ... အီး ... ဟီး ... ဟီး"

"ဟာ ... အခုဗွာယ်မရှိလိုက်တာ၊ လူနာက ပိုအရေး ကြီးတာပေါ့၊ အလုပ်ကိစ္စက ရွှေအ,,မရှိလည်း နောက်တစ် ယောက်ကို ခေါ်သွားမှာပေါ့၊ ငါတို့တွေက ဒီကိစ္စကို ဘယ်သိပါ့ မလဲ"

"ဆရာလေးကလည်း ...ကိုရွှေအ,အကြောင်းကို သိရဲ့သားနဲ့ ...နဂိုကတည်းက အားနာတတ်ရတဲ့အထဲ ဆရာမလေးကိစ္စဆိုတော့ ပိုဆိုးတာပေါ့၊ သူက ဘယ်ငြင်းပါ့မလဲ"

"အေး ...ဒီလူကလည်း မူ့အတွက်ဆိုရင်တော့ တကယ်ကို ပျာနေတာပဲ"

ထွေးလှကတော့ ရွှေအ,အကြောင်းကို သိထားပြီးပြီမို့ ထူးပြီးတော့ မအံ့သြတော့။ လောလောဆယ် ကြီးမှတ်ကိစ္စကို ဘာလုပ်ရမှန်းမသိ။ ကျော်သိန်းတို့အဖွဲ့ကတော့ သိသိချင်း ခွင့်တောင်းကာ ရွှေအ,တို့အိမ်ကို သွားနှင့်ကြပြီ။

"ကဲ ထွေးလှ ...ဒီလိုလုပ် ...ရှေ့ခန်းက စာရေးကြီး ဦးထွန်းခင်ကိုသွားပြောချေ ...ရွှေအ,အုမေရဲ့ကိစ္စအားလုံးကို အဆင်ပြေအောင်လိုအပ်တာအားလုံး လုပ်ပေးလိုက်ပါလို့ ပြော၊ ငါလည်း ရွှေအ,တို့ဆီကို အကြောင်းကြားလိုက်ဦးမယ်"

"ဟုတ် ...ဟုတ်ကဲ့ဆရာ ...ကျေးဇူးတင်ပါတယ်"

ရွှေအ,အမေ ရက်လည်ပြီးသွားသည့်နှစ်ရက်,သုံးရက် တိုင်အောင် ရွှေအ, အလုပ်မဆင်းသေးသဖြင့် လရောင်နှင့် ခင်လေးမူတို့ ရွှေအ,၏အိမ်သို့ လိုက်သွားကြသည်။

အိမ်ကိုရောက်တော့ ကြီးမှတ်၏အခန်းလေးထဲတွင် တစ်ယောက်တည်း ကျိတ်ငိုနေသော ရွှေအ,ကို စိတ်မကောင်းစွာ တွေ့လိုက်ရသဖြင့် ခင်လေးမူ ရင်ထဲဆို့သွားရသည်။

"ကို ...ကို့ကို မူ တစ်ခုလောက် တောင်းဆိုချင်တယ်၊ ကိုရွှေအ,အမေ သေရတာလည်း ဘာပဲဖြစ်ဖြစ် မူတို့တာဝန်မကင်းဘူးလို့ မူထင်တယ်၊ မူသာ ကိုရွှေအ,ကို အလုပ်အရေးကြီးကြောင်း အရင်မပြောခဲ့ရင် ကိုရွှေအ,လည်း မူနဲ့အလုပ်ထဲကို

လိုက်လာဖြစ်မှာ မဟုတ်ဘူး၊ သူ့အမေကို ဆေးရုံတင်ဖြစ်ပြီး သူ့အမေလည်း အခုလို သေရမှာမဟုတ်ဘူးနော်''

"ကဲ ... ပြောပါဦး ... မူက ဘာဖြစ်ချင်တာလဲ''

"ဒီမှာလည်း ကိုရွှေအ,က တစ်ယောက်တည်းနေရမယ့် အတူတူ မူတို့အိမ်ကို ခေါ်သွားရင်ကောင်းမလားလို့ပါ၊ ညရေး ညတာကျတော့ မူတို့လည်း အဖော်ရတာပေါ့၊ ကိုရွှေအ,လည်း စိတ်ပြေလက်ပျောက်ဖြစ်တာပေါ့''

"အင်း ... ကောင်းသားပဲ၊ ဟိုတလောကတောင် မာမီက ညဖက်စောင့်ဖို့ လူတစ်ယောက်လောက် ငှားရင်ကောင်းမယ်လို့ ပြောနေသေးတယ်၊ ကိုရွှေအ,က ကိုယ့်လူရင်းဆိုတော့ ပိုတောင်ကောင်းသေးတယ်''

ဒီလိုနှင့် ... ရွှေအ,တစ်ယောက် လရောင်တို့ခြံထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဦးတိုးတက်နှင့်လရောင်တို့လင်မယား ကတော့ အထူးအထွေပြောစရာမလိုပေမယ့် ဒေါ်ခင်လေးကြီး ကတော့ သိပ်ပြီးမကျေနပ်ချင်။

"မင်းတို့ကလည်းကွယ် ... ခြံစောင့်ငှားတာကလည်း ဒီလောက်တောင်မှ လူရှားရသလား၊ စကားမပြောတတ်တဲ့ အ,အကိုများ ခေါ်လာရတယ်လို့၊ ကျက်သရေမရှိ, ဘာမရှိနဲ့''

"ဟာ ... မာမီကလည်း တိုးတိုးပြောပါ၊ ကိုရွှေအ,,က





စကားမပြောတတ်ပေမယ့် သစ္စာရှိတဲ့, တာဝန်သိတဲ့လူပါ၊ တခြားလူတွေထက်စာရင် သူ့အတွက်ရော၊ ကိုယ့်အတွက်ပါ အားလုံးအဆင်ပြေပါတယ် မာမီရယ်၊ ပြီးတော့ သူကလည်း မနက်ဆို အလုပ်သွားပြီး ညနေမှပြန်ရောက်မယ့်ဟာ၊ ညပိုင်း လေးပဲဥစ္စာ''

"ဟွန်း ... မင်းတို့သားအဖတွေကိုတော့ ငါ ဘာမှ မပြောချင်တော့ဘူး၊ သူ့ကို နောက်ဘက်က အိမ်လုံးလေးမှာ ထားလိုက်၊ အိမ်မကြီးပေါ်တော့ လုံးဝ အတက်မခံနဲ့နော်၊ အိမ် ကျက်သရေယုတ်လိမ့်မယ်၊ ငါ လုံးဝမကြိုက်ဘူး ... ဒါပဲ''

ဒေါ်ခင်လေးကြီးက ဒီလိုစည်းတွေ,ဘောင်တွေနဲ့ တင်း ကျပ်ထားပြီး မကျေမနပ်နှင့် ရွှေအ,ကို လက်ခံခဲ့လေသည်။ ရွှေအ,က မနက်မိုးလင်း အလုပ်မသွားခင် ခြံထဲရှင်းလင်း၊ ပန်း ပင်တွေ ရေလောင်းပြီးမှ အလုပ်သွားသည်။ ပြန်လာတော့လည်း အလကားမနေဘဲ ခြံထဲမှာ လုပ်စရာရှိသည့်ကိစ္စများ လုပ်ကိုင်ပြီး မှ နားနားနေနေ နေဖြစ်သည်။ ညဖက်ဆိုလည်း တစ်ရေးနိုး တိုင်း ခြံထဲကို လှည့်ပတ်စစ်ဆေးမြဲ။

ရွှေအ,၏လုပ်ပုံ,နေပုံ,ထိုင်ပုံများကို ဒေါ်ခင်လေးကြီးက သဘောကျသော်လည်း နဂိုကတည်းက အဆင့်အတန်းခွဲခြား ကာ ဆက်ဆံတတ်သည့်အထဲ စကားမပြောတတ်သော အ,အ